www.burmeseclassic.com

စိန်တိုး စိစဉ်သည်

# လင်းညိုသွေး

## ရင်ဖွက်တမ်းကဗျာ

BURMESE CLASSIC



ပန်းရှိုးသိ... ဧပြီ
2010

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၃၃၀၇၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၃၇၀၇၁၀

ထုတ်ဝေသူ

ဦးသစ်လွင် (ဂန္ဓဝါမြိုင်စာပေတိုက်)

၁၁၃၊ ရွှေပြည်သာလမ်း၊ သာကေတ။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ

ဦးတင်မင်းလှ (လင်းလက်အိမ်ပုံနှိပ်တိုက်)

(၂/မြန်မာ့ဟိုတယ်နှင့်ခရီးသွားဝင်း)

ထုတ်ဝေခြင်း

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၅၀၀) ကျပ်

၁၉၇. ၈၇

လင်းညို့သွေး

ရင်ဝှက်တမ်းကဗျာ/ လင်းညို့သွေး ။ - ရန်ကုန်

ဂန္ဓဝါမြိုင်စာပေ၊ ၂၀၁၀။

၁၄၅ - စာ ၊ ၁၃ × ၂၁ စင်တီ။


(၁) ရင်ဝှက်တမ်းကဗျာ

www.burmeseclassic.com

www.burmeseclassic.com


# လင်းညို့သွေး

## ရင်ဝှက်တမ်းကဗျာ



တိတ်တခိုးအချစ်ဆိုတာ
ကိုယ့်နှလုံးသားကိုယ် ကြိုးနဲ့တုပ်ပြီး
အပြုံးမရှိဘဲ ရိုက်ပုတ်နေရတာမျိုးပါလား
သူငယ်ချင်းမလေးရယ်...

www.burmeseclassic.com

www.burmeseclassic.com



## လင်းညို့သွေး၏ ထွက်ရှိပြီးစာအုပ်များ

၁။ အသည်းခွဲဖက်ရှင်

၂။ တိမ်တိုက်တို့ရဲ့ အသွင်ကွဲရာသီ

၃။ ကိုယ်တိုင်ရိုက်ချိုးတဲ့ ပဉ္စမံနံရိုး

၄။ ဒဏ်ရာစက်လက် ဒိုင်ယာရီ

၅။ ရွှေမင်းသမီးရဲ့ပျော်တော်ဆက်

(မျက်ခြယ်ဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးပြီး)

၆။ ဂျစ်ပစီ သင်ခန်းစာ

၇။ မာယာကစားပွဲ

(မဟော်ဂနီဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးပြီး)

၈။ ရင်ခုန်သံစီးချင်း

၉။ နတ်သမီးချည်တိုင်

(နယ်သစ်ဦးဗီဒီယိုထုတ်လုပ်ရေးမှ ဇာတ်ကားရိုက်ကူးရန် ဝယ်ယူထား)

၁၀။ အလင်းဖျောက်ကြယ်

(မာန်ထက်ချိုဗီဒီယိုထုတ်လုပ်ရေးမှ ဇာတ်ကားရိုက်ကူးရန် ဝယ်ယူထား)

၁၁။ ရည်းစားရဲ့ရည်းစား

၁၂။ ချစ်သူခိုင်းဖတ်

၁၃။ ရင်ဗွက်တမ်းကဗျာ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမှာ လူသုံးအများဆုံးအရာဟာ ဘာဖြစ်နိုင်မလဲ ... ? ...
အဲဒီလို စဉ်းစားကြည့်ဖူးပါသလား ... ။



www.burmeseclassic.com

www.burmeseclassic.com


ကမ္ဘာမှာ လူသုံးအများဆုံးအရာတစ်ခုဟာ
'အချစ်' လို့ပြောရင်
ဘယ်သူ ငြင်းချင်ပါသလဲ ...။


www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ကျောင်းသူလေးတစ်ယောက် ...

လွယ်အိတ်ကြိုးကလေးကို ပခုံးထက်မှာ တွယ်ချိတ်လျက် ကျောင်းတော်ကြီးရှိရာဆီ သွားနေသည်။

သူမကို မြင်ရသည်မှာ ...

အစွမ်းကုန် ပွင့်လန်းရန် အားယူစိုင်းပြင်းနေသော ပန်းအဖူးငုံလေးပမာ ချစ်စရာကောင်းနေပါသည်။

ထိုစဉ် ...

သူမသွားရာရှေ့တည့်တည့်၌ ကောင်လေးတစ်ယောက်က ဆီးကာ၍ ပိတ်ရပ်၏။

ပြီးသောအခါ ...

"ရွှေသဲဖြူ ... ဒီစာလေးကို ယူသွားပါနော်"

ကောင်လေးက စာအိတ်လှလှလေးကို ထုတ်ပေးသည်။ ကျောင်းသူလေးက မယူဘဲ ကောင်လေးကို တိမ်းရှောင်ကာ သူ့လမ်းသူဆက်လျှောက်၏။

ထိုအခါ ကောင်လေးက ဖွဲမလျှော့ဘဲ ကျောင်းသူလေးနောက်သို့ တရစပ် ဆက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မလုပ်ပါနဲ့ ရွှေသဲဖြူရယ် ... ။ ငါ့ရဲ့မေတ္တာကို လက်ခံပေးပါ"

"မနှောင့်ယှက်နဲ့နော်။ ကျောင်းနေဝး နီးနေပြီ"

"နှောင့်ယှက်တာ မဟုတ်ပါဘူးဟာ။ နင့်ကိုငါ ချစ်လို့ပါ။ ဒီစာထဲမှာ ငါ့ခံစားချက်တွေ ရေးထားတယ်။ ယူသွားနော်"

ကောင်လေးက ကျောင်းသူလေး၏လက်ကိုဆွဲ၍ စာအိတ်ကို အတင်းထိုးထည့်ပေးသည်။ ကျောင်းသူလေးက မယူဘဲ ရုန်းကန်ငြင်းဆန်နေသည်။

အခက်တွေ့စွာဖြင့် သူမ စိတ်ကျဉ်းကျပ်နေပုံရ၏။

အဲဒီအချိန်မှာပဲ ...

"ဒီလောက်တောင် ဖြစ်နေတာ"

"ကဲကွာ"

"ခွပ်"

"ခွပ်"

လက်သီးနှစ်ချက်ထိပြီး စာပေးသူကောင်လေး ယိုင်ထွက်သွားသည်။ အလန့်တကြားကြည့်မိတော့ ...

မြင်လိုက်ရတာက ...

ပုဆိုးတိုတိုစည်းပြီး လွယ်အိတ်ကို စလွယ်သိုင်းလွယ်ထားသည့် ရှုသိုးသိုး မျက်နှာထားနှင့်ကျောင်းသားလေးနှစ်ယောက် ... ။

"ဟယ် ... ဆက်ပိုင်နဲ့ စိုပြေ"

ကျောင်းသူလေး၏ မျက်ဝန်းတောက်တောက်ကလေးတွေ ဝိုင်းစက်သွား၏။ စိုးရိမ်ပူပန်မှုနှင့်အတူ သူမ ပျော်သွားပုံလည်း ရသည်။

ကျောင်းသားလေးနှစ်ယောက်ကတော့ ...

ကျောင်းသူလေးကို ဘာမှမတုံ့ပြန်သေးဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



စာပေးသူ ကောင်လေးကိုသာ ဒေါသတကြီး ထိုးကြိတ်နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားလေးနှစ်ယောက် ...

ခေါင်းလေးငုံ့ကာ လက်ကလေးပိုက်လျက် အတန်းပိုင်ဆရာမ ရှေ့မှာ ရပ်နေပါသည်။

အတန်းပိုင်ဆရာမက ...

"စိုပြေနဲ့ ဆက်ပိုင်မှူး ... မင်းတို့ရဲ့အပြစ်ကို မင်းတို့ သိတယ် မို့လား"

"ဟုတ်ကဲ့"

"သိပါတယ် ဆရာမ"

ကျောင်းသားလေးနှစ်ယောက်က မဝံ့မရဲ ဖြေကြသည်။ အတန်းပိုင်ဆရာမက ကြိမ်လုံးကို ဆွဲယူပြီး ...

"အပြစ်ရှိတယ်ဆိုရင် အပြစ်ဒဏ်ပေးရမှာပေါ့။ ကဲ ...နှစ်ယောက် လုံး စတိတ်ပေါ်တက်"

ကျောင်းသားလေးနှစ်ယောက် စတိတ်ခုံပေါ်တက်ကြ၏။ အတန်းပိုင်ဆရာမက သူတို့ကို ရိုက်ရန်အတွက် လက်ထဲမှကြိမ်လုံးကို ချိန်ဆနေသည်။

အဲဒီအခိုက်မှာပဲ ...

"ခဏနေပါဦး ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူလေးတစ်ဦး အတန်းရှေ့ထွက်လာသည်။ အတန်းပိုင်ဆရာမက ထိုကျောင်းသူကိုကြည့်ပြီး ...

''ဩော် ... ရွှေသဲဖြူပါလား ...။ ဘာလဲ သမီး''

ကျောင်းသူလေးက ယက်ကလေးပိုက်လျက် ...

''စိုပြေနဲ့ဆက်ပိုင် အခုလို ဖြစ်ရတာ သမီးကြောင့်ပါ ဆရာမ။ အဲ့ဒါကြောင့် သူတို့နှစ်ယောက်ကို မရိုက်ဘဲနဲ့ သမီးကိုပဲ ရိုက်ပါ''

''ဟင်''

အတန်းပိုင်ဆရာမ အံ့အားသင့်သွားသည်။ ပြီး ... တွေခနဲ တစ်ချက်စဉ်းစားကာ ...

''အခုက ဒီပြစ်မှုကို ကျူးလွန်တာက သူတို့နှစ်ယောက်လေ သမီးရဲ့။ တစ်ဖက်က ကလေးရဲ့မိဘတွေက ဆရာမကို လာတိုင်သွားကြတာ။ ပြဿနာကို အေးအေးဆေးဆေး ဖြေရှင်းရင် ရပါလျက်နဲ့ လက်ပါခြေပါတွေ လုပ်ပစ်လိုက်တာ။ ဒါကြောင့် ... နောက် ဒါမျိုးမဖြစ်အောင် သူတို့နှစ်ယောက်ကိုတော့ ဆုံးမရလိမ့်မယ်''

ကျောင်းသူလေး ငိုင်သွားသည်။ ပြီးမှ ... အတန်းပိုင်ဆရာမကို မဝံ့မရဲ မော့ကြည့်ပြီး ...

''ဆရာမ ... သူတို့နှစ်ယောက်ကို ဘယ်နှချက်စီရိုက်မှာလဲ ဟင်''

''အဲ ...''

မထင်မှတ်သောမေးခွန်းမို့ ချက်ချင်းပြန်မဖြေနိုင်ဘဲ ဆရာမ ဆွံ့အသွားသည်။ ခဏကြာမှ ...

''ဒီကိစ္စက တစ်ဖက်ကစလို့ ဖြစ်ရတာဆိုတော့ ... သူတို့နှစ်ယောက်ကို ပေါ့ပေါ့လျော့လျော့ အပြစ်ပေးတဲ့အနေနဲ့ တစ်ယောက်သုံးချက်စီပဲ ရိုက်မှာပါ''



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျောင်းသူလေးက တက်တက်ကြွကြွဖြင့် ...

"အဲဒီ ... ဒီလိုလုပ်ပါလားဟင် ဆရာမ"

"ဘယ်လိုလဲ"

"သူတို့နှစ်ယောက်ကို တစ်ချက်စီလျှော့ရိုက်ပြီး ... သမီးကို သူတို့နဲ့ တူသွားအောင် နှစ်ချက်စီပေါင်းရိုက်ပါ ဆရာမ။ ညီတူမျှတူဖြစ်သွားအောင် ... သမီးလည်း သူတို့နဲ့အတူတူ အပြစ်ပေးခံချင်လို့ပါ"

"တင်"

ကျောင်းသူလေး၏ တောင်းဆိုမှုကြောင့် အံ့သြလွန်းသဖြင့် အတန်းပိုင်ဆရာမ ပါးစပ်အဟောင်းသားပင် ဖြစ်သွားသည်။ စာသင်ခန်းအတွင်းရှိ အတန်းသူအတန်းသားများအားလုံးလည်း အံ့အားသင့်သွားကြလေသည်။

ကျောင်းသူလေးကတော့ ခပ်တည်တည်ပင်။ စတိတ်ခုံပေါ်တက်ပြီး ကျောင်းသားလေး နှစ်ယောက်ဘေးမှာ လက်ကလေးပိုက်လျက် မကြောက်မရွံ့ ဝင်ရပ်၏။

ထိုဖြစ်စဉ်ကိုကြည့်ပြီး အတန်းပိုင်ဆရာမမျက်နှာ တဖြည်းဖြည်းပြုံးလာသည်။ ပြီးတော့ ... မပွင့်တပွင့် မှတ်ချက်ချ၏။

"အင်း ... မင်းတို့သုံးယောက်က တကယ်ချစ်ကြတဲ့ သူငယ်ချင်းတွေပဲကိုး"

ထို့နောက်မှာတော့ ...


ဆရာမလက်ထဲမှ ထားဝယ်ကြိမ်ပျော့ပျော့က တင်ပါးသားနုနုလေးသုံးခုပေါ်သို့ ... တရှမ်းရှမ်းဖြင့် ကျရောက်လျက် ... ။



www.burmeseclassic.com

www.burmeseclassic.com






အဲဒီလိုမျိုးပေါ့ ...

ထောင့်တစ်ထောင့် ကျိုးပဲ့သွားရင်ပဲ တြိဂံ မမည်တော့သလို၊ တစ်ယောက် [illegible] ယောက် မရှိရင်ဘဲ မပြည့်စုံတော့တဲ့ပမာ ... သူတို့ဟာ သိပ်ကို တွယ်တာကြပါတယ်။

ဟိုက်စကူးထဲက ညီညွတ်ခဲ့တဲ့ သူတို့သုံးယောက်ဟာ တက္ကသိုလ်ရောက်တဲ့ အထိတိုင် တွဲလက်တွေ ခိုင်ခိုင်မြဲနေဆဲပါပဲ ... ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

တက္ကသိုလ်ရိပ်သာလမ်းရှိ U.F.L (နိုင်ငံခြားဘာသာတက္ကသိုလ်) ကျောင်းမှာ သူတို့သူငယ်ချင်းသုံးယောက် အတူတကွ တက်ရောက် ပညာသင်ကြားခွင့်ရတော့ သုံးယောက်စလုံးပင် ပျော်ရွှင်စွာ ကြည်နူးပီတိဖြစ်ရ၏။

အိမ်နီးနားချင်းလည်းဖြစ်သော သူတို့သုံးယောက်သည် ငယ်ငယ်ကတည်းက သွားအတူ၊ စားအတူ၊ ကစားအတူ၊ စာကျက်လည်း အတူတူ နေလာခဲ့ကြတာ ... ။

ဆယ်တန်းအောင်၍ တက္ကသိုလ်တက်ရန် ပြင်ဆင်တော့လည်း ခွဲမခွာဘဲ ကျောင်းတစ်ကျောင်းထဲ၌သာ အတူတကွ တက်ခွင့်ရရန် တိုင်ပင်ပြီး U.F.L တက်ရန် ရွေးချယ်ခဲ့ခြင်း ဖြစ်၏။

ဝါသနာပါရာ အဆင်ပြေအားသန်ရာကိုယ်စီရွေးချယ်ပြီး ဆက်ပိုင်မှူးက ဂျပန်၊ စိုပြေက ဂျာမန်၊ ရွှေသဲဖြူကတော့ အင်္ဂလိပ် ယူသည်။ မေဂျာ(Major)ကွဲသော်ငြားလည်း သိပ်မကျယ်ဝန်းသော ကျောင်းဝင်းအတွင်းမှာ သူတို့သုံးယောက်ဟာ တတွဲတွဲပါပဲ ... ။

ငယ်စဉ်ကတည်းက သပ်သပ်ရပ်ရပ်နေတတ်သော ဆက်ပိုင်မှူးသည် အနေတည်၍ စမ်တက်ကျသူ တစ်ဦးအဖြစ် မိန်းကလေးတွေကြားမှာ ကျော်ကြားသည်။ ငယ်စဉ်ကတည်းက ဟိုစပ်စပ်ဒီစပ်စပ် ဝါသနာပါကာ



www.burmeseclassic.com

www.burmeseclassic.com



ကပိုကရိုနှင့် ပျော်ပျော်နေတတ်သော စိုပြေသည် ဂျိုကာတစ်ကောင် အဖြစ် ကျောင်းသူကျောင်းသားတွေကြားမှာ ထင်ရှားသည်။

အပျိုဖော်ဝင်စကပင် ပိုင်ဆိုင်ချင်သူတွေ ဝိုင်းဝိုင်းလည်နေသော ရွှေသဲဖြူကတော့ အလှဘုရင်မတစ်ပါးအဖြစ် ယောက်ျားလေးတွေ နှုတ်ဖျားမှာ ရေပန်းစားသည်။

သို့ပါသော်ငြား ...

မဥ္ဇူသကနတ်ပန်းကို ယက္ခနှင့်ဂုမ္ဘာန် စောင့်ကြပ်သကဲ့သို့ ... သူမအနားမှာ အချိန်ပြည့် နီးပါးရှိနေသည့် စိုပြေနှင့် ဆက်ပိုင်မှုကြောင့် ရွှေသဲဖြူကို မည်သူမှ ထိကပါးရိကပါး မလုပ်ရဲကြချေ။

ထို့ကြောင့်ပင် ...

စည်းကမ်းကြီးသော ...၊ စနစ်ကျသော ...၊ အတန်းလစ်သော ကျောင်းသူကျောင်းသားများကို လိုက်ဖမ်းတတ်သော ...၊ ကင်တင်း သုံးခုသာရှိသော ...၊ ကျောင်းထဲဝင်ပြီးလျှင် အတန်းချိန်မပြီးမချင်း အပြင် ပြန်ထွက်၍ မရသော ...

U.F.L ကျောင်းဝင်းအတွင်းတွင် ...

သူတို့သူငယ်ချင်းသုံးယောက်၏ သံယောဇဉ်သတင်းသည် လူ ပြောများသော အကြောင်းအရာတစ်ခု ဖြစ်နေပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအတွင်းရှိ 'ကျား' အိမ်သာတစ်ခုနှင့် 'မ' အိမ်သာတစ်ခုရှေ့၌ ကျောင်းသူကျောင်းသားတွေ စုရုံးစုရုံးဖြစ်နေကြသည်။

အခြားအိမ်သာအလွတ်တွေ ရှိပါလျက် ဒီအိမ်သာနှစ်ခုရှေ့ကျမှ ဘာကြောင့် ဒီလောက် လူတွေများနေရတာလဲ ...။

အကြောင်းရင်းကား ...

ထိုအိမ်သာနှစ်ခု၏ နံရံတွင် ရေးကပ်ထားသော စာတမ်းနှစ်စောင်ကြောင့် ဖြစ်ပါသည်။

'ကျား'အိမ်သာတွင် ရေးကပ်ထားသော စာတမ်းမှာ ...

၁။ မိန်းမတစ်ယောက် တစ်နေ့မှာ 'အီး' ဘယ်နှကြိမ်ပေါက်သလဲဟု စဉ်းစားနေတာနှင့်စာလျှင် ... အိမ်သာတက်သည့်အခါ၌ မိမိ၏ 'ဝမ်း' အနည်းအများနှင့် အရောင်အဆင်းကို အကဲခတ်လေ့လာခြင်းက ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်ပါသည်။

၂။ ခပ်ညှံ့ညှံ့ ဟာသဇာတ်ကားတစ်ကားကို ကြည့်ပြီး အကျသိုလ်များနေရတာနှင့်စာလျှင် ... လိင်ပညာပေးဇာတ်ကားတစ်ကားကို အရသာခံကြည့်ရှုနေတာက မိမိအိမ်ထောင်ပြုသည့်အခါ၌ အိမ်ထောင်ရေးသုခကို အပြည့်အဝ ရရှိစေနိုင်ပါသည်။

၃။ ကိုယ့်ကို ပြန်ကြိုက်မှာမဟုတ်သော မိန်းကလေးတစ်ယောက်ကိုပေးဖို့ ရည်းစားစာထိုင်ရေးနေတာနှင့်စာလျှင် ... အသည်းခွဲဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ် ချရေးလိုက်ပါက မြန်မာပြည်မှာ စျေးကွက်ဝင်ကလောင်တစ်လက်၊ ဖြစ်လာနိုင်ချေရှိပါသည်။

၄။ အမျိုးသမီးများကို လိုက်လံ ဝေးမောပြီး အားမလို အားမရ ဖြစ်နေတာနှင့်စာလျှင် ...

မိမိ၏ခန္ဓာကိုယ် ကြွက်သားများကို လက်နှစ်ဖက်နှင့် အားပါးတရ ဖျစ်ညှစ်ဆုပ်နယ်နေခြင်းက အညောင်းအညာပြေစေနိုင်ပါသည်။

ပုံ– အမည်မသိ ရှေးစာဆို

ထိုစာတမ်းကိုဖတ်ပြီး ယောကျ်ားလေးတွေကတော့ သဘောကျနေကြသည်။ ဟုတ်သလိုလိုပဲ ... ဟုလည်း မှတ်ချက်ပေးကြသည်။

ပေါက်ပေါက်ရှာရှာ တွေးတတ်လေခြင်း ... ဆိုပြီး အချို့ကတော့ ရယ်မောကြ၏။

ပြဿနာက 'မ'အိမ်သာရှေ့မှာ ကပ်ထားသော စာတမ်းဖြစ်၏။

ကြည့်ပါဦး ...
ရေးထားပုံက

သုဒ္ဓါ ထရာဇာသော သုဥ်ဒသာအဆာတရ မုနီမမ ဓေထိ
(မောင်ကြွေးရှင်)

ထိုသို့ ရေးသားထားသဖြင့် ဖတ်မိသူတွေအားလုံး အူကြောင်ကြောင် ဖြစ်ကုန်ကြသည်။ အဓိပ္ပာယ်ကို သိလည်းသိချင်နေကြသည်။

ဒါ ... ဘာဖြစ်နိုင်မလဲ ... ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ... ဘာဖြစ်နိုင်မလဲ ... ။

U.F.L ကျောင်းသူကျောင်းသားများ ပါဠိဆန်ဆန်စာသားကို ဘာသာမပြန်နိုင်ဘဲ ဖြစ်နေကြသည်။ ဆရာ ဆရာမတွေလည်း ခေါင်းစား တုန်ကြသည်။

'ကျား' အိမ်သာမှ စာသား၏ ဆိုလိုရင်းက ရှင်းလင်းသော်လည်း 'မ' အိမ်သာမှ စာသား၏ ဆိုလိုရင်းကိုတော့ သူတို့လည်း မသိကြချေ။

ဆရာ ဆရာမတွေ အချင်းချင်း တိုးတိုးတိတ်တိတ် တိုင်ပင်ပြီး အဖြေရှာကြည့်တော့လည်းမရ။

ဤသို့ဖြင့် ...

ထိုစာနှစ်စောင်ကြောင့် အလုပ်တွေ များနေရလေသည်။

အဲသည်အချိန်မှာပဲ ...

ထိုစာတမ်းနှစ်စောင်ကို ရေးသားချိတ်ဆွဲသူမှာ ဂျာမန်မေဂျာမှ 'စိုပြေ' ဖြစ်သည်ဟု ကျောင်းသားတစ်ယောက်က လာ၍သတင်းပေးသည်။

ထို့ကြောင့် ...

ဆရာ ဆရာမများသည် 'စိုပြေ' အား ကျောင်းရုံးခန်းဆီသို့ ဆင့်ခေါ်လိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com


''ဒီစာနှစ်စောင်ကို မင်းရေးတယ်ဆိုတာ ... ဟုတ်လား ...''

''ဟုတ်ပါတယ်ခင်ဗျ''

ဌာနမှူးက စာနှစ်စောင်ကိုပြပြီး မေးတော့ စိုပြေက ခေါင်းညိတ်၍ အဖြေပေးသည်။ ထိုအခါ ဌာနမှူးက 'ကျား'အိမ်သာရှေ့မှ စာကို ကိုင်ပြီး ...

''ဒီစာကို ဘာသဘောနဲ့ ရေးပြီး မင်း ကပ်ထားတာလဲ''

''ကျွန်တော် တွေးမိတာကို အခြားလူတွေလည်း သိစေချင်လို့ မျှဝေတဲ့ သဘောပါ''

''ဒါဆို ဒီစာကကော ဘာသဘောနဲ့ ရေးထားတာလဲ''

ဌာနမှူးက 'မ'အိမ်သာရှေ့မှ စာအကြောင်းမေးသည်။ ဤတွင် အဖြေကို သိချင်စိတ်ဖြင့် လာနားထောင်ကြသည့် ဆရာ ဆရာမများလည်း စိတ်ဝင်တစား နားစွင့်နေကြ၏။

စိုပြေက 'မ'အိမ်သာရှေ့မှ စာရွက်ကိုကြည့်ပြီး ... တုံ့နှေးနှေး နှင့် ...

''ဒီစာက ... ကျွန်တော် အကြွေးတောင်းတဲ့စာပါခင်ဗျ''

''ဘယ်လို ... အကြွေးတောင်းတဲ့စာ ... ဟုတ်လား ...''

''ဟုတ်ပါတယ် ခင်ဗျ''


www.burmeseclassic.com

www.burmeseclassic.com



စိုးပြေ၏အပြောကြောင့် ဌာနမှူး မျက်မှောင်ကြုတ်သွားသည်။

"မင်းက အကြွေးတောင်းတဲ့စာကို ဘာကြောင့် မိန်းကလေး အိမ်သာရှေ့မှာ သွားကပ်ထားရတာလဲ"

"မိနုက ကျွန်တော့်ကို ရှောင်နေလို့ပါ ဆရာ"

"ဘယ်က မိနုလဲ"

"မိနုဆိုတာ ကျွန်တော့်ကို အကြွေးပေးရမယ့်သူပါ။ သူက သာ ခုတ်ဆီကရတဲ့ ပိုက်ဆံ ကျွန်တော့်ကို မပေးဘူး"

"ဟင် ... ဘယ်က သာခုတ်က ပါလာရတာတုန်း"

"သာခုတ်ဆိုတာ မိနုဆီက တစ်ဆင့် ထမင်းခြောက်တွေ ဝယ် သွားတဲ့ ကောင်လေးပါ ဆရာ"

"တာ ... ထမင်းခြောက်တွေပါ ပါလာပါလား ... "

ဌာနမှူး အကြီးအကျယ် ခေါင်းစားသွားသည်။ နားထောင်နေသူ တွေလည်း ပိုမိုစိတ်ဝင်စားလာကြ၏။

"ခဏ ... ခဏလေး နေပါဦးကွာ ... ။ မင်းရဲ့ကိစ္စကို ငါ နား လည်အောင် လုံးစေ့ပတ်စေ့ ပြောပြစမ်းပါဦး"

ဌာနမှူး၏ တောင်းဆိုမှုကြောင့် စိုးပြေက အကျဉ်းချုံး၍ ဇာတ်စုံ ခင်းပြရန် ပြင်သည်။

"ဒီလိုပါ ဆရာ ... ကျွန်တော့်မိဘတွေက ဝန်ထမ်းတွေပါ"

"ဟင် ... အဲဒါနဲ့ ဒီကိစ္စ ဘာဆိုင်လို့တုန်း"

"တဖြည်းဖြည်း ဆိုင်လာပါလိမ့်မယ် ဆရာ"

"သြော် ... အေး ... အေး ... ဆက်ပြော"

ဌာနမှူး စိတ်ရှည်ရှည်ထားပြီး နားထောင်လိုက်၏။ စိုးပြေက ဆက်ပြောသည်။

"ကျွန်တော်တို့က မိသားစုသုံးဦးထဲရှိတာပါ။ ကျွန်တော့်အမေ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆရာမက ကျောင်းဖွင့်ရက်တွေမှာ မနက်စောစောထပြီး ထမင်းဟင်းချက်လေ့ရှိပါတယ်။ ပြီးတော့ နေ့လယ်စာအတွက် သူကိုယ်တိုင် ထမင်းချိုင့်ယူသလို ရုံးသွားမယ့် အဖေ့ကိုလည်း ထမင်းချိုင့်ထည့်ပေးလိုက်ပါတယ်။ နံနက်စာကို အမေက အိမ်မှာ စားပေမယ့် ... အဖေနဲ့ကျွန်တော်ကတော့ တစ်ခါတလေ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာပဲ ပြီးသွားကြတယ်။ အဲ့ဒါကြောင့် ... အဖေနဲ့ ကျွန်တော် နံနက်စာမစားတဲ့နေ့ဆို အိမ်မှာ ထမင်းတွေ အများကြီး ပိုနေတတ်ပါတယ်''

''ဪ ... အေး ... အေး ...''

''ကျွန်တော့်အမေ ကျောင်းဆရာမက ကျန်းမာရေးအတွက် မကောင်းဘူးဆိုပြီး ထမင်းအကျန်တွေကို မစားခိုင်းပါဘူး။ အလဟဿလည်း မဖြစ်ရအောင်ဆိုပြီး ညမနက်ကျန်တဲ့ ထမင်းတွေကို အခြောက်လှန်းထားလေ့ရှိပါတယ်။ ထမင်းတွေခြောက်သွားတဲ့အခါ အိုးကင်းပူပေါ်တင်လှော်၊ ဆီစိမ်းစမ်း ဆားဖြူးပြီး ကျွန်တော်တို့ကို ကျွေးပါတယ်။ အဲဒီ ထမင်းခြောက်လှော်က စားလို့ကောင်းတယ် ဆရာရဲ့''

''ဪ ... အေး ... အေး ...''

''တစ်နေ့ ... ကျွန်တော်က ကင်တင်းမှာ သူငယ်ချင်းတွေနဲ့ ထိုင်နေတုန်း ထမင်းခြောက်လှော်က စားကောင်းကြောင်း ပြောလိုက်မိတယ်။ အဲ့ဒါကိုကြားပြီး တရုတ်တန်းက နုနုလွင်က သူတစ်ခါမှ ထမင်းခြောက်လှော် မစားဖူးကြောင်း၊ သူလည်း စားကြည့်ချင်ကြောင်း ကျွန်တော့်ကို ပြောပါတယ်။ အဲ့ဒါနဲ့ ကျွန်တော်လည်း သူစားဖူးအောင် အိမ်က ထမင်းခြောက်လှော် နည်းနည်းယူလာပြီး ပေးလိုက်ပါတယ်''

''ဪ ... အေး ... အေး ... ဒါနဲ့ သာခုတ်ကကော''

''သာခုတ်က ကျောင်းရှေ့မှာ ဘယာကြော်ရောင်းတဲ့ကုလား လေးပါ ဆရာ။ သူက ကျောင်းရှေ့က ကုက္ကိုပင်အောက်မှာ နုနုလွင် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လော့် စားနေတာတွေ့တော့ တောင်းစားတယ် ... တဲ့။ အဲဒီမှာ ကြိုက်သွားပြီး သူ့ကို ဒါမျိုး ရောင်းပါလို့ နုနုလွင်ကို ပြောတယ် ... တဲ့''

''ခြေဘ်''

''အဲ့ဒါနဲ့ နုနုလွင်က ကျွန်တော့်ကို လာပြောတာ။ ကျွန်တော် လည်း သနားသဖြင့် ကုလားလေး ဗမာစာစားဖူးပါစေဆိုပြီး ... အိမ်ကနေ ထမင်းခြောက်လော့်တွေ အကုန်လုံး ထည့်ယူလာခဲ့လိုက်တယ်။ အဲ့ဒါကို နုနုလွင်က တစ်ဆင့် သာခုတ်ကို ရောင်းပေးတာ''

''ခြေဘ် ... အေး ... အေး ...''

''နုနုလွင်က အဲဒီထမင်းခြောက်လော့်ဖိုးပိုက်ဆံ ကျွန်တော့်ကို လာမပေးဘူး ဆရာ။ သာခုတ်ကို မေးကြည့်တော့လည်း နုနုလွင်ကို ငွေ တစ်ထောင်ပေးလိုက်ပြီလို့ ပြောတယ်။ နုနုလွင်နဲ့ ကျွန်တော်က မေ့ဂျာ မတွေ့ဘူး။ သူ့အတန်းကိုသွားတောင်းရင်လည်း သူ့ရှက်မှာစိုးလို့ ...။ အဲ့ဒါ ကြောင့် တခြားလူတွေလည်း မရိပ်မိဘဲ သူလည်းသိအောင် အရိပ်အခြေ ကြည့်ပြီး ... သူတက်နေကျ အိမ်သာရှေ့မှာ စာသွားကပ်ထားတာပါ''

''ခြေဘ်''

''ပိုက်ဆံတစ်ထောင်ကို ကျွန်တော် ကပ်တာ မဟုတ်ပါဘူး ဆရာ ရယ် ...။ မိန ကျောတာကို မခံချင်လို့ပါ''

စိုပြေ၏စကားဆုံးတော့ ဌာနမှူး ဇာတ်ရည်လည်သွားသည်။ သို့သော် အဓိကကျသော အချက်ကို မရှင်းလင်းသဖြင့် ...

''ဒါနဲ့ ... ဒီစာမှာ ရေးထားတဲ့ 'သုဒ္ဓါ ထရာဇာသော သုဥ် ဒဿအဆာတရ မုနိမမ ဒေဟိ' ဆိုတာ ဘာလဲကွ''

''ဒီလိုပါ ဆရာ''

စိုပြေက 'မ'အိမ်သာရှေ့မှစာရွက်ကိုရှေ့ချပြီး သေချာရှင်းပြ သည်။



www.burmeseclassic.com

www.burmeseclassic.com



"သုဒ္ဓါဆိုတာက ... သာစုတ်ကို ပြောတာပါ"

"ဟာင်"

"ထ ... ဆိုတာက 'ထ'ပါပဲ။ ရာဇာဆိုတာကတော့ 'မင်း' ပေါ့။ သောဆိုတာက 'ခြောက်' ဆိုတော့ ... ထရာဇာသောဆိုတာ 'ထမင်းခြောက်'ကို ပြောတာပါ ဆရာ"

"ဩြော်"

ဒွာနမှူးပင် ပညာပြန်ယူရမလို ဖြစ်သွားသည်။

"သုဥ္ဒသသဆိုတာကတော့ ကိုးကြောင်းအခေါ် ငွေတစ်ဆယ်ကို ပြောတာပါ။ အဆာတရဆိုတာက အဆတစ်ရာ။ ငွေတစ်ဆယ်ရဲ့အဆ တစ်ရာဆိုတော့ ငွေတစ်ထောင်ပေါ့ ဆရာရယ်"

"အင်း ... အင်း ... ဆက်ပြောစမ်းပါဦး"

"မုနိဆိုတာက 'မိန'။ မမဆိုတာက 'ဝါ့အား'။ ဒေဟိဆိုတာ က 'ပေးပါ'လို့ အဓိပ္ပာယ်ထွက်တယ်"

"ဩြော်"

"သာစုတ်ဆီက ထမင်းခြောက်ဖိုး ငွေတစ်ထောင် မိန ဝါ့အား ပေးပါ ... လို့ ရေးထားတာပါ ဆရာ"

"ဒီလိုကိုး ... "

စိုပြေ ရှင်းပြလိုက်မှ ဒွာနမှူး ကွက်ကွက်ကွင်းကွင်း သဘော ပေါက်သွားလေသည်။ အဖြေကို သိချင်စိတ်ဖြင့် ရင်တမမနှင့် နားထောင် နေသော ဆရာဆရာမများလည်း အခုမှ သက်ပြင်းချနိုင်တော့၏။

သူတို့ခမျာ ဘာများပါလိမ့် ... ဆိုပြီး ကြီးကြီးကျယ်ကျယ်တွေ ဝိုင်းစဉ်းစားလိုက်ရတာ ... ။ နောက်ဆုံးတော့ ထမင်းခြောက်ဖိုးတောင်း သော စာဖြစ်နေသဖြင့် မအီမလည်တွေ ဖြစ်ကုန်ကြ၏။

ဒွာနမှူးက စိုပြေကို ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



‘‘မင်းက လွယ်လွယ်လေးကို ခက်အောင်လုပ်တဲ့ကောင်ပဲ။ နောက် အဲဒီလိုတွေ လျှောက်မလုပ်နဲ့ ... ကြားလား ...’’

ဆုံးမစကားတွေ ပြောကြားကာ ဝန်ခံကတိလက်မှတ်ရေးထိုးခိုင်းပြီး ‘အမည်မသိရှေးစာဆို မောင်ကြွေးရှင်’ အား ပြန်လွှတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဌာနမှူး ရုံးခန်းထဲမှ စိုပြေထွက်လာတော့ ... ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူကာ စိုးရိမ်ပူပန်ဟန် မျက်နှာထားတွေနှင့် ကတိုက်ကရိုက် အနား ရောက်လာသည်။

ဆက်ပိုင်မှူးက ...

''ဟိတ်ကောင် ... အခြေအနေဘယ်လိုလဲ။ မင်းသတင်းကြား လို့ လိုက်လာတာ''

''အေးဆေးပါကွာ။ ဌာနမှူးက အော်တိုရေးခိုင်းလို့ လာရေး ပေးတာပါ။ သူ မသိတာလေးလည်း ရှင်းပြရင်းနဲ့ပေါ့''

''ဟွန်း ... ပြောပုံကိုက ... စိတ်ပူရကျိုး မနပ်လိုက်တာ''

ရွှေသဲဖြူကာ နှုတ်ခမ်းစူ၍ မျက်စောင်းထိုးသည်။ စိုပြေကတော့ သူ့ဝသီအတိုင်း ပြုံးပြုံးရွှင်ရွှင်ပင်။

''ဒါနဲ့ နေစမ်းပါဦး။ အဲဒီ့စာတွေကို မင်း ဘယ်တုန်းက သွား ကပ်ထားလိုက်တာလဲ။ ငါတို့လည်း မသိရပါလား''

ဆက်ပိုင်မှူးကမေးတော့ စိုပြေက ...

''မနေ့ကပါကွာ ... ကျောင်းထဲရောက်ပြီးမှ ငါ အတန်းတက်ဖို့ ရမှာ ပျင်းနေတာ။ အဲ့ဒါနဲ့ ကျောင်းပြင်လည်း ပြန်ထွက်လို့မရတာကြောင့် အတန်းလစ်ပြီး အိမ်သာထဲမှာ ဘောလုံးဂျာနယ် သွားထိုင်ဖတ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဗျာနယ်ဖတ်ပြီးတော့လည်း အတန်းမတက်ချင်သေးတာကြောင့် စိတ်ကူးပေါ်လာတာနဲ့ အဲဒီလို လုပ်ထည့်လိုက်တာ''

''အေး ... လုပ် ... လုပ် ... တော်ကြာမှ ကျောင်းထုတ်ခံရလို့ဟုတ်ပေ့ ဖြစ်နေဦးမယ်။ ရုပ်ကိုက ပြောင်ချော်ချော်နဲ့ ...''

ရွှေသဲဖြူက ပွစိပွစိ လုပ်နေသည်။ စိုပြေကရယ်လျက် ...

''နင့်နှုတ်သီးကြီးကို နောက်ဘက်နည်းနည်းလောက် ရုပ်ထားစမ်းပါ ရွှေသဲရယ်။ တော်ကြာ ငါ့မျက်လုံးထိုးမိနေပါဦးမယ်''

''နင်နော် ...''

''နင့်နာမည်ကို ရွှေသဲ မဟုတ်ဘဲ ရွှေငှဲလို့ ပြောင်းပစ်လိုက်ပါလား။ အဲ့ဒါမှ နှုတ်သီးနဲ့လိုက်ဖက်ညီမှာဟ''

''တော်ပြီ တော်ပြီ ... နင့်ကို ဘာမှမပြောတော့ဘူး။ နင်က စေတနာနဲ့ မတန်ဘူး''

နှုတ်ခမ်းစူလျက်ဖြင့် ရွှေသဲဖြူ တစ်ဖက်လှည့်သွားသည်။ ထိုအခါ ဆက်ပိုင်မှူးက စိုပြေကို မျက်စိတစ်ဖက်မှိတ်ပြပြီး ...

''ဟုတ်တယ် ... မင်းကလည်း မင်းပဲ။ ငါတို့မှာ စိတ်ပူလို့လိုက်လာရတာ။ စေတနာကို နားမလည်ဘူး''

ထိုသို့ပြောပြီး ဆက်ပိုင်မှူးက စိတ်ကောက်နေသော ရွှေသဲဖြူအား ချော့ရန် မျက်ရိပ်ပြလိုက်သည်။ ဒီတော့မှ စိုပြေက ...

''ငါက စတာပါကွာ။ ငါ့သူငယ်ချင်းတွေ စိတ်ပူရကျိုးနပ်အောင် ဒီနေ့ နေ့လယ်စာကို ငါကျွေးမယ် ... ဟုတ်ပြီလား ... ။ လာကြ ... တော်ကြာ နောက်ကျလို့ ဘာမှ မစားရဘဲ ဖြစ်နေဦးမယ်''

စိုပြေက ဆက်ပိုင်မှူးနှင့်ရွှေသဲဖြူ၏ ပခုံးတစ်ဘက်တစ်ချက်ကို ဖက်ပြီး ဆွဲခေါ်သည်။ ထိုအခါ ရွှေသဲဖြူက ပေကပ်ရပ်နေပြီး ...

''သွား ... ငါမလိုက်ဘူး။ ငါ့ထမင်းဘူးနဲ့ငါပဲ စားမယ်''



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လို့လဲဟ''

''ဘာဖြစ်ရမှာလဲ ... နင်က ငါ့နှုတ်ခမ်းကို ကြက်တူရွေးနှုတ်သီးနဲ့ နှိုင်းထားတာကြီးကို။ လုံးဝ မကျေနပ်ဘူး''

ရွှေသဲဖြူ တမင်ရစ်နေတာမှန်း စိုပြေသိလိုက်သည်။ ဒါကြောင့် မျက်နှာချိုသွေး၍ ...

''ငါ စတာပါဆို ရွှေသဲရယ်။ တကယ်တော့ နင့်နှုတ်ခမ်းက ကြက်တူရွေးနှုတ်သီးနဲ့ မတူပါဘူးဟ''

''တကယ်ပြောတာလား''

''တကယ်ပြောတာပါဟာ။ နင့်နှုတ်ခမ်းက ကြက်တူရွေးနှုတ်ခမ်းနဲ့ လုံးဝမတူဘူး။ စိတ်ချ''

''ဒါဆို ဘာနဲ့တူလဲဟင်''

''ဝက်ဖင်နဲ့''

''ဘာ ... ''

ရွှေသဲဖြူ ဇွေ့ဇွေ့ခုန်သွားသည်။ စိုပြေကတော့ ပြောလည်းပြော ပြေးလည်းပြေးပါပဲ။

ရွှေသဲဖြူက နောက်မှ အတင်းလိုက်ပြီး စိုပြေကို ထုရိုက်၏။ သူတို့နှစ်ယောက်ကို ကြည့်ကာ ဆက်ပိုင်မှူးက ပြုံးနေပါသည်။ သူငယ်ချင်းဆိုတာ ...

အနူးညံ့ဆုံး ကဗျာတစ်ပုဒ်ပဲ မဟုတ်လား ... ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

နေ့လည်စာစားချိန်မို့ ကျောင်းကင်တင်းမှာ လူတွေ စုအုံနေကြသည်။ တစ်ယောက်တစ်မျိုး အလုအယက်မှာသံတွေကလည်း ဆူညံနေပါ၏။ မိမိမှာထားတာကို စားရဖို့အရေး စောင့်ဆိုင်းရတာကလည်း အကြာကြီး ဖြစ်၏။

ဝိုင်းတစ်ဝိုင်းတွင် ထိုင်နေသော ဆက်ပိုင်မှူး၊ စိုပြေ၊ ရွှေသဲဖြူတို့ သုံးယောက်သည် ထမင်းဘူးသေးသေးလေးထဲမှ ထမင်းနှင့်ဟင်းကို လုယက်စားနေကြသည်။ သူတို့သုံးယောက်ထဲမှာ မိန်းကလေးဖြစ်သော ရွှေသဲဖြူက ထမင်းဘူးယူပေမယ့် ယောကျ်ားလေးဖြစ်သော ဆက်ပိုင်မှူးနှင့် စိုပြေကတော့ အပျင်းထူပြီး ထမင်းဘူး မယူကြချေ။

ဒါကြောင့် ... နေ့လည်စာစားချိန်ဆိုလျှင် ထမင်းဘူးသေးသေးလေးထဲမှ ထမင်းနှင့်ဟင်းကို သုံးယောက်အတူ လုယက်စားပြီး၊ မှာထားတာတွေ ရောက်လာမှ သုံးယောက်အတူ ဝေမျှစားကြတာကလည်း သူတို့ကြားမှာ ထုံးစံတစ်ခုလိုပဲ ဖြစ်နေပါ၏။

မှာထားတာတွေ ရောက်လာသဖြင့် သူတို့သုံးယောက် အကျ ညီလက်ညီ အားပေးနေစဉ်မှာပင် ... ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... စိုပြေ ... ရော့"

ကောင်မလေးတစ်ယောက် အနားရောက်လာပြီး စိုပြေကို တစ်ထောင်တန်တစ်ရွက် ကမ်းပေး၏။ စိုပြေက ပလုပ်ပလောင်း စားနေလျက်မှ မော့ကြည့်ပြီး ... ။

"ဟာ ... မိနု ... နင်က အကြွေးလာဆပ်တာပေါ့လေ။ ဟုတ်လား"

ကောင်မလေးက ရှုံသိုးသိုး မျက်နှာထားနှင့် ...

"ဟုတ်တယ်၊ နင်လုပ်တာနဲ့ ကျောင်းထဲမှာ ငါက သတင်းကြီးနေပြီ။ နင့်ကိုငါ မေ့ပြီး မပေးမိတာပါဟယ်။ တမင်မပေးပဲနေတာ မဟုတ်ပါဘူး။ အဲ့ဒါကိုများ နင်က စာတစ်တန် ပေတစ်တန်နဲ့ ... "

စိုပြေက ရယ်ပြီး ...

"ငါက အပျော်စတာပါ မိနုရယ်။ ဌာနမှူးရုံးခန်းရောက်သွားလို့သာ သတင်းက ပိုကြီးသွားတာပါ။ဒါနဲ့ ... အဲဒီစာတွေကို ငါကပ်တာဆိုပြီး ဆရာတွေကိုသွားတိုင်တာ ဘယ်သူလဲ နင်သိလား"

"သိသားပဲ။ ငါတို့ မေဂျာက ကောင်းဆက်ထူးလေ။ အခုလည်း နင် ဌာနမှူးရုံးခန်းရောက်တဲ့ သတင်းကို ကျောင်းထဲမှာ သူပဲလိုက်ဖြန့်နေတာ။ ပြီးတော့ နင် အခုလိုတွေလုပ်တာ ဆက်ပိုင်းမှူး မြှောက်ပေးတာ ဆိုပြီးတော့တောင် လျှောက်ပြောနေသေးတယ်"

စိုပြေက ပျာပျာသလဲဖြင့် ...

"မဟုတ်တာဟာ။ ဒီကိစ္စ ငါ့ဟာငါလုပ်တာပါ။ ဆက်ပိုင်နဲ့ဘာမှ မဆိုင်ပါဘူး။ ဒါနဲ့ နေစမ်းပါဦး ... အဲဒီစာတွေကိုကပ်တာ ငါမှန်း သူက ဘယ်လိုလုပ်သိလဲ"

"နင် စာကပ်တဲ့နေ့က သူက အိမ်သာထဲမှာ စာကြွားကျက်နေတာ ... တဲ့"

www.burmeseclassic.com



"ဟင် … ယုတ္တိမရှိလိုက်တာ။ အမှန်က အတန်းလစ်ပြီး သွားအိပ်တာ ဖြစ်မှာပါဟာ"

"အေးပါ … အဲ့ဒါကို ငါလည်း တွေးမိပါတယ်။ အဲဒီမှာ နင့်ကို မသင်္ကာလို့ လိုက်ကြည့်တော့ … နင်က မိန်းမအိမ်သာမှာ မိန်းကလေးတွေ အိမ်သာတက်တာကို ချောင်းကြည့်ရင်း စာကပ်နေတာကို သူကိုယ်တိုင်မြင်ခဲ့တာ … တဲ့"

"ဟာ … ဒီကောင် တော်တော် ယုတ်မာတာပဲ။ ငါစာကပ်တဲ့အချိန် မိန်းမအိမ်သာမှာ ဘယ်သူမှ မရှိဘူး။ လူမြင်မှာ စိုးလို့တောင် လူမရှိတဲ့အချိန် တမင်သွားကပ်တာ …။ ဒီကောင် ဘာသဘောနဲ့ အဲဒီလိုတွေ လျှောက်ပြောတာလဲ မသိဘူး"

သူ့ အပြစ်နှင့်သူ ဆိုပေမယ့် စိုးပြေဖုသွားသည်။ ရွှေသဲဖြူက …

"ကောင်းဆက်ထူးဆိုတာ ငါတို့မေဂျာက ကရင်မလေး နော်ဝင့်သဲချိုကို လိုက်နေတဲ့ကောင် မဟုတ်လား"

နုနုလွင်က ခေါင်းညိတ်ပြီး …

"ဟုတ်တယ်လေ … သူပဲ။ နော်ဝင့်သဲချိုက သူ့ကို ပြန်မကြိုက်ပဲ ဆက်ပိုင်မှုးကို ယိုင်နေလို့ … တမင် မနာလိုဖြစ်ပြီး နင်တို့ကို လိုက်အပုပ်ချနေတာ ဖြစ်မှာပေါ့"

"ဩော်"

စိုးပြေ သဘောပေါက်သွားသည်။ အနေတည်၍ စကားနည်းသော ဆက်ပိုင်မှုးကို မိန်းကလေး အတော်များများ သဘောကျကြ၏။ ထိုအထဲမှာ နော်ဝင့်သဲချိုတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။

နုနုလွင်က ပိုက်ဆံတစ်ထောင်ကို စားပွဲခုံပေါ်ချပြီး ပြန်ထွက်သွား၏။ စိုးပြေက ပြန်ပေးပေမယ့် မယူချေ။

နုနုလွင် ထွက်သွားတာနှင့် စိုးပြေက ထိုင်ရာမှထသည်။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ရွှေသဲဖြူက ...

"ဟဲ့ ... စိုပြေ ... စားလို့တောင် မပြီးသေးဘူး။ နင်က ဘယ်သွားမလို့လဲ"

"ဟိုဘက်ကင်တင်းမှာ ကောင်းဆက်ထူး ထိုင်နေတာ ငါတွေ့ခဲ့တယ်ဟ။ သူ့ဆီသွားမလို့"

ထိုအခါ ဆက်ပိုင်မှူးကပါ ထိုင်ရာမှထပြီး ...

"ငါလည်း လိုက်မယ် စိုပြေ။ မင်းတစ်ယောက်ထဲ မသွားနဲ့"

ရွှေသဲဖြူက ...

"ဟဲ့ ... နင်တို့ ကျောင်းထဲမှာ ရန်မဖြစ်ကြနဲ့နော်။ ကျောင်းထုတ်ခံနေရဦးမယ်။ ပြဿနာရှင်းချင်ရင် ညနေကျောင်းဆင်းမှရှင်း။ ငါပါ လိုက်မယ်"

စိုပြေက ရယ်ပြီး ...

"ရန်မဖြစ်ပါဘူးဟာ။ စိတ်ချပါ။ ဆက်ပိုင်လည်း မလိုက်နဲ့။ ငါ တစ်ယောက်တည်းသွားမယ်။ ဟိုကောင့်ကိုလည်း ငါကိုယ်တိုင် ဘာမှမလုပ်ဘူး။ နည်းနည်းလောက် ကျီစားရုံလေးပါ"

သူငယ်ချင်းနှစ်ယောက်နှင့် စားလက်စ ထမင်းပွဲကို ဒီအတိုင်းထားခဲ့ပြီး တစ်ဖက်ကင်တင်းသို့ စိုပြေ တစ်ယောက်တည်း ထွက်သွားလေသည်။

ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူကတော့ ရင်တမမနှင့် ကျန်ခဲ့ကြ၏။ စိုပြေ၏ အရိပ်အခြေကို ကြည့်ပြီး အဆင်မသင့်လျှင် လိုက်သွားရန်လည်း အသင့်ပြင်ထားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့နံဘေးကပ်လျက်ခုံမှာ စိုပြေ ဝင်ထိုင်တော့(မဟုတ်တာ လုပ်ထားသူတို့၏ ထုံးစံအတိုင်း) ကောင်းဆက်ထူး မျက်ခုံးလှုပ်နေသည်။

စိုပြေကတော့ ပြုံးပြုံးရွှင်ရွှင်ပင်။

''မင်းကိုငါ ရှင်းပြချင်တာလေးရှိလို့ လာခဲ့တာပါ''

''ဘာကိစ္စလဲ''

''ဆက်ပိုင်မှုူးကို နော်ဝင့်သဲချိုနဲ့ ပတ်သက်ပြီး တစ်မျိုးထင်နေမှာစိုးလို့ပါ။ တကယ်တော့ ဆက်ပိုင်မှုူးက နော်ဝင့်သဲချိုနဲ့ ကင်းကင်းရှင်းရှင်းပါပဲ။ အဲ့ဒါကို မင်းသိစေချင်လို့ လာပြောပြတာ''

''ဪ''

ကောင်းဆက်ထူး မျက်နှာ ကြည်ကြည်သာသာ ဖြစ်လာသည်။ ဒီတော့မှ စိုပြေက ...

''ကျောင်းသားအချင်းချင်း ကူညီတဲ့အနေနဲ့ နော်ဝင့်သဲချိုနဲ့ ပတ်သက်ပြီး မင်းကိုငါ အကြံတစ်ခုလည်း ပေးချင်လို့ ... ''

ကောင်းဆက်ထူးမျက်နှာ ဝင်းလက်သွားပြီး ...

''ချိုနဲ့ ပတ်သက်လို့ ... ဟုတ်လား ... ။ ဘာအကြံလဲ''

စိုပြေက လျှို့ဝှက်စွာ ပြုံးလိုက်ပြီး ...

''နော်ဝင့်သဲချိုက ကရင်မဟုတ်လား။ အဲဒီတော့ မင်းရှူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားစကားပြောတဲ့အခါမှာ ကရင်လိုလေးညှပ်ပြီး ပြောသင့်တယ်။ အဲ့ဒါမှ သူတို့ လူမျိုးနဲ့ဘာသာစကားကို အရေးထားပါလားဆိုပြီး မင်းအပေါ် သူစိတ်ယိုင်လာမှာပေါ့''

''အေးကွ ... ဟုတ်တယ်နော်''

ကောင်းဆက်ထူး တွေးတွေးဆဆ ဖြစ်သွားသည်။ ပြီးမှ မျက်မှောင်ကြုတ်လျက် ...

''ဒါပေမယ့် တစ်ခု ခက်နေတယ်ကွ''

''ဘာလဲ''

''ငါက ကရင်စကား မပြောတတ်ဘူး''

''ဒါများ ဘာခက်လို့လဲကွာ။ ငါသင်ပေးမှာပေါ့''

''မင်းက ကရင်စကား ပြောတတ်လို့လား''

''သိပ်ပြောတတ်တာပေါ့ကွာ''

''ဟာ ... ဒါဆို ကူညီစမ်းပါဦး ဆရာသမားရယ်။ အားကိုးပါတယ်''

ကောင်းဆက်ထူး ဟိုဟာပွတ်ပေးမလို ဒီဟာပွတ်ပေးမလို ဖြစ်သွားသည်။ စိုပြေက ရင်ကော့ခေါင်းမော့၍ ဖမးစေ့လေးကို လက်နှင့်သပ်တာ ...

''မင်း သူ့ကို ဒီလိုပြောလိုက်''

''ဘယ်လိုလဲ''

''နင့်ရဲ့ ချီးခိုလေးကို သုပလယ်ထီးသလဲ အဖြစ် ငါ အသုံးပြုပါရစေ ... လို့ ...''

''အဲ့ဒါ ဘာအဓိပ္ပာယ်လဲကွ''

''ချီးခိုဆိုတာက နှလုံးသား။ သုပလယ်ထီးသပဲဆိုတာက ရင်ထိုး။ နင့်ရဲ့ နှလုံးသားကို ရင်ထိုးအဖြစ် အသုံးပြုပါရစေ ... လို့ ... ပြောတာ။



www.burmeseclassic.com

www.burmeseclassic.com


တဲ ... ဘယ်လောက် ကဗျာဆန်ထားလဲ' ... ''

ကောင်းဆက်ထူးက ခေါင်းတညိတ်ညိတ်နှင့်

''အေးကွာ ... မိုက်တယ် ... ။ အခ်ပ္ပာယ်လေးကိုလည်း ငါ သဘောကျတယ်။ တစ်ခေါက်လောက် ထပ်ပြောစမ်းပါဦးကွာ ... ဘယ်လို''

စိုပြေက ...

''နင့်ရဲ့ ချီးခိုလေးကို သုပလလယ်ထီးသပဲ အဖြစ် အသုံးပြုပါရစေ လို့ ပြောရမှာ''

''အိုကေ ... အိုကေ ... မှတ်မိပြီ။ နင့်ရဲ့ချီးခိုလေးကို သုပလလယ် ထီသပဲအဖြစ် အသုံးပြုပါရစေ ... ။ နင်ရဲ့ ချီးခို ... သုပလလယ်ထီးသပဲ ... ချီးခို ... သုပလလယ်ထီးသပဲ ... ဟာကြာပါတယ်ကွာ ... တော်ကြာမေ့ သွားဦးမယ်။ အခုချက်ချင်းသွားပြောလိုက်မယ် ... ''

နှုတ်ပူတိုက်နေရင်းမှ စိတ်မရှည်တော့ဟန်ဖြင့် ကောင်းဆက်ထူး ကောက်ကာငင်ကာထထွက်သွားသည်။ သူဦးတည်ရာက ... တစ်ဖက် ကင်တင်းရှိ နော်ဝင့်သဲချိုဆီသို့ ... ။

စိုပြေကတော့ ...

အောင်နိုင်သူစစ်သူကြီးသဖွယ် မိန့်မိန့်ကြီးပြုံးလျက် သူငယ်ချင်း နှစ်ယောက်ရှိရာဆီ ပြန်လာခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


''ချို ... နင့်ရဲ့ ချီးခိုလေးကို သုပလလယ်ထီးသပဲအဖြစ် ငါအသုံး ပြုပါရစေ''

''ဘာ ... ဘာပြောတယ် ... ''

ကောင်းဆက်ထူးစကားကြောင့် နေဝ်ဝင့်သဲချို မျက်စိမျက်နှာ ပျက်သွားသည်။ ကောင်းဆက်ထူးကတော့ ခပ်တည်တည်ပင်။

''တကယ်ပြောတာပါ ချို... နင့်ရဲ့ ချီးခိုလေးကို သုပလလယ်ထီးသ ပဲ အဖြစ် အသုံးပြုပါရစေဟာ။ အဲ့ဒါ ငါ့ရဲ့ ခံစားချက်အစစ်အမှန်ပါ''

''ဟင် ... နင် ... နင် စော်ကားလှချည်လား ... ။ ဒီလောက် တောင် မိုက်ရိုင်းတာ ... ကဲဟာ ... ''

''ဖျန်း''

ကောင်းဆက်ထူးမျက်နှာ ဇက်မှ အခိုင်လိုက် လည်ထွက်သွား သည်။ နေဝ်ဝင့်သဲချိုက ဒေါသကြောင့် အသားတွေ တဆတ်ဆတ် တုန် ယင်နေလျက်မှ ...

''နင်က ငါ့ကို ရန်ကုန်မှာ ကျောင်းတက်နေတာနဲ့ပဲ ကဗျာ နားမလည်ဘူးလို့ ထင်နေလား။ကရင်လို 'ချီးခို' ဆိုတာ 'တင်ပါး'၊ 'သုပ လယ်ထီးသပဲ' ဆိုတာ 'ထွေးခံ' ကို ပြောတာမှန်း ငါသိတယ်ဟဲ့ သေချင်း ဆိုးရဲ့။ နင်ကများ ငါ့ရဲ့တင်ပါးကို ထွေးခံအဖြစ် သုံးချင်ရတယ် လို့ ... ။

www.burmeseclassic.com



အော်ဟစ်ကြိမ်းမောင်းပြီး ကင်တင်းထဲမှ နော်ဝင့်သဲရှိ ဘောက်ဆတ်ဘောက်ဆတ်နှင့် ထွက်သွားလေသည်။

ကောင်းဆက်ထူးမျှော်မှာတော့ ဇက်မှအနိုင်လိုက်လည် ထွက်သွားသော မျက်နှာကို အနိုင်နိုင်ပြန်တည့်မတ်ရင်း ...

မီးဝင်းဝင်းတောက်နေသော မျက်လုံးတွေနှင့် တစ်စုံတရာကို ရှာဖွေလျက် ... ။



www.burmeseclassic.com

www.burmeseclassic.com


"ဟိတ်ကောင် စိုပြေ ... မင်းတော်တော် ယုတ်မာတာဘဲ"

"ဘာကိုပြောတာလဲဟင်"

ကောင်းဆက်ထူးက ဒေါသတကြီး လာပြောတော့ စိုပြေက ကုပ်ကမြင်းလေးလုပ်နေသည်။ ကောင်းဆက်ထူးက မျက်ထောင့်နီကြီးနှင့် ...

"မင်း ငါ့ကို မလိမ့်တပတ်လုပ်သွားတာကို ပြောတာကွ"

စိုပြေက မအူမလည်သလိုဟန်မျိုးဖြင့် ...

"ငါ မင်းကို ဘာမလိမ့်တပတ်လုပ်လို့လဲကွာ။ မင်း ငါ့ကို အထင်လွဲနေပြီ ထင်တယ်"

"ဘာမှ အထင်လွဲတာမဟုတ်ဘူး ဟိတ်ကောင်။ ပါးရိုးခံလာရတာက သက်သေပဲ။ ကရင်လို ချိုးခိုကို သုပလယ်ထီးသပဲအဖြစ် အသုံးပြုပါရစေဆိုတာ ... တင်ပါးကို ထွေးခံအဖြစ် အသုံးပြုပါရစေလို့ ပြောတာတဲ့ ... ။ ငါသိပြီးပြီ"

"ဟာ ... ဒါဆို ငါပြောတာ မှားသွားတာပေ့ါ။ ဆောရီးပါဘဲကွာ။ ငါကလည်း ကရင်အစစ် မဟုတ်တော့ လွဲတဲ့အခါလည်း လွဲပေမပေ့ါ။ ကျွတ် ... ကျွတ် ... ဖြစ်ရလေကွာ ..."

စိုပြေက စိတ်မကောင်းဟန်ဖြင့် စုတ်သတ်၍ ပြောနေသည်။ ကောင်းဆက်ထူးကအံကြိတ်ပြီး ...

"မင်းတမင်လုပ်တာ ငါသိတယ် ဟိတ်ကောင်။ မင်းတော်တော် အောက်တန်းကျတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



“စိုပြေကို အောက်တန်းကျတယ်ပြောရအောင် နင်ကကော ဘယ်လောက်များ မြင့်မြတ်နေလို့လဲ။ စိုပြေ မကောင်းကြောင်း မဟုတ်မဟပ် လုပ်ဇာတ်တွေခင်းပြီး သတင်းလိုက်ဖြန့်နေတာပဲ မဟုတ်လား”

ရွှေသဲဖြူက စိုပြေဘက်မှ မခံမရပ်နိုင် ဝင်ပြောသည်။ ဆက်ပိုင်မှူး ကလည်းမျက်နှာထားတင်းတင်းနှင့် ကောင်းဆက်ထူးကိုကြည့်ပြီး ...

“ဒီပွဲက မျှတပါတယ်ကွာ။ စိုပြေက သူ့ဘာသာသူ အပျော်သဘော စာကပ်တာကို မင်းကလိုတာထက်ပိုပြီး ချဲ့ထွင်ပြောတယ်။ ပြီးတော့ ဘာမဆိုင်ညာမဆိုင် ငါ့ကိုပါ ဆွဲထည့်လိုက်သေးတယ်။ အဲ့ဒါတွေကို စိုပြေက မကျေနပ်လို့ မင်းကိုပြန်ကြပ်တာ။ ဒါကြောင့် ဒီပွဲကို သရေလို့ပဲ သဘောထားလိုက်ပါကွာ။ အဲ့ဒါကိုမှ မင်းမကျေနပ်ဘူးဆိုရင်လည်း ကြိုက်သလို ရှင်းလို့ရတယ်”

ဆက်ပိုင်မှူး၏ ချော့သလိုလို ချောက်သလိုလိုစကားကြောင့် ကောင်းဆက်ထူး တွေဝေသွားသည်။ အရိုက်ခံလိုက်ရသော သူ့ပါးတစ်ဖက်ကို ပြန်ကိုင်ပြီး ...

“ငါက လူအများကြားထဲမှာ ပါးချခံလိုက်ရတာကွ။ မမျှတဘူး”

“ဒါကတော့ နင် မစဉ်းစားမဆင်ခြင်ဘဲ သူ့နိုင်းတိုင်းလုပ်လို့ ခံရတာဘဲ။ သူက နင့်ကို ပါးရိုက်တာမှ မဟုတ်တာ။ ပြီးတော့ ... ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စကို ဝင်အာချောင်ပြီး သူတစ်ပါး နာမည်ပျက် သိက္ခာကျအောင် လုပ်တဲ့အတွက် ဒီလောက်တော့ ပြန်ပေးဆပ်ရမှာပေါ့”

ရွှေသဲဖြူက တစ်ခွန်းမခံ ပြန်ပြော၏။ အခြေအနေပိုဆိုးဝါးသွားမှာ စိုးသောကြောင့် ဆက်ပိုင်မှူးက ...

“ဒီကိစ္စကို မင်းမကျေနပ်ဘူးဆိုရင် စိုပြေအစား ဒီလူအများကြားထဲမှာပဲ ငါ့ပါးကို ပြန်ရိုက်ကွာ။ ဘယ်လိုလဲ ... အဲဒါဆို မင်းကျေနပ်မယ် မဟုတ်လား။ ကဲ ... ရိုက်ကွာ”

ဆက်ပိုင်မှူးက သူ့မျက်နှာကို ရှေ့တိုးပေးသည်။ ထိုအခါ ရွှေသဲဖြူ က ဆက်ပိုင်မှူးကို တွန်းထုတ်ပြီး ကောင်းဆက်ထူးရှေ့ ရပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



''နင် ရိုက်မှာဆို ငါ့ကိုပဲ ရိုက်။ ဆက်ပိုင်ကို မရိုက်နဲ့။ ယောက်ျားချင်း ပါးရိုက်ခံရတယ်ဆိုတာ ရာဇဝင်ရှိုင်းတယ်''

အဲဒီအချိန်မှာပဲ ...

စိုပြေက ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူရှေ့ ရောက်လာပြီး ...

''ဒီကိစ္စ ဖြစ်တာ ငါ့ကြောင့် ဖြစ်ရတာ။ ဒါကြောင့် ငါ့သူငယ်ချင်းနှစ်ယောက်ကို လက်ဖျားနဲ့တောင်ထိစရာမလိုဘူး။ ရိုက်ရမှ ကျေနပ်မယ်ဆို ငါ့ပါးကိုပဲရိုက်''

''ဟင်''

ကောင်းဆက်ထူး ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ဆက်ပိုင်မှူးက စိုပြေကို တွန်းထုတ်ပြီး ...

''ငါ့ကိုပဲရိုက်ကွာ။ စိုပြေကိုမရိုက်နဲ့''

စိုပြေကလည်း ဆက်ပိုင်မှူးကို ပြန်တွန်းထုတ်သည်။

''မင်းနဲ့ မဆိုင်ဘူး ဆက်ပိုင်။ ငါ့ကိစ္စ ငါရှင်းမယ်။ ငါ့ပါးကိုပဲရိုက်''

ရွှေသဲဖြူကလည်း ဆက်ပိုင်မှူးနှင့်စိုပြေရှေ့မှ ဝင်ကာပြီး ...

''ယောက်ျားချင်း ပါးရိုက်ခံရတယ်ဆိုတာ ရာဇဝင်ရှိုင်းတယ်။ သူတို့နှစ်ယောက်ကို မရိုက်နဲ့။ ငါ့ပါးကိုပဲရိုက်''

''ရွှေသဲ ... နင်ဖယ်။ ငါ အရိုက်ခံမယ်''

''မင်းနဲ့မဆိုင်ဘူး ဆက်ပိုင်။ ငါပဲအရိုက်ခံမယ်''

''နင်တို့နှစ်ယောက်စလုံး ဘေးဖယ်နေ။ ငါအရိုက်ခံချင်လို့ ...။ ငါ့ကိုပဲရိုက်''

''ဟာကွာ ... ဘာတွေလဲ ... ။စိတ်ရှုပ်လာပြီ ... ''

ကောင်းဆက်ထူးက အကျယ်ကြီး ထအော်သည်။ သူ့ရှေ့မှာ ပါးရိုက်ခံဖို့အတွက် နေရာလုနေသော သူငယ်ချင်းသုံးယောက်ကိုကြည့်ပြီး ခေါင်းတွေမူးကာ အာရုံတွေနောက်ကျိလာသည်။

ဒါကြောင့် ...

''တော်ပြီ ... တော်ပြီ ... ဘယ်သူ့ပါးကိုမှ မရိုက်တော့ဘူး။ ငါ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်နဲ့ငါ ခံရတယ်လို့ပဲ မှတ်လိုက်တော့မယ်။ တောက် ... ပါးရိုက်ခံရမှာ ကိုများ ဒေါ်လာသန်းချီတန်တဲ့ ချက်လက်မှတ်ပေးတယ်ထင်နေလားမသိဘူး ... ''

ပွစိပွစိနှင့် ဆံပင်တွေကို ကုတ်ဖွပြီး သူတို့သုံးယောက်ရှေ့မှ ကောင်းဆက်ထူး ထွက်သွားလေတော့၏။

ထိုအချိန်မှ စတင်ကာ ...

ကိုယ်ပိုင်မာနကိုပင် ခဝါချပြီး တစ်ယောက်ကိုတစ်ယောက် ကွယ်ကာမှုတွေနှင့် တွယ်တာကြသည့် သူတို့သူငယ်ချင်းသုံးယောက်၏ သံယောဇဉ်သတင်းသည် ကျောင်းဝင်းအတွင်းမှာ ပိုမိုလူပြောများလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ကျောင်းပိတ်ရက်ဖြစ်သော ဒီနေ့အဖို့ သူတို့သူငယ်ချင်းသုံးယောက် ဘာသာရေးနှင့် လူမှုရေးကိစ္စ တစ်ခုစီ ဆောင်ရွက်ပြုလုပ်ရန်ရှိ၏။ ဘာသာရေးကိစ္စမှာ ရပ်ကွက်မေ့ွာရုံအတွက် အလှူခံလိုက်ပေးရမှာဖြစ်ပြီး၊ လူမှုရေးကိစ္စကတော့ သူတို့ကျောင်းမှ နှစ်ဦးသဘောတူ ခိုးပြေးကြသော စိန်အုန်းသီးနှင့် ညိုလုံး၏ မင်္ဂလာညည့်ခံပွဲကိုသွားရမှာဖြစ်သည်။

မနက်ပိုင်းမှာ ဘာသာရေးကိစ္စဖြစ်သော ရပ်ကွက်မေ့ွာရုံအတွက် သူတို့ အလှူခံလိုက်ပေးကြ၏။

အဲသည်မှာ ...

တစ်လမ်းဝင်တစ်လမ်းထွက်နှင့် အလှူခံရင်း သူတို့ရပ်ကွက်ထဲမှာ အချမ်းသာဆုံးဟု အများက သတ်မှတ်ထားသည့် ရှေ့နေကြီးတစ်ဦးအိမ်သို့ ရောက်သွားကြ၏။ ထိုရှေ့နေကြီးသည် ဤရပ်ကွက်ထဲသို့ပြောင်းလာတာ မကြာသေးသလို၊ ရပ်ကွက်သာရေးနာရေးအတွက်လည်း တစ်ခါမှ ထည့်ဝင်လှူဒါန်းခြင်း မပြုသေးချေ။

ထို့ကြောင့် ... သူ့ထံ အလှူသွားခံလျှင် မြိုးမြိုးမြက်မြက် ထည့်ဝင်လှူဒါန်းလိမ့်မည်ဟု အားလုံးက မျှော်လင့်ထားကြ၏။

ရှေ့နေကြီးဆီရောက်တာနှင့် ဂေါပကအဖွဲ့ဝင်တစ်ဦးက စကားဆသည်၊

"ကျွန်တော်တို့ဟာ ရပ်ကွက်မေ့ွာရုံအတွက် လာရောက်အလှူ



www.burmeseclassic.com

www.burmeseclassic.com



ခံတာ ဖြစ်ပါတယ်ခင်ဗျ။ လူကြီးမင်းဟာ အောင်မြင်ကျော်ကြားတဲ့ ရှေ့နေကြီးတစ်ဦးဆိုတာလည်း ကျွန်တော်တို့ သိပါတယ်။ လူကြီးမင်း ဒီရပ်ကွက်ထဲကို ပြောင်းလာတာ မကြာသေးပေမယ့် လူကြီးမင်းဟာ အင်မတန် ကြွယ်ဝချမ်းသာသူတစ်ယောက် ဖြစ်လိမ့်မယ်လို့လည်း ခန့်မှန်းမိပါတယ်။ ဒါကြောင့် ရပ်ကွက်ဓမ္မာရုံအတွက် သဒ္ဓါတရားထက်သန်စွာနဲ့ အလှူငွေ ထည့်ဝင်လှူဒါန်းစေလိုပါတယ်ခင်ဗျ''

ထိုအခါ ရှေ့နေကြီးက ပြန်ပြောသည်။

''ကျွန်တော့်အမေဟာ နာတာရှည်ရောဂါနဲ့ ဝေဒနာပြင်းပြင်း ထန်ထန်ခံစားပြီး မနက်ဖြန်သဘက် သေတော့မယ်ဆိုတာ ခင်ဗျား သိသလား ...။ ကုသစရိတ်သောက်သောက်လဲ ကုန်ကျလို့ အခု ကျွန်တော့် အမေ မွဲနေပြီဆိုတာကော ခင်ဗျား သိသလား''

ဂေါပကအဖွဲ့ဝင်က မျက်နှာပျက်ပျက်နှင့် ...

''တောင်း တောင်းပန်ပါတယ်ဗျာ ...။ ကျွန်တော် ... ဒါတွေကို ဘာမှ မသိပါဘူး ...''

ရှေ့နေကြီးက ဆက်ပြောသည်။

''စစ်ပြန်ဖြစ်တဲ့ ကျွန်တော့်ညီလေးဟာ မျက်လုံးကန်းနေတယ်။ အိပ်ရာထဲက မထနိုင်ဘူး။ သူ့မိန်းမမှာ ကလေးခြောက်ယောက်နဲ့။ အဲ့ဒါ ကော ခင်ဗျားသိသလား''

''မ မသိပါဘူး ...''

ရှေ့နေကြီးက အသံမြှင့်ပြီး ဆက်ပြောပြန်သည်။

''ကျွန်တော့်ညီမလေးယောက်ျားဟာ ကားတိုက်ပြီးသေသွားတယ်။ ကျွန်တော့်ညီမဟာ အကြွေးတွေပတ်လည်ဝိုင်းပြီး ကလေးသုံး ယောက်နဲ့ ကျန်ခဲ့တယ်ဆိုတာကော ခင်ဗျား သိသလားဟင်''

''ဘုရား ... ဘုရား ... သနားစရာပါလား ...''

အားလုံးပဲ ရှေ့နေကြီးကို ကရုဏာသက်သွားကြ၏။ ဒီခုလို လာရောက်အလှူခံမိတာကိုပင် အပြစ်ရှိသလို စိတ်မှာ ခံစားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



အလှူခံ၍ ရလာတာတွေပင် သူ့ကိုပေးကမ်းစွန့်ကြဲချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာကြသည်။

အဲသည်အချိန်မှာပဲ ...

ရှေ့နေကြီးက သူ့စကားကို အဆုံးသတ်၏။

"အေး ... အဲဒီလို သွေးရင်းသားရင်းတွေ ဒီလောက် ဒုက္ခရောက်နေတာတောင်မှ အခုချိန်အထိ ကျပ် တစ်ပြားတစ်ချပ်မှမပေးခဲ့တာ ... ခင်ဗျားတို့ကိုတော့ ကျွန်တော် ပေးမှာပဲလို့ ဘာဖြစ်လို့ထင်ရထာလဲဗျ ... ဟင် ..."

" ... "

အားလုံးပဲ နင်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုခြံထဲမှ သူတို့အလှူခံအဖွဲ့ ပြန်ထွက်သွားသောအခါတွင် အိမ်အပေါ်ထပ် ဝရန်တာမှ ကောင်မလေးတစ်ယောက်က တွေတွေလေး ငေးကြည့်ကျန်ရစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းမှာ လူမှုရေးကိစ္စဖြစ်သော စိန်အုန်းသီးနှင့် ညိုလုံး၏ မင်္ဂလာညှော်ခံပွဲကိုသွားတော့ သူတို့သုံးယောက်စလုံး လက်ဖွဲ့ဘူးလေးတွေ ကိုယ်စီကိုယ်ငှနှင့် ... ။

ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူ၏ လက်ဖွဲ့ဘူးက မထူးခြားပေမယ့် စိုပြေ၏ လက်ဖွဲ့ဘူးကတော့ ထူးခြားသည်။ ထိုလက်ဖွဲ့ဘူးပေါ်မှာ ရေးထားသော စာသားကြောင့်ဟုဆိုလျှင် ပို၍မှန်ပေလိမ့်မည်။

''မင်္ဂလာဦးညတွင် သတို့သမီးသည် ဤလက်ဖွဲ့ဘူးအတွင်း၌ ပါရှိသော ဝတ်စုံကို ဝတ်ဆင်ပါက သတို့သားသည် ပို၍ စုံမက်မြတ်နိုး လိမ့်မည်''

ထိုစာသားကြောင့် မင်္ဂလာပွဲကို ရောက်တော့လည်း စိုပြေ၏ လက်ဖွဲ့ဘူးကို လူအများ စိတ်ဝင်စားနေကြသည်။

သတို့သား၏အမည်ရင်းမှာ 'ထက်အာကာမြင့်မိုရ်'ဖြစ်ပြီး ထို အမည်မှာ ကြီးကျယ်မြင့်မြတ် မိုးမတ်နေလွန်းသောကြောင့် အမြင်ကတ်ကတ်နှင့် သူငယ်ချင်းတွေက စရာမှ 'စိန်အုန်းသီး' ဟု တွင်သွားခြင်းဖြစ်၏။ သတို့သမီး၏ အမည်ရင်းကတော့ 'နှင်းဝင့်လှိုင်' ဖြစ်ပြီး အသားညို ညို ခန္ဓာကိုယ်လုံးလုံးလေးမို့ သူငယ်ချင်းတွေက ချစ်စနိုးဖြင့် 'ညိုလုံး' ဟု ခေါ်ကြတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲကို ကျောင်းက သူငယ်ချင်းတွေ အတော်များများ လာကြ၏။ နော်ဝင့်သဲချိုက စိုပြေကိုတွေ့တော့ လက်တို့ခေါ်သွားပြီးမေးသည်။

"ဟိုတစ်နေ့က ကောင်းဆက်ထူးကိစ္စ နင် မြှောက်ပေးလိုက်တာဆို ... ဟုတ်လား ..."

စိုပြေက ရယ်ကျဲကျဲနှင့် ...

"ဘာလဲ ... နင်က စိတ်ဆိုးလို့လား"

နော်ဝင့်သဲချိုက မျက်စောင်းထိုး၍ ...

"ဟွန်း ... နင်လုပ်ပုံက စိတ်ဆိုးမယ်ဆို ဆိုးချင်စရာကြီး။ ချိုးခိုကို ထွေးခံလုပ်ချင်တယ်ဆိုတော့ ငါ ရှက်တာပေါ့ဟဲ့။ ဒါပေမဲ့ ... ဆက်ပိုင်မျက်နှာနဲ့ နင့်ကိုငါ ခွင့်လွှတ်ပေးလိုက်ပါတယ်"

ဒီစကားတွေ ကြားရတော့မယ်ဆိုတာ စိုပြေက ကြိုမြင်ပြီးသားဖြစ်၏။ ဒီချုပ်ထွင်ထားကတည်းက ဒီယုန်တော့ ဘယ်လိုပုံနဲ့ လာလေမလဲဆိုတာ တွေးထင်မှန်းဆလို့ရနေသည်။

နော်ဝင့်သဲချိုက မှုန့်နှံ့ဖြင့် ...

"ဆက်ပိုင်က ငါ့ရဲ့ရည်းစားဦးဂတ်ဂတ်ကလေးနဲ့ သိပ်တူတာပဲတယ်"

"နင့်ရဲ့ ဂတ်ဂတ်က ဘယ်သူမို့လို့လဲ။ ပြောစမ်းပါဦး"

နော်ဝင့်သဲချိုက လက်သည်းလေးကိုကိုက်ပြီး ခေါင်းလေးငုံ့ကာ

"နင်ကလည်းဟယ် ... ရှက်အောင် လုပ်နေပြန်ပြီ။ ငါမှ ရည်းစားမထားဖူးသေးတာပဲ"

"အယ် ..."

အထာပေးပုံက အဲဒီလို ...။

ဆက်ပိုင်ကသာ 'ချစ်တယ်' ဟုပြောပါက ရည်းစားတော်ပစ်လိုက်မယ်ဆိုတဲ့သဘော ...။ ရက်ရောချက်က ပက်စက်ကောပါလား။

အဲသည်အချိန်မှာ ဆက်ပိုင်မှုးကလည်း စိုပြေနှင့်ပတ်သက်ပြီး နားပူနားဆာ အလုပ်ခံနေရသည်။ နုနုလွင်က သူ့ကိုလာမေးပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဆက်ပိုင် ... စိုပြေမှာ ရည်းစားရှိလားဟင်''

''မရှိပါဘူးဟ။ ဘာဖြစ်လို့လဲ''

နုနုလွင်က ရှက်ကိုးရှက်ကန်းလေးနှင့် ...

''ဘာမှမဟုတ်ပါဘူးဟာ။ သူတို့အိမ်က ထမင်းခြောက်လှော်လေးက စားကောင်းလို့ပါ။ အမြဲ စားရရင် ကောင်းမှာပဲလို့ တွေးမိလို့ပါ''

ဆက်ပိုင်မှူးက ရယ်သည်။

''ငါတို့အိမ်က မာလီကြီးလည်း ထမင်းခြောက်လှော်တတ်တယ်ဟ။ သူ့အိမ်မှာကော မနေချင်ဘူးလား''

''သေလိုက်ပါလားဟဲ့''

နုနုလွင်မျက်နှာ အောက်သိုးသိုးဖြစ်သွားသည်။ ဆက်ပိုင်မှူးက ရယ်ပြန်၏။

မျက်နှာကြည်ကြည်လင်လင်လေးနှင့် အမြဲပြုံးပြုံးရွှင်ရွှင်နေတတ်သော စိုပြေကို ချစ်ခင်သူပေါ်များသည်။ သူ၏ကပေါက်တိကပေါက်ချာ လုပ်ရပ်တွေကြောင့် အချို့မိန်းကလေးတွေက လက်တွဲဖော်အဖြစ် ရွေးချယ်ရန် တွန့်ဆုတ်ကြပေမယ့် အချို့ကတော့ ထူးဆန်းဖွေလာလေးအဖြစ် အသေကြွေကြ၏။

စိုပြေကို နုနုလွင် စိတ်ဝင်စားနေတာမှန်း အရင်ထဲက ဆက်ပိုင်မှူးက ရိပ်မိသည်။ ဒါကြောင့်မို့လည်း 'မ'အိမ်သာမှာ စာကပ်သည့်ကိစ္စနှင့် ပတ်သက်ပြီး စိုပြေကြောင့် သူမ အရှက်ရတာကို ဘာမှအပြစ်မပြောတာ ဖြစ်သည်။

'အချစ်ဝင်လျှင် အပြစ်မမြင်' ဆိုတာ ဒါမျိုးပင် ဖြစ်ပေလိမ့်မည်။

ခဏကြာတော့ ...

စိုပြေ၊ ဆက်ပိုင်မှူး၊ ရွှေသဲဖြူ၊ နော်ဝင့်သဲချို၊ နုနုလွင်တို့ငါးယောက် ပေါင်းပြီး တစ်ဝိုင်းထိုင်ကြသည်။ အဲသည်မှာပဲ တစ်ဘက်ဝိုင်းတွင် ထိုင်နေသော ဟာမ်းဖုန်းတကိုင်ကိုင်နှင့် သက်လတ်ပိုင်းအရွယ် ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ရွှေသဲဖြူကို အပီအပြင် ရှိုးနေကြောင်း သူတို့အားလုံး သတိပြုမိလိုက်ကြ၏။

ထိုလူက သတို့သမီးနှင်းဝင့်လှိုင်ကို ခေါ်ပြီး ရွှေသဲဖြူထံ မေးငေါ့ပြကာ တစ်စုံတစ်ခု ပြောသည်။ နောက်တော့ ... ထိုလူက နှင်းဝင့်လှိုင်နှင့်အတူ သူတို့ဝိုင်းသို့ ရောက်လာသည်။

"ဟဲ့ ... ရွှေသဲ ... မိတ်ဆက်ပေးရဦးမယ်။ ဒါ ငါ့အစ်ကိုတစ်ဝမ်းကွဲလေ။ ကျော်ဇေယျ ... တဲ့။ သူကတော့ ရွှေသဲဖြူ"

နှင်းဝင့်လှိုင်က ရွှေသဲဖြူနှင့် ထိုပုဂ္ဂိုလ်ကို မိတ်ဆက်ပေး၏။ ထိုလူ၏ တောင်းဆိုမှုကြောင့် နှင်းဝင့်လှိုင် လာရောက်မိတ်ဆက်ပေးတာမှန်း အားလုံးရိပ်စားမိကြသည်။

အဲဒီမှာ စိုပြေက ထဖောက်သည်။

"ကွက်ပြီး မိတ်ဆက်မပေးနဲ့လေဟာ။ အားလုံး ညီတူမျှတူပေါ့"

ဒီတော့မှ မျက်နှာပူသွားဟန်နှင့် နှင်းဝင့်လှိုင်က အခြားသူတွေနှင့်ပါ မိတ်ဆက်ပေးသည်။

"သူက စိုပြေ၊ သူက ဆက်ပိုင်မှူး၊ သူက နုနုလွင်၊ သူက နော်ဝင့်သဲချို ... တဲ့။ မှတ်ထားကြနော် ... ။ ငါ့အစ်ကိုက Golden Flower ဆိုတဲ့အမည်နဲ့ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းတွေ လုပ်တယ်"

"ဟာ ... ဒါဆို ကုမ္ပဏီပိုင်ရှင်ကြီးပေါ့။ တွေ့ရတာ ဝမ်းသာတယ်ရှာ"

စိုပြေက လက်တွေဘာတွေဆွဲပြီး ရိုတ်ကင်းပင် လုပ်လိုက်သေးသည်။ ထိုအပြုအမူကြောင့် နှင်းဝင့်လှိုင်က သူမ အစ်ကိုကို သူတို့ဝိုင်းမှာ စိတ်ချလက်ချ ထားခဲ့ပြီး ပြန်ထွက်သွားလေသည်။

အဲဒီတော့မှ စိုပြေက သူ၏ တမြှေမြှေ ဖွဲ့ခြွေခြင်း အစီအစဉ်ကို စတင်၏။

"ကျွန်တော်က လူချင်းခင်ရင် စတတ်နောက်တတ်တယ်ဗျ။ ဖြစ်တယ်မို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဖြစ်ပါတယ်။ စတော့နောက်တော့ ပျော်စရာကောင်းတာပေ့ါဗျာ ... ဟဲ ... ဟဲ ... "

ကျော်ဇေယျဆိုသူက ငါးစာကိုသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်ဘဲ တဟဲဟဲ လုပ်နေသည်။ စိုပြေက ကျော်ဇေယျပခုံးကို ခပ်ပြင်းပြင်းလေး ပုတ်ပြီး ...

"အစ်ကို့ကုမ္ပဏီနာမည်က Golden Flower ဆိုတော့ လှသားပဲဗျ။ Golden ဆိုတာက 'ရွှေ'၊ Flower ဆိုတာက 'ပန်း'၊ အင်း ... ဒီတော့ အစ်ကိုက ရွှေပန်းပိုင်ရှင်ကြီးပဲဗျ ... နော် ... ။ ဟုတ်တယ် မဟုတ်လား"

"အဲ ... ဟုတ် ဟုတ်ပါတယ်"

"ကျွန်တော်က စတာနော်။ ရတယ်မို့လား"

"ရ ရပါတယ်"

သူ့စကားနှင့်သူမို့ ကျော်ဇေယျ အောင့်သက်သက်နှင့် ငြိမ်ခံနေရသည်။ စိုပြေက ဒါလောက်နှင့် မရပ်သေးဘဲ ကျော်ဇေယျကို စေ့စေ့စပ်စပ်ကြည့်ပြီး ...

"ဟာ ... အခုမှ သတိထားမိတယ် ... ကြည့်စမ်း ... "

"ဘာ ဘာလဲ"

"ဌါ့အစ်ကိုက တင်တွေရင်တွေနဲ့ပဲ"

"ဟင်"

"တော်တော်ထွက်တယ်နော်။ စူနေတာပဲ"

"အဲ ... "

ကျော်ဇေယျ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ ခန္ဓာကိုယ်ထွားသော ကျော်ဇေယျက သူ့ဗလနှင့် မာဆယ်ကြွက်သားတွေပေါ်အောင် အကျီအကြပ်နှင့် ဘောင်းဘီအကြပ် ဝတ်ထားတာဖြစ်သည်။

လူကလည်း အနည်းငယ် ဝသဖြင့် အကြပ်တွေဝတ်လိုက်သောအခါ ရင်ကမောက်တက်ပြီး တင်ကကောက်ထွက်လာသည်။

ဒါကိုကြည့်ပြီး စိုပြေက ပြောတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က နောက်တာပါ။ ရတယ်မို့လားဟင်"

"ရ ရပါတယ်"

မအီမလည်နှင့် ကျော်ဇေယျ ခံနေရသည်။ လူအများရှေ့မှာမို့ သူ ရှက်လည်းရှက်နေ၏။

မိန်းကလေးတစ်ယောက် တင်တွေရင်တွေ ထွက်နေတယ်ဆို ... ဒါ ပြဿနာ မဟုတ် ... ။ ယောကျ်ားလေးတစ်ယောက်က တင်တွေ ရင်တွေ ထွက်နေတယ်ဆိုတော့ ... မြင်ရကြားရတာ သိပ်လမိုင်းမကပ်ချေ။

အခြားလူတွေက စိုပြေ တမင်တကာ ကြပ်နေမှန်းသိသဖြင့် ဘာမှဝင်မပြောဘဲ ရယ်ချင်စိတ်ကို မျိုသိပ်ထားရသော မျက်နှာထားတွေနှင့် နှုတ်ဆိတ်နေကြသည်။

စိုပြေက ကျော်ဇေယျလက်ထဲမှာ တပြပြနှင့်ကိုင်ထားသော ဟမ်းဖုန်းကို ကြည့်ပြီး ...

"အစ်ကို ... အဲ့ဒါ ကတ်ဖုန်းလားဟင်"

"ဟာ ... မဟုတ်ပါဘူး။ ဂျီဖုန်းပါ"

"ဪ ... လက်စသတ်တော့ ဂျီပုန်းကြီးပဲ"

"အမ်"

ကျော်ဇေယျ အီစလံဇေသွားသည်။ ဟိုလိုလို ဒီလိုလိုဆိုတော့ ပြန်ပြောရလည်းအခက် ... ။

အဲဒီအချိန်မှာပဲ စိုပြေက သူ့သူငယ်ချင်းတွေကို ပြန်ရန်အချက် ပြလိုက်သည်။ ပြီးနောက် ... ကျော်ဇေယျ ပခုံးကို ခပ်ပြင်းပြင်းလေးပုတ်ပြီး နှုတ်ဆက်သည်။

"တင်တွေရင်တွေနဲ့ ရှေ့ပန်းပိုင်ရှင် ကိုဂျီပုန်းကြီးရေ ... ကျွန်တော်တို့ ပြန်လိုက်ဦးမယ်ဗျာ ... နော် ..."

ဒီတစ်ခါတော့ သည်းမခံနိုင်တော့ဘဲ ကျော်ဇေယျ တစ်ခုခု ပြန်ပြောရန် ပြင်လိုက်သည်။ သို့သော် ... စိုပြေက သူ့အရင်ဦး၏။

www.burmeseclassic.com

www.burmeseclassic.com



''စရင်နောက်ရင် အစ်ကို ပျော်တယ်ဆိုလို့ အစ်ကိုပျော်အောင် ကျွန်တော်က တမင်တကာ စတာနောက်တာနော်။ အစ်ကို ပျော်တယ် မို့လား်ဟင်''

''အဲ ...''

ဒီတစ်ခါလည်း ကျော်ဇေယျ ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်သွားပြန်သည်။ စိုပြေက မျက်နှာချိုလေးသွေးပြီး သုတ်ခနဲ ထထွက်သွား၏။ သူ့နောက်မှ အခြားလူတွေလည်း လိုက်ပါသွားကြ၏။

ထိုအခါ ...

ပါးစပ်အဟောင်းသားပွင့်လျက် မခံချိမခံသာနှင့် ကျန်ရစ်ခဲ့ရသော ကျော်ဇေယျ စိတ်ထဲမှာ 'ချည်ပြီး တုပ်ပြီး' ဆိုတာ ဒါမျိုးပဲ ... ဟု သင်ခန်းစာတစ်ခု ရသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com


မင်္ဂလာဦးည ... ။

သတို့သားစိန်အုံးသီးနှင့် သတို့သမီးညိုလုံးသည်မင်္ဂလာအိပ်ခန်းအတွင်းမှာ မင်္ဂလာလက်ဖွဲ့ပစ္စည်းတွေကို ဖွင့်ဖောက်ကြည့်ရှုနေကြလေသည်။

ထိုသို့ ကြည့်ရှုနေရင်းမှ လက်ဖွဲ့ဘူးတစ်ခုကို တွေ့သောအခါ

''အမယ် ... ဒီလက်ဖွဲ့ဘူးက ထူးထူးဆန်းဆန်းပါလား''

''အင်း ... ဟုတ်တယ်နော်။ မင်္ဂလာဦးညတွင် သတို့သမီးသည် ဤလက်ဖွဲ့ဘူးအတွင်း၌ ပါရှိသောဝတ်စုံကို ဝတ်ဆင်ပါက သတို့သားသည် ပို၍ စုံမက်မြတ်နိုးလိမ့်မည် ... တဲ့။ အထဲမှာပါတာ ဘာဝတ်စုံလဲမသိဘူးနော်''

နှစ်ယောက်သား စိတ်ဝင်တစားနှင့် လက်ဖွဲ့ဘူးကို အလျှင်အမြန်ဖွင့်ဖောက်ကြည့်ကြ၏။

ထိုအခါ ...

ဗလာကျင်းနေသော လက်ဖွဲ့ဘူးအတွင်းမှာ မည်သည့်ပစ္စည်းမှ မပါရှိချေ။

''ဟင် ... ဘာ ဘာမှလည်း မရှိဘူး။ ပြောင်သလင်းခါနေတာပဲ''

''ဒါ ဒါဆို ... အခုည နှင်းဝတ်ရမယ့် ဝတ်စုံက ...''


www.burmeseclassic.com

www.burmeseclassic.com


"အဲ ... "

သတို့သမီး တွန့်ခနဲ ဖြစ်သွားသည်။ သတို့သားမျက်နှာကတော့ ပြုံတီတီနှင့် ... ။

လက်ဖွဲ့ရှင်ကို သိတယ်မို့လား ...

ဝေတီက ဒါမျိုးမှာလည်း အဲဒီလို သိပ်အပို့ကောင်းတာ ... ။


www.burmeseclassic.com

www.burmeseclassic.com



စိန်အုန်းသီးနှင့် ညိုလုံး ခိုးပြေးဖြစ်တာလည်း စိုပြေ၏စနက် မကင်းချေ။

တစ်နေ့ ... စိန်အုန်းသီးက စိုပြေရှေ့မှာ ပြောမိသည်။

''ငါ့ကောင်မလေးကို ငါ ပိုင်ဆိုင်ချင်ပြီကွာ။ အဲ့ဒါ ဘယ်လိုလုပ်ရင် ကောင်းမလဲ''

''ပိုင်ဆိုင်ချင်ရင် ခိုးပြေးပေါ့ကွ''

စိုပြေ အပြောက ပြတ်သည်။ စိန်အုန်းသီး တွေးတွေးဆဆဖြစ်သွား၏။

''ခိုးတာကတော့ ဟုတ်ပါပြီ။ သူက ပညာမစုံသေးဘူး ဥစ္စာမစုံသေးဘူး ဘာညာနဲ့ ငြင်းနေရင် ဘယ်လိုလုပ်မလဲ''

''ခဏစောင့် ... ''

စိုပြေက စာရွက်တစ်ရွက်မှာ ကဗျာတစ်ပုဒ် ရေး၏။ ပြီးသော အခါ စိန်အုန်းသီးကို ပေးလိုက်သည်။

စိန်အုန်းသီးက ထိုကဗျာကို ညိုလုံးအား သွားပြသည်။ ထို့နောက် ... မကြာမီ ... စိန်အုန်းသီးနှင့်ညိုလုံး နှစ်ဦးသဘောတူ ခိုးပြေးကြခြင်း ဖြစ်၏။

ကဗျာမှာ ...



www.burmeseclassic.com

www.burmeseclassic.com



လာပါအချစ်ရယ်
တွေဝေမနေပါနဲ့
အနေနီးဖို့အရေးအတွက်
မြေကြီးပေါ်မှာ ကျောခင်းအိပ်ရင် အိပ်ရပါစေ
အဝတ်စာစ်ထည် ကိုယ်တစ်ခုစီနဲ့ပဲ
ငါတို့နှစ်ယောက် အနူးညွှံဆုံးကဗျာတစ်ပုဒ် စပ်လိုက်ကြရအောင်

စိုပြေက ထိုကဗျာခေါင်းစဉ်ကို 'သေဖော်ညှိခြင်း' ဟု တိတ်တဆိတ် အမည်ပေးထားကြောင်း ကာယကံရှင်နှစ်ဦး အခုထိ မသိကြသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဒီစာကို ဖွဲ့နာမည်နဲ့ အတန်းထဲက Blackboard မှာ ကပ်ထား တာတဲ့။ ဘယ်သူပေးမှန်းလည်း မသိဘူး။ ဘာတွေရေးထားမှန်းလည်း မသိဘူး"

နေ့လယ်စာစားချိန် ကျောင်းကင်တင်းမှာ သူတို့သူငယ်ချင်း သုံးယောက်ဆုံတော့ ရွှေသဲဖြူက ညည်းညည်းညူညူ ပြော၏။

ဆက်ပိုင်မှူးက ရွှေသဲဖြူလက်ထဲမှ စာရွက်ကို ယူကြည့်ပြီး ခေါင်း ခါသည်။

"ဒါ ဘာအဓိပ္ပာယ်လဲ မသိဘူးနော်"

စာရွက်မှာ ရေးထားတာက ...

$$I\left[\frac{L}{2M} \times 6\ \frac{3Mo-2Mo}{3} \times \frac{1}{\sqrt{V^4E^4}} \times V^3E^3\right] \quad You$$

စိုပြေက ထိုစာရွက်ကို ယူကြည့်ပြီး ...

"နင်ကလည်း ဝေးလိုက်တာ ရွှေသဲရာ။ ဒါလေးတောင် မသိဘူး လား။ အဲ့ဒါ နင့်ကို ချစ်တယ်လို့ပြောတာဟ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ ဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



စာရွက်အလွတ်တစ်ရွက်မှာ စိုပြေက ထိုပုစ္ဆာကိုတွက်ပြသည်။

$$I \left[ \frac{L}{2M} \times \not{6}^{2}\, \frac{3Mo-2Mo}{\not{3}} \times \frac{1}{\sqrt{V^4E^4}} \times V^3E^3 \right] \quad You$$

$$I \left[ \frac{L}{\not{2}M} \times \not{2}\ (\not{M}o) \times \frac{1}{\not{V}^2\not{E}^2} \times \not{V}^3\not{E}^3 \right] \quad You$$

$$I \quad (Lo \times vE) \quad You$$

$$I \quad (LovE) \quad You$$

I LovE You

"အမယ် ... ဒီလိုကျတော့လည်း ဟုတ်သားပဲ"

ရွှေသဲဖြူ ခေါင်းတညိတ်ညိတ် ဖြစ်သွားသည်။ ဆက်ပိုင်မှူးက

"စာပေးတဲ့လူက ကိုယ်တိုင်မပေးဘဲ ဘာဖြစ်လို့ blackboard မှာ ကပ်ထားတာလည်း မသိဘူးနော်"

"ဒါကတော့ ရှင်းပါတယ်ဟယ်။ နင်တို့နှစ်ယောက်က ဖါ့အနား မှာ အမြဲတမ်းလိုလို ရှိနေတော့ လူကိုယ်တိုင်လာဖို့ အခွင့်မသာလို့ ဖြစ် မှာပေါ့"

စိုပြေက ...

"ရွှေသဲ ... အဲဒီလူ ဘယ်သူလဲဆိုတာ နင် မသိချင်ဘူးလား တင်"

"မသိချင်ပါဘူးဟာ။ အပိုမဆလာတွေ အာရုံနောက်လို့ ... ဘာလုပ်မှာလဲ"

ရွှေသဲဖြူက စိတ်မဝင်စားဟန်ဖြင့် အစားကိုသာ အာရုံပြုနေ သည်။ အဲသည်အချိန်မှာပဲ ဆက်ပိုင်မှူးက 'စတော်ဘယ်ရီတစ်ခွက်' ဟု



www.burmeseclassic.com

www.burmeseclassic.com



အော်မှာသည်။

ဤသို့ဖြင့် ...

I love You ပုဒ်ကို blackboard မှာ ကပ်တာ ဘယ်လူလဲ ... ဆိုသော အကြောင်းအရာသည် မေးခွန်းအဖြစ်သို့ ရောက်မလာဘဲ အစား အသောက်တွေကြားထဲ၌သာ နစ်မြုပ်ပျောက်ကွယ်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတစ်ရံမှာ ...

မေးခွန်းတွေအတွက် အဖြေဆိုတာရှိရန် လိုအပ်သည်။

တစ်ခါတစ်ရံမှာ ...

အဖြေတွေက မေးခွန်းတွေကို စောင့်ကြိုမျှော်လင့်နေတတ်ပါ၏။

သေချာတာကတော့ ...

မေးခွန်းမရှိသော ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်ပြဖို့အရေး ... သင်ကိုယ်တိုင်လည်း တွန့်ဆုတ်နေးကွေးပေလိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com



ညနေကျောင်းဆင်းချိန်မှာ သူတို့သူငယ်ချင်းသုံးယောက် စိမ်းလန်းစိုပြေသို့ သွားကြသည်။ စိုပြေကတော့ သူ့ရှယ်ယာတစ်ဝက်ပါသော နေရာဟု ဆို၏။

ရေစပ်တွင်ရှိသော ထိုင်ခုံလေးတွင် သုံးယောက်အတူ မျှတထိုင်ရင်း စိုပြေက ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူကို ပဟေဠိ ဖွတ်နေသည်။

၈ ၈ ၈ ၈ ၈ ၈ ၈ ၈

"အဲဒီ ၈ဂဏန်း ၈လုံးကို ၁၀၀၀နဲ့ ညီမျှအောင် သင်္ချာသင်္ကေတတွေ ထည့်ကြည့်"

ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူ အလုပ်ရှုပ်သွားသည်။

နောက်တော့ ...

စဉ်းစားမရသဖြင့် အဖြေကိုမေးသည်။ ဒီတော့မှ စိုပြေက တွက်ပြ၏။

၈ + ၈ + ၈ + ၈၈ + ၈၈၈ = ၁၀၀၀



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ...

တင်နှင့်ရင်ကိုကောဲ့၍သူတို့ထံ လှမ်းလာသော ကျော်ဇေယျအား တွေ့မြင်လိုက်ရသည်။

စိုပြေက ကျော်ဇေယျ အနားရောက်တာနှင့် ...

"ဟာ ... အစ်ကို ... မျက်စိအစာလာကျွေးတာလား။ တင်တွေ ရင်တွေတောင် ပိုထွက်လာတယ်နော့"

"အဲ ..."

ကျော်ဇေယျ အိုးတိုးအမ်းတမ်းဖြစ်သွားသည်။ သို့သော် မျက်နှာပိုးကို သပ်၍ ရွှေသဲဖြူကို ကြည့်ကာ ...

"ဒီရှေ့က ကားဖြတ်အမောင်းမှာ ရွှေသဲတို့ ဒီအဲထဲဝင်သွားတာ တွေ့လို့ ကိုယ်လိုက်လာတာ။ တစ်ခုခုသွားစားရအောင်လေ"

ရွှေသဲဖြူက ...

"မစားတော့ပါဘူး ကိုကျော်ဇေယျရယ်။ ဒီမှာ စိုပြေ ပဟေဠိဖွတ်တာ ဖြေနေတာလေ ... အဲဒါကြောင့်မို့လို့ပါ"

"ပဟေဠိ ... ဟုတ်လား ...။ ပဟေဠိဆို ကိုယ်လည်း စိတ်ဝင်စားတယ်။ ကိုယ်လည်းပါမယ်လေ။ တစ်ယောက်တစ်လဲ ဖွက်ကြတာပေါ့"

ကျော်ဇေယျက အမှတ်မရှိဘဲ အတင်းဝင်လုံးပြန်သည်။ ရွှေသဲဖြူထံမှ စာရွက်နှင့် ဘောလ်ပင်ယူပြီး သူ့ပဟေဠိကို ရေးသည်။

ပြီးတော့ ... စိုပြေကို ပေး၏။

## ၉ ဂာမ

"အဲဒါကို ဘယ်လိုအသံထွက်ဖတ်မလဲ။ မှန်အောင်ဖတ်ပြ"

စိုပြေက ပဟေဠိစာရွက်ကို ကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။ ကျော်ဇေယျက ...

www.burmeseclassic.com



"အစ်ကို ပုံစံက မထင်ရဘူးနော်"

"ဘာလဲ ... ဒီလောက် ဉာဏ်ရှိလိမ့်မယ်လို့လား"

"မဟုတ်ပါဘူး။ သူငယ်နာမစင်သေးတဲ့ လူမှန်း မထင်ရဘူးလို့ ပြောတာ"

"ဘာကွ"

ကျော်ဇေယျ ရှုံးရှုံးရှဲ့ရှဲ့ ဖြစ်သွားသည်။ စိုပြေက မျက်နှာချိုသွေး၍ ...

"ကျွန်တော်ကခင်ရင် စတတ်နောက်တတ်တယ်လို့ အစ်ကို့ကို ပြောထားတယ်လေ။ အခုလည်း စတာပါဗျ"

ကျော်ဇေယျဒေါသ ပြုံ့တစ်ပြုံ့တစ် ဖြသွားသည်။ ရွှေသဲဖြူရှေ့မှာမို့ သူ့ကိုယ်သူ သဘောထားကြီးသည့်ဟန်မျိုး ဖမ်း၍ ...

"ထားပါတော့လေ ...။ ဒါနဲ့ ဒီပဟေဠိရဲ့ အဖြေကို မသိဘူးမို့လား"

စိုပြေက ရယ်ကျဲကျဲနှင့် ခေါင်းကုတ်ပြီး ...

"အစ်ကို့ ပဟေဠိက ကလေးသွားမေးတောင် သိလောက်တယ်။ အဲ့ဒါကလေးတွေ ဖွတ်လေ့ရှိတဲ့ ပဟေဠိမျိုး ... ပ,ထဲကို လ, ဝင်ပြီး က.က မ,ကိုထမ်းထားလို့ 'ပလဝင် ကမထမ်း ... 'ဟုတ်တယ်မို့လား"

ကျော်ဇေယျ ငြိမ်ကျသွားသည်။ စိုပြေက ပတ်ဝန်းကျင်ကို ပျက်စီကစားပြီး ...

"ဒီတစ်ခါကျွန်တော်မေးရမယ့် အလှည့်နော်။ အစ်ကို ဖြေရမှာ"

"မေးစမ်းပါ။ ကြိုက်တာမေး"

စိုပြေက ဘာမှ မပြောသေးဘဲ ရေစပ်သို့သွား၍ ဖျက်ခနဲ လှုပ်ရှားလိုက်သည်။ ထိုအခါ ... သူ့လက်ထဲမှာ ဖားတစ်ကောင် ပါလာ၏။

စိုပြေက ထိုဖားကို ပြပြီး ကျော်ဇေယျကို မေးသည်။

"လူတစ်ယောက်နဲ့ ဖားတစ်ကောင် အခုန်ပြိုင်ရင် ဘယ်သူနိုင်မယ် ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျက ခဏ စဉ်းစားပြီး ...

''လူပဲနိုင်မှာပေ့ါ။ ဖားက သေးသေးလေးဟာကို''

''မဟုတ်သေးဘူးထင်တယ်။ ဖားနိုင်လောက်တယ်ဗျ''

''မဖြစ်နိုင်ဘူး။ လူပဲ နိုင်ရမယ်။ ဖားက လူရဲ့ ခြေဖဝါးလောက် တောင်မှ မရှိတာ''

''ကဲ ... ဒါဆို ... ဒီဖားကို နိုင်အောင် အစ်ကို လက်တွေ့ခုန်ပြ နိုင်ပါ့မလား''

စိုပြေက သူ့လက်ထဲမှ ဖားကိုပြပြီး စိန်ခေါ်သည်။ ကျော်ဇေယျ ကလည်း အညှံ့မခံချင်စိတ်နှင့် ...

''ဒီဖားသေးသေးလေးလောက်တော့ကွာ ... ပျင်းတောင်ပျင်း သေးတယ်။ နိုင်အောင် ခုန်ပြမယ်''

ဤသို့ဖြင့် ... ဖားနှင့်လူ၏ အခုန်ပြိုင်ပွဲ ပေါ်ပေါက်လာလေသည်။ ဆက်ပိုင်မှုနှင့် ရွှေသဲဖြူကတော့ ပွဲကြည့်ပရိသတ်သက်သက် ဖြစ်သည်။

စိုပြေက တာလွှတ်စည်းတစ်ခု သတ်မှတ်ပြီး ထိုစည်းပေါ်မှာ ကျော်ဇေယျကို ရပ်စေ၏။ ဖားကို ကိုင်ထားသော သူ့လက်ကိုလည်း စည်းပေါ်မှာတင်ထားသည်။

ပြီးသောအခါ ...

''ဖားခုန်တာနဲ့ ဖားကိုနိုင်အောင် သူခုန်ရွေ့ အစ်ကိုလည်း အဆင့်ဆင့် အပြိုင်လိုက်ခုန်ရမှာနော်''

''အင်းပါ''

''ဖြစ်တယ်မို့လား''

''ပျင်းတောင်ပျင်းသေး''

''ကဲ ... ဒါဆို စမယ်။ ရယ်ဒီ ... ဝမ်တူး ... သရီး ... ''

စိုပြေက မြေကြီးကို ဘုန်းခနဲ ပုတ်ပြီး လက်ထဲမှ ဖားကိုလွှတ် လိုက်သည်။ ထိုအခါ ဖားကလန့်ပြီး တအား ဆောင့်ခုန်ထွက်သွားလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



''အင်းပါ''

''ဖြစ်တယ်မို့လား''

''ပျင်းတောင်ပျင်းသေး''

''ကဲ ... ဒါဆို စမယ်။ ရယ်ဒီ ... ဝမ်း ... တူး ... သရီး ...''

စိုပြေက မြေကြီးကို ဘုန်းခနဲ ပုတ်ပြီး လက်ထဲမှ ဖားကို လွှတ်လိုက်သည်။ ထိုအခါ ဖားကလန့်ပြီး တအား ဆောင့်ခုန်ထွက်သွားလေသည်။

ကျော်ဇေယျကလည်း အားကျမခံ ဖားနှင့်အပြိုင် လိုက်ခုန်သည်။ သို့သော် ဖားကို မမှီချေ။ တစ်ပေကျော်ကျော်လောက် အကွာမှာ ပြတ်ကျန်ခဲ့၏။

ကျော်ဇေယျ၏ ခြေချသံကြောင့် ဖားကလန့်ပြီး နောက်တစ်ဆင့် ထပ်ခုန်ပြန်သည်။ ကျော်ဇေယျကလည်းအားကျမခံအစွမ်းကုန်လိုက်ခုန်၏။

သို့သော် ... ဖားကိုကျော်ဖို့ ဝေးစွ ... ။ ဖားအနားကိုပင် မရောက်ချေ။

ဤသို့ဖြင့် ... ဖားကလန့်ပြီး ခုန်လိုက် ... ၊ ကျော်ဇေယျက ခုန်လိုက်နှင့် ... ဖြစ်နေသည်။ ဥယျာဉ်အတွင်းရှိ အခြားလူများကလည်း မကြီးမငယ်နှင့် ခုန်ဆွလုပ်နေသော ကျော်ဇေယျကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြ၏။

ကျော်ဇေယျကတော့ ပတ်ဝန်းကျင်ကို သတိမပြုမိဘဲ ဖားကို အနိုင်ရရေးအတွက်သာ အာရုံစိုက်ကြိုးပမ်းနေ၏။

နောက်တော့ ...

ဖားက သူပျော်မွေ့ရာအရပ်ဖြစ်သော ရေစပ်သို့ အဆင့်ဆင့် ခုန်သွားသည်။ ကျော်ဇေယျကလည်း မခံချိမခံသာစိတ်နှင့် ဖားသွားရာ လမ်းကြောင်းအတိုင်း အားကုန်သုံး၍ အဆင့်ဆင့် လိုက်ခုန်သည်။ ချွေး ဒီးဒီးကနေပေမယ့် ဖွဲ့မလျော့စိတ်မချချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ခုန်နေရင်းမှ ...

တစ်ချိန်တွင် ...

ရေစပ်ရှိ ရေညှိတွေနှင့် ကျောက်တုံးတစ်တုံးပေါ် ခြေအကျ... ဘဝင်မြင့်သဖြင့် အောက်ခြေလွတ်သွားရာ ...

''ဗွမ်း''

''အား''

ခွေးကျ ဝက်ကျ ကျခြင်းဖြစ်သည်။ ဖားတစ်ခုန် ခုန်သောလူမှာ ဖင်ရိုးကျိုးမတတ်ဆတ်ဆတ်ခါ နာသွားသည်။ တစ်ကိုယ်တော် အတာသကြိမ်ပွဲလည်း ဆင်နွှဲလိုက်ရ၏။

ကြည့်နေသူတွေထံမှလည်း ရယ်သံတွေ ခပ်အုပ်အုပ် ထွက်ပေါ်လာကြလေသည်။

ဒီတော့မှ စိုးပြေက ကျောက်ဖေယျူထံသွားပြီး ...

''အစ်ကိုကို ကျွန်တော်ပြောဖို့ မေ့သွားလို့ဗျ။ ပျမ်းမျှအားဖြင့် ဖားတစ်ကောင်ဟာ အဝေးဆုံး ၁၅ပေ ၅လက်မအထိ ခုန်နိုင်တယ်။ လူကတော့ ရပ်နေရာက ခုန်ရင် ၁၂ပေ ၁၀/၂လက်မပဲ ခုန်နိုင်တယ်...တဲ့ ...။ ဒါကြောင့် ... သာမန်လူတစ်ယောက် ဘယ်လောက်ပဲ အားစိုက် ခုန်ခုန် ဖားကိုတော့နိုင်မှာ မဟုတ်ဘူးဗျ''

ကျောက်ဖေယျူခမျာ ...

တုံ့ပြန်စကားပင် မဆိုနိုင်ရှာဘဲ ...

နာကျင်သွားသော တင်ပဆုံမှိုမှိုကို ပြန်စမ်းရင်း ...

မျော့မျော့ပျော့ပျော့သာ ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

ဒီရက်ပိုင်းအတွင်းမှာ ထူးခြားဖြစ်စဉ်အနေနှင့် ဆက်ပိုင်မှူး၏ ပူဆာမှုကြောင့် သူ့မိဘနှစ်ပါးက ဆက်ပိုင်းမှူးကို G . S . M ဖုန်းတစ်လုံး နှင့် ပြိုင်ကားတစ်စီး ဝယ်ပေးသည်။

သူတို့ သူငယ်ချင်းသုံးယောက်ထဲမှာ ဆက်ပိုင်မှူးတို့ မိသားစုက စီးပွားရေးအင်အား အတောင့်တင်းဆုံးဖြစ်ပြီး စိုပြေတို့မိသားစုနှင့် ရွှေသဲဖြူ တို့မိသားစုကတော့ သူမသာကိုယ်မသာ အလယ်အလတ်တန်းစားသာ ဖြစ်သည်။ တူညီတာတစ်ခုကတော့ သူတို့သုံးယောက်စလုံး တစ်ဦးတည်း သော သားသမီးတွေသာဖြစ်သည်ဆိုသော အချက်ပင်။

ဒါကြောင့်မို့လည်း မွေးချင်းပေါက်ဖော်မရှိသော သူတို့သုံးယောက် သည် တစ်ဦးနှင့်တစ်ဦး ပိုမို တွယ်တာစည်းလုံးကြတာ ဖြစ်၏။

ဟမ်းဖုန်းတကိုင်ကိုင်နှင့် လိုတာထက်ပို၍ ရှိုးပြလွန်းသူများကို 'ဂျီပုန်း' ဟု စလေ့ရှိသော စိုပြေသည် ဆက်ပိုင်မှူး ဖုန်းကိုင်တော့ ထိုသို့ မစချေ။

ဆက်ပိုင်မှူးကလည်း လိုအပ်မှသာ ဖုန်းကို အသုံးပြု၏။

ဆက်ပိုင်မှူး ကားမောင်းသင်တော့လည်း စိုပြေနှင့် ရွှေသဲဖြူ က အဖော်လိုက်ပေးကြရသည်။ ကားမောင်းတတ်သွားသောအခါ ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်မှူးက ကားကို အမြန်မောင်းချင်သည်။ ထိုအခါ ရွှေသဲဖြူကတအား အမြန်မမောင်းဖို့ သတိပေးသည်။

စိုပြေကတော့ ပါးစပ်ကမပြောဘဲ သူ့ဝါသနာအရ ကွန်ပျူတာစာ စီပြီး မောင်းသူရှေ့အတွင်းမှန်အပေါ်ထောင့်မှာ ကပ်ထားပေးသည်။

ဘတ်စ်ကားလိုင်းကား ယာဉ်မောင်းများ၏ အနီးအနားတွင် ကပ်ထားလေ့ရှိသည့် ... 'သင်အိမ်ပြန်လာချိန်ကို သင်၏ မိသားစုက စောင့်မျှော်နေသည်' ဆိုသော စာတမ်းမျိုးတော့ မဟုတ်။

စိုပြေ၏ သတိပေးစာတမ်းကား ...

တစ်နာရီ မိုင်ခြောက်ဆယ်နှုန်းဖြင့် မောင်းလျှင် ... အချုပ်ခန်း အကျဉ်းထောင်သို့ ရောက်ဖူးလိမ့်မည်။

တစ်နာရီ မိုင်ရှစ်ဆယ်နှုန်းဖြင့် မောင်းလျှင် ... ဆေးရုံဆေးခန်းသို့ ရောက်ဖူးလိမ့်မည်။

တစ်နာရီ မိုင်တစ်ရာနှုန်းဖြင့် မောင်းလျှင် ... သုသာန် သင်္ချိုင်းသို့ ရောက်ဖူးလိမ့်မည်။

ကဲ ... အဲဒီလိုဆိုတော့ ...

သူတို့အနားမှာ မရှိနိုင်ချိန်တွေလည်း ကားမောင်းတိုင်း အမြဲသတိ ပေးသလို ဖြစ်မနေဘူးလား ... ။



www.burmeseclassic.com

www.burmeseclassic.com


သာယာသော ညနေခင်းတစ်ခုမှာ ဆက်ပိုင်မှူးက ကားလျှောက်မောင်းချင်တယ်ဟု ပြောပြီးလာခေါ်သဖြင့် စိုပြေပါလာခဲ့သည်။

နေဝင်ရီတရော အချိန်ဖြစ်သဖြင့် ရွှေသဲဖြူကိုတော့ ဝင်မခေါ်ခဲ့ချေ။

ဆက်ပိုင်မှူးက ကားကို ပြည်လမ်းတစ်လျှောက် မောင်းပြီးသောအခါ အင်းလျားမှာရပ်သည်။ နောက် ... သူတို့နှစ်ယောက် ကန်ဘောင်ပေါ်မှာ လမ်းလျှောက်ကြ၏။

လမ်းလျှောက်နေရင်းမှ ဆက်ပိုင်မှူးက ...

''စိုပြေ ... မင်းကိုငါ တစ်ခု မေးချင်လို့ ... ''

ဘာလဲ ... ဆိုသော သဘောဖြင့် စိုပြေက မေးဆတ်ပြသည်။ ထိုအခါ ဆက်ပိုင်မှူးက ရှက်ကိုးရှက်ကန်း အမူအယာနှင့် ...

''ကောင်မလေးတစ်ယောက်ကို ရည်းစားစကားပြောချင်ရင် ဘယ်လို ပြောရင် ကောင်းမလဲ။ အဲ့ဒါ ငါစဉ်းစားမရလို့ကွ''

စိုပြေက ရယ်သည်။

''ရည်းစားစကား ပြောတာပဲကွာ။ ချစ်တယ်လို့ပြောလိုက် ပြီးပြီပေါ့။ ဘာခက်လို့လဲ ... ''

''အဲ့ဒါတော့ မင်းပြောမှလားကွ။ ငါလည်း သိတာပေါ့ ဒါပေမယ့်


www.burmeseclassic.com

www.burmeseclassic.com


ငါက အဲဒီချစ်တယ်ဆိုတဲ့ စကားကို တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်ပြော ချင်တာ။ မင်းက အဲဒီလို ထူးထူးဆန်းဆန်းလေးတွေဆို သိတယ်လေ။ အဲ့ဒါကြောင့် မေးကြည့်တာ''

စိုးပြေက ဆက်ပိုင်မှူးကို အံ့သြဟန်ဖြင့် ကြည့်ကာ ...

''ဟိတ်ကောင် ဆက်ပိုင် ... မင်းက ချစ်တတ်နေပြီပေါ့လေ ... ဟုတ်လား ...''

''အေး ... အဲဒီလို ထင်တာပဲ''

''ဘယ်သူလဲ ... ။ ဘယ်ကလေဒီလဲ''

''နောက်တော့ မင်းသိရမှာပါကွာ။ အခုလောလောဆယ်တော့ ငါ့ကို ကူညီစမ်းပါဦး။ တိုက်ရိုက်ကြီး ပြောရမှာ မျက်နှာပူလို့ကွ။ အဲ့ဒါ ဘယ်လိုပြောရင် ကောင်းမလဲ''

စိုးပြေက စဉ်းစားပြီး ...

''သွယ်ဝိုက်ပြောချင်ရင် တစ်နည်းတော့ရှိတယ်ကွ''

''ဘာလဲ''

''အဲ့ဒါက နည်းနည်းတော့ ကလေးကလားဆန်တယ်။ ဒါပေမယ့် စသလိုနောက်သလိုနဲ့ အတည်ပေါက် ပြောချလိုက်လို့ရတယ်။ မျက်နှာ သိပ်မပူရဘူးပေါ့ကွာ''

''ဟုတ်လား ... အဲ့ဒါဆို ပြောကွာ''

''အဲ့ဒီနည်းကို ငါကိုယ်တိုင် အသုံးချဖို့အတွက် စဉ်းစားထား တာနော်။ မင်းမို့လို့ ပြောပြမှာ''

''အေးပါကွာ...အရစ်ရှည်လိုက်တာ။ ပြောမှာသာပြောစမ်းပါ''

ဆက်ပိုင်မှူးက သိချင်စိတ်တွေ ပြင်းပြနေပြီ။ စိုးပြေက မပြောသေး ဘဲ နှုတ်ခမ်းကို လျှာနှင့်သပ်ကာ ...

''ဝက်သားတုတ်ထိုးစားချင်လိုက်တာကွာ။ ဒီကန်ဘေးက ဝက်သားတုတ်ထိုးက အရမ်းစားလို့ကောင်းတာကွ''

ဒီလောက်ဆို ဆက်ပိုင်မှူး သဘောပေါက်သွားပြီ။ ရှည်ရှည်ဝေး

www.burmeseclassic.com



ရောက်အောင် လမ်းပြန်လျှောက်ပြီး စိုပြေကို ဝက်သားတုတ်ထိုး ကျွေးရ၏။

စိုပြေကလည်း ထမင်းလွတ် တွယ်သည်။

ကျေနပ်အားရမှုရှိမှ ...

''ငါလေနင့်ကို နှုတ်က မပြောရဲလို့ လမ်းနံပါတ်–၃၉က အိမ်နံပါတ်–၂၉မှာ ရင်ထဲက ခံစားချက်နဲ့ ညီမျှတာကို သိမ်းထားတယ် ... လို့ပြောလိုက်''

''အဲ့ဒါ ဘာအဓိပ္ပာယ်လဲကွ''

ဆက်ပိုင်မှူးက မေးတော့ စိုပြေက စပ်တိစပ်ဖြဲနှင့် ...

''အဲဒီအဖြေကို သိချင်ရင် မင်းကောင်မလေးကို ငါ့ဆီလွှတ်ပြီး မေးခိုင်းလိုက်။ သူ့ကို ငါကိုယ်တိုင် သေချာရှင်းပြလိုက်မယ်''

ဆက်ပိုင်မှူး သင်္ကာမကင်းဖြစ်လာသည်။

''စိုပြေ ... မင်းငါ့ကို ကြပ်နေတာတော့ မဟုတ်ပါဘူးနော်''

စိုပြေက မျက်နှာပိုးသပ်ပြီး ...

''မင်းကိုငါ ကြပ်ပါ့မလား ဆက်ပိုင်ရာ။ မင်းကောင်မလေးကို ငါ့ဆီလွှတ်လိုက်ဆိုတာက ... မင်းက လျှို့နေလို့ ... မင်းကြိုက်နေတာ ဘယ်သူလဲလို့သိရအောင်ပါ''

''ဩော်''

ဒီတော့မှ စိုပြေ ဥာဏ်များတာကို ဆက်ပိုင်မှူး သဘောပေါက်သွားသည်။ ယုံကြည်စိတ်ချစွာဖြင့် စိုပြေ၏ ရည်းစားစကားပြောနည်းကိုလည်း အသေအချာ မှတ်သားထားလိုက်၏။

တုတ်ထိုးဆိုင်မှ သူတို့ထလာတော့ မှောင်ရီပျိုးပျပင် ဖြစ်နေလေပြီ။

ကန်ဘောင်ပေါ် လမ်းပြန်လျှောက်တော့ ကပေါက်တိကပေါက်ချာ ကိစ္စတစ်ခုနှင့် ကြုံတွေ့ရသေး၏။ အခြားမဟုတ်။ သူတို့နှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com


အခြောက်လိုက်ခြင်း ဖြစ်သည်။

"ဟယ် ... ဒီသူငယ်လေးနှစ်ယောက် လန်းတယ်တော့"

"အဆင်ပဲ ... အဆင်ပဲ"

ကော့လန်ကော့လန်နှင့် အခြောက်နှစ်ယောက်က သူတို့နောက်မှ ထပ်ချပ်မခွာလိုက်ပြီး ဂလူ၏သို့ မြူ၏သို့ လုပ်နေတော့ ... အနေတည်သော ဆက်ပိုင်မှူး အသည်းယားနေသည်။

"ဟိတ်ကောင် ... ဘယ်လိုလုပ်မလဲ"

စိုပြေက အသာနေဆိုသော သဘောဖြင့် လက်ကာပြသည်။ ခဏကြာတော့ ...

လူရှင်းသောနေရာ ရောက်လာသည်။ ထိုအခါ အခြောက်နှစ်ယောက်က သူတို့အနား အတင်းတိုးကပ်လာပြီး ပွတ်သီးပွတ်သပ်လုပ်လေတော့၏။

အခြောက်တစ်ယောက်က စိုပြေ၏ခါးကို လက်ညှိုးနှင့်တို့ပြီး ခွဲ ပျစ်ပျစ်အသံနှင့် အကြောင်းမရှိ အကြောင်းရှာကာ စကားစသည်။

"ဟိတ် ... ဟိတ် ... ဘယ်နှစ်နာရီထိုးပြီလဲဟေ"

ထိုအခါ ... စိုပြေက ခါးထောက်တင်ကောက်ပြီး မျက်စချီကာ မူနွဲ့နွဲ့အသံနှင့် ပြန်ပြောသည်။

"ခုနစ်နာရီထိုးတော့မယ်အေ့ ... ။ ညည်းတို့ အခုထိ အလုပ်မဖြစ်သေးဘူးလား ... ။ ကျုပ်တောင် ဒီမှာတစ်ယောက်ဖမ်းချိတ်ထားပြီတော့ ... ။ ကျုပ်အစာကိုတော့ လာမလုနဲ့နော် ... ။ လိင်တူပေမယ့် ရန်သူဖြစ်သွားမယ် ... ဘာမှတ်နေလဲ ... ဒါပဲ ... ဒါပဲ ... "

စိုပြေက ပြောပြီးတာနှင့် နှုတ်ခမ်းကိုမဲ့ကာ တစ်ဖက်သို့ချာခနဲ လှည့်သည်။ ပြီးနောက် ... ဆက်ပိုင်မှူး၏ခါးကိုဖက်ပြီး ဟိုပစ်ဒီခါနှင့် ရမ်းတမ်းရမ်းတမ်း ထွက်ခွာသွားလေသည်။

"ဟယ် ... သူလည်း တို့လိုပဲနော်"


www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းလို့ … ကံကောင်းလို့ … ဇာတ်တူသားစားမိပြီး ထသိကိုးသောင်းလို အကျိုးနည်းတော့မလို့ … ဟူး … တော်ပါသေးရဲ့တယ်"

မထင်မှတ်သော တုံ့ပြန်မှုကြောင့် အခြောက်နှစ်ယောက်မှာ ရှက်လုံးအပြူးသားနှင့် ကြက်သေသေလျက် အံ့ဩတကြီး ဖြစ်ကျန်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



စိုပြေဆိုတာ ...
တစ်ဖက်သားကို လှည့်စားရာမှာ
အဲဒီလို တတ်သိထူးချွန်တဲ့ ငနဲလေးပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့ပြား
ကံကြမ္မာရဲ့ လှည့်စားမှုကိုတော့
သူလည်း မပယ်ရှားနိုင်ခဲ့ပါဘူး။

ကိုယ်သွေးထားတဲ့ ဓားနဲ့
ကိုယ့်ကိုယ်ကိုယ် ပြန်လည်လှီးဖြတ်ရတဲ့အဖြစ်မျိုး
သင်တို့ ကြုံဖူးကြပါရဲ့လား ... ။



www.burmeseclassic.com

www.burmeseclassic.com


''ဟဲ့ ... အိပ်ပုတ် ... ထ ... ထ ... နေဖင်ထိုးနေပြီ''

ရွှေသဲဖြူ လာနှိုးသဖြင့် အိပ်မျော်နေရာမှ စိုပြေ လူးလွန့်ရင်းနိုးလာသည်။ ကျောင်းပိတ်ရက်မို့ ရွှေသဲဖြူ သူ့အိမ်ကို အပျင်းပြေ လာလည်တာဟု ထင်မှတ်လိုက်၏။

သို့သော် ...

''ဆက်ပိုင် ငါ့ကို နင့်ဆီ လွှတ်လိုက်လို့ဟ။ အဲဒီကောင် ဘာတွေ ဂျေကျောင်နေလဲ မသိဘူး။ မနက်အစောကြီး ငါ့ဆီလာပြီး ပဟေဠိတွေဖွက်နေတယ်။ ငါလေ နင့်ကို နှုတ်ကမပြောရဲလို့ လမ်းနံပါတ် ၃၉ က အိမ်နံပါတ် ၂၉ မှာ ရင်ထဲက ခံစားချက်နဲ့ ညီမျှတာကို သိမ်းထားတယ်လို့ပြောတယ်။ ငါက အဲ့ဒါ ဘာလဲလို့မေးတော့ နင့်ဆီသွားမေး နင် ဖြေပြလိမ့်မယ် ... တဲ့။ စိုပြေ အဲ့ဒါ ဘာလဲဟင် ... ''

ဘုရား ... ဘုရား ... ဒါ အိပ်မက်ဆိုးတစ်ခုလား။ အဲလိုဆိုရင် အိပ်မက်ရေ ... ငါ့ကိုနှိုးပါတော့။

ဆက်ပိုင်ချစ်တဲ့ မိန်းကလေးက ... ရွှေသဲတဲ့လား ... ။

စိုပြေရင်ထဲမှာ ရုတ်တရက်ချက်ချင်း မွန်းကြပ်ဆို့နင့်သွားသည်။ ငါ ဘာပြန်ပြောရမလဲ ... ။

မေးခိုင်းသူက ဆက်ပိုင်မဟုတ်ဘဲ အခြားတစ်ယောက်ယောက်


www.burmeseclassic.com

www.burmeseclassic.com



သာဆိုလျှင် ကလိမ်စေ့ငြမ်းဆင်ပြီး အခြားအစီပွာယ်တစ်ခုခု သက်ရောက်အောင် လွှဲပြောင်းပြောဆိုလိုက်မိမှာ ဖြစ်သည်။

အခုတော့ ...

သူ့ရင်ထဲမှ ခံစားချက်တွေကို မျက်နှာပြင်ပေါ်ရောက်မလာအောင် ကြိုးစားထိန်းချုပ်၍ အောင်သွယ်တော် လုပ်ပေးလိုက်ပါသည်။

''အဲ့ဒါ တခြားမဟုတ်ဘူးဟ။ ဆက်ပိုင်က နင့်ကို ရည်းစားစကားပြောတာ''

''ဘယ်လို ... ဆက်ပိုင်က ငါ့ကို ရည်းစားစကားပြောတာ ... ဟုတ်လား''

မျက်ဝန်းနက်နက်ကလေးတွေ ဝိုင်းစက်လျက် ရွှေသဲဖြူ အံ့သြသွားပုံရသည်။ စိုပြေက Calculator ယူပြီး တွက်ပြလိုက်၏။

''ငါလေ နင့်ကိုဆိုတာ အမြန်ပြောရင် ... ၅၄၂၉ လို့ အသံထွက်တယ်။ နှုတ်ကမပြောရဲလို့ ဆိုတာကြောင့် - အနှုတ်လက္ခဏာကို နှိပ်။ လမ်းနံပါတ် ၃၉ က အိမ်နံပါတ် ၂၉ ဆိုတာကြောင့် ၃၉၂၉ နှိပ်။ ရင်ထဲက ခံစားချက်နဲ့ ညီမျှတာကို သိမ်းထားတယ်ဆိုတာကြောင့် = ညီမျှခြင်းကို နှိပ်။ အဲဒီမှာ ထွက်လာတဲ့အဖြေက ... ''

စိုပြေက Calculator ကို ရွှေသဲဖြူလက်ထဲ ထည့်ပေးလိုက်သည်။

၅၄၂၉ - ၃၉၂၉ = ၁၅၀၀

''၁၅၀၀ ဆိုတဲ့ ကိန်းဂဏန်းဟာ သံယောဇဉ်ရဲ့သင်္ကေတ၊ အချစ်ရဲ့ပြယုဂ်။ ဆက်ပိုင်က နင့်ကို ချစ်တယ်လို့ တိုက်ရိုက်ပြောရမှာ မျက်နှာပူလို့ သွယ်ဝိုက်ပြောတာဟ''

ရွှေသဲဖြူ နှုတ်ဆိတ်နေသည်။ သိသိသာသာတော့ တုန်လှုပ်သွားပုံမရ။



www.burmeseclassic.com

www.burmeseclassic.com


တစ်ချိန်မှာ ဒီလိုအဖြစ်မျိုးနှင့် ရင်ဆိုင်ရလိမ့်မည်ဟု ... ပတ်ဝန်းကျင် ပြောစကားအရကော၊ သူမ၏ကိုယ်ပိုင် အသိတရားအရပါ ကြိုတင်တွက်ဆထားပုံရသည်။

ခဏကြာတော့ ...

"စိုပြေ ... ငါ ဘာလုပ်ရမလဲဟင်"

"ဆက်ပိုင်ဟာ မိန်းကလေးတစ်ယောက်အတွက် အဖက်ဖက်က ငြင်းစရာပြစ်ချက် မရှိတဲ့ ယောကျ်ားတစ်ယောက်ပါ ရွှေသဲ။ နင် သူ့ကို လက်ခံလိုက်ပါ"

"ငြင်းစရာပြစ်ချက် မရှိရုံသက်သက်နဲ့ပဲ သူ့ကိုငါ လက်ခံလိုက်ရမှာလား။ အချစ်ဆိုတာကိုကော ဘယ်သွားထားမလဲ"

"အချစ်ဆိုတာ သံယောဇဉ်ကနေ ပေါက်ဖွားလာတဲ့ အရာပါဟာ။ သံယောဇဉ်အခံရှိပြီးသား လူတစ်ယောက်ကို ချစ်ဖို့ဆိုတာ သိပ်မခဲယဉ်းဘူးလို့ ငါထင်တယ်။ နင် သူ့အချစ်ကို လက်မခံဘဲ ငြင်းလိုက်ရင် ဆက်ပိုင် အရမ်းရှက်သွားလိမ့်မယ်။ အဲ့ဒါဆို ငါတို့သုံးယောက်ရဲ့ ပတ်သက်မှုကလည်း ပျက်စီးသွားနိုင်တယ် ရွှေသဲ"

တိတ်တခိုးအချစ်ဆိုတာ
ကိုယ့်နှလုံးသားကိုယ် ကြိုးနဲ့တုပ်ပြီး
အငြိုးမရှိဘဲ ရိုက်ပုတ်နေရတာမျိုးပါလား
သူငယ်ချင်းမလေးရယ် ... ။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ဆက်ပိုင်မှူးက ရွှေသဲဖြူနှင့် ချစ်သူဖြစ်သော အထိမ်းအမှတ် အနေနှင့် စိုပြေကို မုန့်လိုက်ကျွေးသည်။ သူတို့သူငယ်ချင်းသုံးယောက် ကြားမှာ တစ်ယောက်တစ်လဲ မုန့်လိုက်ကျွေးသော အစဉ်အလာသည် မထူးခြားပေမယ့် ... ဒီတစ်ခါ စားရတာ စိုပြေရင်မှာ နင်နေ၏။

သုံးယောက်အတူရှိပါလျက် သူ တစ်ယောက်တည်း တစ်ခြမ်းပဲ့ နေသလိုမျိုး ခံစားရသည်။ သို့သော် ... ရွှေသဲဖြူ၏ချစ်သူမှာ အခြားလူ မဟုတ်ဘဲ ဆက်ပိုင် ဖြစ်နေသဖြင့် သူ ပြေသာသလိုတော့ရှိ၏။ ဆုံးရှုံးခြင်း ကြောင့် မီးလိုတောက်လောင်နေသော ဝေဒနာတွေ ပြေပျောက်ငြိမ်းသေ အောင်တော့ဖြင့် မစွမ်းဆောင်နိုင်သေးချေ။

အရာရာကို အချိန်က ကုစားပေးသွားလိမ့်မည်ဟူ၍ပဲ မှတ်ယူ ထားလိုက်ပါသည်။

"ဟိတ်ကောင် ... ငြိမ်လှချည်လား ... "

ဆက်ပိုင်မှူးက စိုပြေ၏ ပခုံးကိုပုတ်၍ ပြောသည်။ ထိုအခါ စိုပြေ က ဖျတ်ခနဲပြုံးပြီး ...

"ခေတ်သစ်အဘိဓာန်အကြောင်း စဉ်းစားနေလို့ပါ"

"ခေတ်သစ်အဘိဓာန် ... ဟုတ်လား ... ။ ဘာလဲ ... Dictio-



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက် ကျောင်းရောက်သောအခါ ကျောင်းရှေ့မှာ မိန့်မိန့်ကြီးရပ်နေသော ကျော်ဇေယျကို တွေ့မြင်လိုက်ရသည်။

ဒီတစ်ခါတော့ ကျော်ဇေယျက ဘောင်းဘီဖင်ကြပ် စပို့ရှပ်နှင့် မဟုတ်ဘဲ စတစ်ကော်လံအဖြူလည်ဂုတိုးနှင့် ယောပုဆိုး အညိုဝတ်ဆင်ထားလေသည်။

စိုပြေက ကျော်ဇေယျကို တွေ့တာနှင့် ...

"ဟာ ... အစ်ကို ... ထမင်းစားဝတ်စုံကြီးနဲ့ပါလား။ ဘယ်အလှူက စားပြီး ပြန်လာတာလဲ"

ကျော်ဇေယျက လွန်စွာတည်ငြိမ်သော မျက်နှာထားနှင့် ...

"ဘုရားက ပြန်လာတာပါ။ ကိုးနဝင်း အဓိဋ္ဌာန်ပုတီးသွားစိတ်တာလေ။ အပြန်မှာ လမ်းကြုံတာနဲ့ ဒီဘက်လှည့်ဝင်လာတာ"

တကယ်သိလိုရိပ်သာလမ်းနှင့်ဘုရားကို လမ်းမကြုံကြုံအောင် စကေးဆွဲစေ့စပ်ပြီး ရောက်လာပုံရ၏။

ရွှေသဲဖြူစိတ်ထဲမှာ သူ့ကို ကြည်ညိုအောင် ရိုးရာဝတ်စုံနှင့် ဟန်ဆောင်တကာ စတန့်ထွင်လာတာလည်း ဖြစ်နိုင်သည်။

"ဘုရားသွားပြီး အဓိဋ္ဌာန်ပုတီးစိတ်တယ်ဆိုတော့ အစ်ကိုက



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေး တော်တော်လိုက်စားတာပဲနော်''

''ဒီလိုပဲ လုပ်ရတာပေါ့။ သေရင် ကိုယ့်နောက် ဒါတွေပဲ ပါမှာ လေ''

ကျော်ဇေယျက သံဝေဂရဟန်ဖြင့် ခန့်ခန့်ဆန့်ဆန့်ကြီး ပြောနေသည်။ စိုပြေက ပတ်ဝန်းကျင်ကို မျက်စိကစားပြီး ...

''ဟာ ... အစ်ကို ... ဟိုမှာ ဟိုမှာ''

''ဘာလဲ''

''ကောင်မလေးတစ်ယောက် ဖင်လေးပေါ်နေတယ် ... ကြည့်စမ်း''

''တင် ... ဟုတ်လား။ ဘယ်မှာလဲ ဘယ်မှာလဲ''

ကျော်ဇေယျ အူယားဖားယား ဖြစ်သွားသည်။ စိုပြေက တစ်နေရာသို့ လက်ညှိုးထိုးပြပြီး ...

''ဟိုမှာလေ ... ကြည့်ပါလား ... ''

''ဟာ''

ကျော်ဇေယျမျက်နှာကြီး အီးမှန်သလို ဖြစ်သွားသည်။ စိုပြေပြတာက အခြားမဟုတ်။

အမျိုးသမီးတစ်ဦးက လသားအရွယ်ကလေးငယ်လေးကို ချီပိုးပြီး လမ်းပေါ်မှဖြတ်လျှောက်သွားရာ၊ အနီးစလွတ်နေသဖြင့် ထိုကလေးငယ်၏ တင်ပါးသားလေး အနည်းငယ်ပေါ်နေတာ ဖြစ်သည်။

သူ၏အငမ်းမရ အမူအရာကြောင့် ခန့်ခန့်ဆန့်ဆန့်ကြီး ဝတ်စားထားသော ကျော်ဇေယျ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ စောစောက အရောင်တင်ထားသမျှတွေ ပြောင်သလင်းခါအောင် ကွာကျသွားလေပြီ။

ကျော်ဇေယျမှာ စိုပြေနှင့်ဆုံတိုင်း တူနှင့်တွေ့သည့် ပေပမာ ခံပြီးရင်းသာ ခံနေရ၏။ စိုပြေကတော့ ရယ်ကျဲကျဲနှင့် ခေါင်းလေးကုတ်ပြီး ကျောင်းထဲ ပြေးဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပိုင်မှူးက ကျော်ဇေယျရှေ့မှာရပ်ကာ ...

"နောက်ကြဲ့ရင် ကိုကျော်ဇေယျကို One Table လုပ်ပေးရဦးမယ်"

"ဘာ ဘာဖြစ်လို့လဲ"

သူ့ရက်စိတ်နှင့်သူ ကျော်ဇေယျက မလုံမလဲ မေးသည်။ ဆက်ပိုင်မှူးက ဖျတ်ခနဲ ရွှေသဲဖြူလက်ကိုကိုင်ကာ ...

"ရွှေသဲနဲ့ ကျွန်တော် ချစ်သူတွေ ဖြစ်သွားကြပြီလေ။ အဲဒီ အထိမ်းအမှတ်အတွက်ပေါ့"

"ဟင်"

ကျော်ဇေယျ မျက်နှာပျက်သွားသည်။ ဗလာချီကြီး အကြွားခံလိုက်ရသည်ဟုလည်း ထင်မိ၏။

ဆက်ပိုင်မှူးက ရွှေသဲဖြူလက်ကိုဆွဲကာ ကျောင်းထဲသို့ ဝင်သွားသည်။ ထိုအခါ နောက်ပိုင်းမှ မြင်နေရသော ရွှေသဲဖြူ၏ အလှကိုကြည့်ပြီး ကျော်ဇေယျရင်မှာ အဆုံးအရှုံးက ပိုမိုကြီးမားလာလေသည်။

ဆက်ပိုင်မှူးက ရွှေသဲဖြူနှင့် ပတ်သက်ပြီး ကျော်ဇေယျ ရှေ့ဆက်မတိုးအောင် တမင်တကာ ပဏ္ဍာပယူ၍ မဏ္ဍာပ်တိုင်တက်ပြလိုက်တာဖြစ်၏။

မည်သူမဆို ကိုယ့်ချစ်သူကို တွန့်တိုကြတာ ရိုးရာတစ်ခုလိုပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

တန်တော်ကြီးဥယျာဉ်အတွင်းမှာ ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူ ရောက်ရှိနေကြသည်။ စိုပြေ၏ တိုက်တွန်းမှုကြောင့်သာ ကျောင်းလစ်ပြီး ထွက်လာကြတာဖြစ်ပေမယ့် နှစ်ယောက်သား မလှုပ်မယှက်နှင့် မျက်နှာချင်းဆိုင်ထိုင်နေကြ၏။

ရှေ့နောက်ဝဲယာရှိ အခြားစုံတွဲတွေက ကော်နှင့်ကပ်ထားသည့် အိကြာကွေးလို ဆွဲခွာမရအောင် သဲသဲမဲမဲ ကဲနေကြပေမယ့် သူတို့နှစ်ယောက်ကတော့ ဗျာန်သမားပတ်ဝင်စားနေသော ပုဂ္ဂိုလ်ထူးတွေပမာ တည်ငြိမ်စွာရှိနေကြ၏။

ဆက်ပိုင်မှူးအဖို့မှာလည်း သူငယ်ချင်းဘဝမှ ချစ်သူဘဝသို့ အစိမ်းလိုက်ကြီး ကူးပြောင်းလာတာမို့ တစ်စုံတစ်ရာကို စတင်လှုပ်ရှားရမှာ မဝံ့မရဲဖြစ်နေသည်။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး အနေအထိုင် ကျဉ်းကျပ်နေကြလေ၏။

ရွှေသဲဖြူက ပင့်သက်မောကိုရှိုက်ပြီး တိတ်ဆိတ်မှုအား စတင်ဖြိုခွင်းလိုက်ပါသည်။

''စိုပြေ ပါမလာတော့ ပျင်းစရာကြီးနော်''

''အေးဟ ... အဲဒီကောင်ရှိရင် တစ်ခုမဟုတ်တစ်ခု အမြဲရယ်ရတယ်''

ဆက်ပိုင်မှူးလည်း စိုပြေကို သတိရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိုပြေက ငါတို့နှစ်ယောက်ကိုတော့ ဒီနေရာ အတင်းလွှတ်ပြီး သူကျတော့ လိုက်မလာဘူး။ အဲဒီကောင် အရင်လို မဟုတ်ဘူး။ ခွဲခြား ခွဲခြားနဲ့"

ရွှေသဲဖြူက ဟိုဒီငေးရင်း နှုတ်ခမ်းစူကာ ပွစိပွစိလုပ်နေ၏။ ဆက် ပိုင်မှူးက စိုပြေ တမင်ရှောင်ပေးတာမှန်း သိသဖြင့် ...

"ငါတို့နှစ်ယောက် လွတ်လွတ်လပ်လပ်နေရအောင်ဆိုပြီး သူ လိုက်မလာတာ ဖြစ်မှာပါဟာ"

"အဲ့ဒါဆို သူကျတစ်ယောက်တည်း ... ပျင်းနေမှာပေါ့"

"အေး ... အဲ့ဒါတော့ ဟုတ်တယ်နော်"

ဆက်ပိုင်မှူးက ဖျတ်ခနဲ အကြံရသွားဟန်ဖြင့် ...

"ရွှေသဲ ... ငါတို့ စိုပြေကို ရည်းစားရှာပေးလိုက်ရင် မကောင်း ဘူးလား။ အဲဒါဆို သူလည်း တစ်ယောက်တည်း အထီးကျန်မနေတော့ ဘူးပေါ့"

ရွှေသဲဖြူက မျက်မှောင်ကလေးကြုတ်ပြီး ...

"စိုပြေ ကြိုက်တဲ့လူရှိလို့လား"

"ရှိမယ်ထင်တယ်ဟ။ နင့်ကိုငါပြောတဲ့ ရည်းစားစကားပြော နည်းက သူ သင်ပေးတာ။ အဲ့ဒါ သူ့ကောင်မလေးကို ပြောဖို့အတွက် သူ စဉ်းစားထားတာ ... တဲ့ ..."

"ဩော်"

ရွှေသဲဖြူ ငိုင်သွားသည်။ သူမ နှုတ်ဖျားမှ စကားသံတွေ တိတ် ဆိတ်သွားပြန်၏။

ဆက်ပိုင်မှူးက ရွှေသဲဖြူပျော်အောင်ဆိုပြီး ရောက်တတ်ရာရာ စကားတွေ လျှောက်ပြောနေသည်။ သို့သော် ... ရွှေသဲဖြူ၏ မျက်နှာ လေးက ကြည်လင်ရွှင်ပျ မလာချေ။

အချိန်အတော်ကြာမှ လက်ကနာရီလေးကိုကြည့်ပြီး ရွှေသဲဖြူ



www.burmeseclassic.com

www.burmeseclassic.com



အသံ ထွက်လာသည်။

"ထမင်းစားကျောင်းဆင်းချိန် နီးပြီနော်။ ထမင်းစားချိန်ဆို စိုပြေ ငါတို့ကို အရမ်းသတိရနေမှာပဲ"

သူတို့အဖြစ်က ဂျိုကာမပါဘဲ ပိုကာ ကစားနေမိသလိုပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာစားချိန်မို့ ကျောင်းကင်တင်းသုံးခုမှာ ကျောင်းသူကျောင်းသားတွေ အသီးသီး တည်ရှိနေကြ၏။

ကင်တင်းတစ်ခုရှိ ဝိုင်းတစ်ဝိုင်းမှာတော့ စိုပြေတစ်ယောက်တည်း ငြိမ်ငြိမ်သက်သက် ထိုင်နေသည်။ အရင်ကဆို ဒီအချိန်မျိုးမှာ သူတို့သူငယ်ချင်းသုံးယောက် ထမင်းဘူးသေးသေးလေးထဲမှ ထမင်းနှင့်ဟင်းကို အတူတကွ လုယက်စားသောက်နေကျဖြစ်သည်။

အခုတော့ ... သူတစ်ယောက်တည်း ...

စိတ်ထွေထွေနှင့်ပဲ ''ထမင်းပေါင်းတစ်ပွဲ''ဟုအော်မှာလိုက်သည်။ အဲဒီအချိန်မှာပဲ ...

''တစ်ယောက်တည်းလားမေးတော့ ... ငါတစ်ယောက်တည်းငါ ... ''

ကင်တင်းရှေ့မှ ဖြတ်သွားသော ကောင်းဆက်ထူး အော်ဆိုသွားတာ ဖြစ်သည်။ သူ့ကို တမင်ရိတာမှန်းသိပေမယ့် စိုပြေ ဘာမှ တုံ့ပြန်မနေတော့။

ရင်ထဲမှာတော့ နင့်ခနဲ ဖြစ်သွားသည်။

ဆက်ပိုင်မှုနှင့် ရွှေသဲဖြူ ချစ်သူတွေ ဖြစ်သွားကြပြီဆိုသောသတင်းက ကျောင်းထဲမှာ အတော်အတန် ပျံ့နှံ့နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်မှာ ရွှေသဲဖြူသည် ဆက်ပိုင်မှူးနှင့် စိုပြေ တစ်ယောက် ယောက်နှင့်သာ ချစ်သူတွေဖြစ်သွားကြလိမ့်မည်ဟု အရင်ကတည်းက အများက ထင်ကြေးပေးထားကြတာဖြစ်၏။ အခုလို ဆက်ပိုင်မှူးအချစ် ကို ရွှေသဲဖြူလက်ခံလိုက်တော့ စိုပြေကို သနားစရာ အထီးကျန်သတ္တဝါ တစ်ကောင်အဖြစ် မြင်ကြသည်။

အချို့ကတော့ ... ဆက်ပိုင်မှူးသည် စိုပြေထက် အဆဆအရာ ရာမှာ သာလွန်သောကြောင့် ရွှေသဲဖြူက ပကာသနရှေ့ထားပြီး ရွေးချယ် လိုက်တာဟု သမုတ်ကြသည်။

ပါးစပ်ပေါင်းများစွာမှ သတင်းမျိုးစုံ၏ အသံတွေကြောင့် စိုပြေ မှာ အလူးအလိမ့်ခံနေရ၏။ ထိုအသံတွေကြောင့် ဆက်ပိုင်မှူးနှင့်ရွှေသဲဖြူ ၏ အချစ်လမ်းခရီးမှာ အနှောင့်အယှက်တွေ ဖြစ်ပေါ်လာမှာ မလိုလား ပါ။

ဆက်ပိုင်၏ အမြင်မှာလည်း သူ့ကို သံသယကင်းစေချင်သည်။

ဒါကြောင့်မို့ ... ဒီနေ့မနက် ကျောင်းလာတော့ ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူကို ကျောင်းမတက်ဘဲ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် လျှောက်သွားရန် သူ တိုက်တွန်းလိုက်တာ ဖြစ်သည်။

"ဟဲ့ ... စိုပြေ ... တစ်ယောက်တည်းလား"

နုနုလွင်နှင့် နော်ဝင့်သဲချိုက ထမင်းချိုင့်လေးတွေကိုယ်စီကိုင်ပြီး သူ့ဝိုင်းလာထိုင်သည်။ ဘေးဘီဝဲယာကြည့်ပြီး ...

"ဆက်ပိုင်နဲ့ ရွှေသဲကော ... မမြင်ပါလား ... ။ သူတို့ကျောင်း မလာဘူးလား"

စိုပြေ ခေါင်းညိတ်ပြလိုက်သည်။

"ဆက်ပိုင်နဲ့ ရွှေသဲ ချစ်သူတွေ ဖြစ်နေကြပြီဆို ... အဲ့ဒါဟုတ် လားဟင်"

"အေး ... ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုပြေ လေးတွဲ့တွဲ့ ဖြေလိုက်၏။ ထိုအခါ နုနုလွင်ခမျာ ဝမ်းသာအယ်လဲ ဖြစ်သွားရှာသည်။

"ကောင်းတယ် ကောင်းတယ် ... သူတို့နှစ်ယောက်ချစ်သူတွေ ဖြစ်သွားကြတာ ကောင်းတယ်"

နော်ဝင့်သဲချိုမျက်နှာကတော့ စူပုပ်ပုပ်နှင့် ... ။

"ဘာကောင်းတာလဲ ... ။ နင့်အတွက်ကောင်းပေမယ့် ငါ့အတွက်တော့ မကောင်းဘူး"

အရေးထဲ ... သူတို့နှစ်ယောက်ကတစ်မျိုး ... ။ လူဆိုတာ ကိုယ့်ဝေဒနာနဲ့ကိုယ်ဆိုတော့လည်း ဘာမှမပြောသာ ... ။

နုနုလွင်နှင့် နော်ဝင့်သဲချိုက ထမင်းချိုင့်ကိုယ်စီဖွင့်ပြီး စားကြသည်။ နုနုလွင်က သူ့ထမင်းချိုင့်ကို စိုပြေရှေ့တိုးပေးပြီး ...

"အတူတူစားကြမယ်လေ"

"စားပါ။ ငါ မှာထားတယ်"

စိုပြေက ထမင်းချိုင့်ကို နုနုလွင်ရှေ့ ပြန်တွန်းပို့ပေးလိုက်၏။ ကျောင်းကင်တင်းမှာ နေ့လည်စာစားဖို့အရေး စောင့်ဆိုင်းရတာကလည်း မသက်သာ။

နော်ဝင့်သဲချိုနှင့် နုနုလွင် စားသောက်ပြီး လက်စသတ်မှ စိုပြေမှာထားသော ထမင်းပေါင်းက ရောက်လာသည်။ ဗိုက်ဆာဆာနှင့် စိုပြေ စားရန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ...

"ဟဲ့ ... နင်က တစ်ယောက်တည်း စားတော့မလို့ပေါ့လေ"

"ဟင်"

စိုပြေ အံ့အားသင့်သွားသည်။ သူ့နံဘေးရောက်လာတာက ဆက်ပိုင်နှင့်ရွှေသဲ ... ။

"နင် ... နင်တို့ ... ဘယ်ကဘယ်လို ရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေသဲဖြူက ရယ်ကျဲကျဲလေးနှင့် ...

''ငါတို့နှစ်ယောက်တည်း ထမင်းစားရမှာ ပျင်းလို့ဟ။ အဲ့ဒါကြောင့် ဒီမှာ ထမင်းလာစားရင်း နေ့တစ်ဝက် ကျောင်းတက်မလို့''

''ဟေ ... ဟုတ်လား''

''ဟုတ်တယ်ကွ။ မင်း မပါတော့ ငါတို့နှစ်ယောက်လည်းပျင်းလို့ ပြန်လာတာ''

ဆက်ပိုင်မှူးကလည်း ရယ်ကျဲကျဲနှင့်ပြော၏။ ထိုအခါ စိုပြေ ပျော်သွားလေသည်။ သူ့အပေါ်ထားသော သူငယ်ချင်းနှစ်ယောက်၏ သိတတ်မှုနှင့် သံယောဇဉ် မေတ္တာတရားကိုလည်း အသိအမှတ်ပြုလိုက်မိ၏။

ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူက ထိုင်ခုံတွေယူကာ စိုပြေ့နံဘေးမှာ ဝင်ထိုင်ပြီး ထမင်းစားဖို့ပြင်သည်။ ရွှေသဲဖြူက ထုံးစံအတိုင်း သူမ၏ ထမင်းဘူးပြားပြားသေးသေးလေးကို ထုတ်၍ ဖွင့်လိုက်ရာ ...

''ဟယ် ... သွားပါပြီဟယ်''

''ဘာဖြစ်လို့လဲ ရွှေသဲ''

ဆက်ပိုင်မှူးက စိုးရိမ်တကြီး မေး၏။ ရွှေသဲဖြူက နှာခေါင်းလေး ရှုံ့ပြီး ...

''နေပြင်းလို့လား မသိဘူး။ ထမင်းတွေ သိုးကုန်ပြီ''

''ဟင် ... အဲ့ဒါဆို ဘယ်လိုလုပ်မလဲ''

စိုပြေက သူ့ရှေ့မှ ထမင်းပေါင်းပန်းကန်ကို ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူရှေ့ တွန်းပို့ပေးပြီး ...

''ဒီအချိန်မှ မှာရင်လည်း စောင့်ရတာနဲ့ စားရမှာ မဟုတ်တော့ဘူး။ အတန်းတက်ဖို့အချိန်လည်း နီးနေပြီ။ နောက်ကျရင်လည်း ဆရာဆရာမတွေက လိုက်ဖမ်းဦးမယ်။ အဲ့ဒါကြောင့် ဒါကိုပဲ မင်းတို့နှစ်ယောက် မျှစားလိုက်''

''ဟင် ... အဲ့ဒါဆို နင်က ဘာစားမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ။ မင်းက ဘာမှမစားဘူးလား"

စိုပြေက မျက်နှာချင်းဆိုင်မှာထိုင်နေသော နုနုလွင်နှင့် နော်ဝင့်သဲချို့ကို မျက်စိတစ်ဖက်မှိတ်ပြပြီး ...

"ငါက သူတို့နှစ်ယောက်ဆီက ကပ်စားထားပြီကွ။ ဒီထမင်းပေါင်းကို သူတို့ရောက်မလာခင် ငါက မှာထားတာ။ သူတို့ဆီက ငါ ကပ်စားပြီးလို့ ဝမ်းဝတော့မှ ဒီထမင်းပေါင်းက ရောက်လာတာ။ အဲ့ဒါကြောင့် ပိုနေတဲ့ အတူတူဆိုပြီး မင်းတို့ကိုကျွေးတာ ... ဟဲဟဲ ... "

ဆက်ပိုင်မှူးနှင့်ရွှေသဲဖြူက အဟုတ်မှတ်ပြီး ထမင်းပေါင်းကို တစ်ယောက်တစ်လဲ မျှတစားကြလေသည်။ စိုပြေ၏ အနစ်နာခံမှုကိုကြည့်ပြီး နုနုလွင်နှင့် နော်ဝင့်သဲချို ရင်ထဲမှာပင် ဝမ်းနည်းသလို ဖြစ်လာသည်။ ဒီအချိန်ဆို စိုပြေ ဘယ်လောက်ဆာနေမလဲဆိုတာ ကျောင်းတက်ဖော် အချင်းချင်းမို့ စာနာပေး၍ရ၏။

နှလုံးသားတစ်ခုလုံးကိုတောင် စတေးထားသော စိုပြေအတွက်တော့ ဒီပေးဆပ်မှုလောက်က အသေးအမွှားပါပဲလေ။

ဆက်ပိုင်မှူးနှင့်ရွှေသဲဖြူ စားပြီးသောအခါမှ စိုပြေက တစ်ဖက်ကင်တင်းသို့ ထွက်သွားသည်။ ဖျော်ရည်လုပ်ရန်အတွက် သစ်သီးတွေ ချိတ်ဆွဲထားသော နေရာဆီရောက်မှ ဟိုကြည့်ဒီကြည့်နှင့်ရပ်ကာ ...

"ငှက်ပျောသီးတစ်လုံး ဘယ်လောက်လဲခင်ဗျ"

ကောင်တာမှ အမျိုးသမီးက ...

"အဲ့ဒါတွေက ရောင်းဖို့မဟုတ်ဘူး။ ဖျော်ရည်လုပ်တဲ့ဟာတွေ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို သုံးလုံးလောက်တော့ ရောင်းပါဗျာ။ ကျွန်တော် ဗိုက်အရမ်းဆာနေလို့ပါ"

ပြေလည်ရာပြေလည်ကြောင်းပြောပြီး ငှက်ပျောသီးသုံးလုံးကို ယူကာ ကိုယ်နှင့်ကွယ်၍ တစ်ဖက်ကင်တင်းမှ သူငယ်ချင်းနှစ်ယောက် မမြင်အောင် စားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလုပ်ဆောင်မှုကို အေးတစေ်းအနေအထားနှင့် နုနုလွင်က လှမ်းမြင်၏။ ထိုအခါ သူမ မနေသာတော့ဘဲ ...

"စိုပြေ ဘာမှမစားရသေးဘူးဟ။ နင်တို့ကို သူစားမယ့်ထမင်းပေါင်း တမင်ကျွေးတာ။ ဟိုမှာကြည့်ပါလား ... သူ တော်တော်ဗိုက်ဆာနေပုံရတယ်"

နုနုလွင် လက်ညှိုးညွှန်ပြရာကိုကြည့်လိုက်တော့ ... ခိုးကြောင်ခိုးဝှက် အမူအရာနှင့် ငှက်ပျောသီးတွေကို ပလုတ်ပလောင်းစားနေသော စိုပြေအား တွေ့မြင်လိုက်ရလေသည်။

ထိုမြင်ကွင်းကိုကြည့်ပြီး ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူ ရင်ထဲမှာ ဆို့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



''နင် ဘာလို့ အဲ့လိုလုပ်တာလဲဟာ။ သုံးယောက်မျှစားလည်း ရတဲ့ဟာကို''

ကင်တင်းမှအထွက်မှာ ရွှေသဲဖြူက စိတ်မကောင်းဟန်အသံနှင့် ပြောသည်။ ဆက်ပိုင်မှူးကလည်း ...

''လိမ်စရာမဟုတ်တာ လိမ်ရတယ်လို့။ ဒီလူနဲ့ ဒီလူ အားနာစရာလား''

စိုပြေက ရယ်ကျဲကျဲနှင့် ခေါင်းလေးကုတ်ပြီး ...

''ထမင်းပေါင်းတစ်ပွဲ သုံးယောက်မျှစားရင် ဘယ်သူမှ ဝမှာမဟုတ်ဘူးကွ။ မင်းတို့ကလည်း လျှောက်သွားထားတော့ ဗိုက်အရမ်းဆာနေမှာလေ။ အဲ့ဒါကြောင့် ငါက ငါ မဝမှာစိုးလို့ ငှက်ပျောသီးသွားဝယ်စားတာ။ အခုဆို သီးမွှေးငှက်ပျောသီးချောချောကြီး သုံးလုံးလောက် ကစ်ပစ်လိုက်တာ ဗိုက်ကိုဖောင်းကားသွားတာပဲ ... ဟဲဟဲ ... ''

ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူက သူတို့ခံစားမှုပေါ်အောင် စိုပြေ ဖော့ပေးနေတာမှန်း သိသည်။ သူတို့နှစ်ယောက် ငိုင်တွေနေရာ ...

''လာ ... လာ ... အတန်းတက်ရမယ့်အချိန်တွေ နီးနေပြီ သွားကြမယ်''

စိုပြေက ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူ၏ ပခုံးတစ်ဘက်စီချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖက်ပြီး ဆွဲခေါ်သည်။ ပြီးမှ ... သတိဝင်လာပြီး ရွှေသဲဖြူပခုံးပေါ်မှ သူ့လက်ကို ဖယ်ချလိုက်သည်။

ငယ်စဉ်ကလေးဘဝထဲက ရွှေသဲဖြူ၏ပခုံးကို သူဖက်နေကျမို့ လက်က အလေ့အထတစ်ခုလိုပင် ဖြစ်နေလေပြီ။ သို့သော် ... အခုအချိန်မှာ အရာရာကို ဆင်ခြင်ရပေတော့မည်။ အခြေအနေက အရင်လိုမှမဟုတ်တော့တာပဲလေ ... ။

ဆက်ပိုင်မှူးပခုံးပေါ်မှ လက်ကိုလည်းဖယ်ပြီး ပေးခန်းအောက်ကာ ရှေ့မှခုန်ပေါက်ပြေးသွားလိုက်သည်။ ချစ်သူနှစ်ဦး လွတ်လွတ်လပ်လပ် ထွေဥ်တွဲလျှောက်ခွင့်ရရန်အတွက် ဖန်တီးပေးလိုက်ခြင်း ဖြစ်ပါသည်။

"စိုပြေက ကလေးစိတ် မကုန်သေးဘူးနော်"

"ဟုတ်တယ်။ သူ့ကိုယ်သူ မူကြိုကျောင်းသားလေးကျနေတာပဲ"

ဆက်ပိုင်မှူးနှင့်ရွှေသဲဖြူက မှတ်ချက်ချ၏။ ဘေးလွယ်အိတ်ကလေး တရမ်းရမ်း ... ရှေ့မှ ခုန်ပေါက်ပြေးလွှားသွားသော စိုပြေသည် ကော်ရစ်ဒါထောင့်ချိုးတစ်ခုသို့ အရောက် ...

"ဘုတ်"

"အင့်"

"ဟာ ... ဆောရီး"

စိုပြေနှင့်တိုက်မိပြီး ကောင်မလေးတစ်ယောက် လက်ထဲမှ ဖိုင်လွတ်ကျသွားသည်။ ကောင်မလေးက ဘာစကားမှ မပြောဘဲ သူ့ဖိုင်ကို သူကောက်ပြီး ခေါင်းလေးငုံ့ကာ ခပ်ရှုရှုထွက်သွားလေသည်။

ဆက်ပိုင်မှူးနှင့် ရွှေသဲဖြူ အနားရောက်လာကြ၏။

"အဲ့ဒါ ဘယ်သူလဲ ... သိလား ..."

ရွှေသဲဖြူက မေး၏။ စိုပြေက ...

"ဆွိတီသက်ပိုင်လွင် ... တဲ့ ... ။ ပြင်သစ်မေဂျာက နှစ်တက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ သူလည်း နာမည်ကြီးပဲ''

ဆက်ပိုင်မှူး၏အကြည့်တွေက ... ဆံနွယ်ရှည်တွေ လှုပ်လှုပ်ခါခါနှင့် တည်ငြိမ်စွာ လျှောက်လှမ်းသွားသော ကောင်မလေးနောက်သို့ လွင့်ပါလျက် ... ။

သူမ၏ ထိုဆံနွယ်ရှည်ပျော့ပျော့တွေက အလွန်တရာ ညှို့အားပြင်းသည်ဟု သတင်းကြီးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဘယ်အရာမှ ကြိုတင်တွက်ဆ၍ မရနိုင်သောလောကမှာ မထင်မှတ်သော အပြောင်းအလဲတွေ ဖြစ်ပေါ်လာတတ်သည်မှာ သဘာဝပင်။

အခုတလော ကျောင်းဝင်းထဲမှာ ဆက်ပိုင်မှူးနှင့် ဆွိတီသက်ပိုင်လွင် အသံထွက်နေသည်။ ဆက်ပိုင်မှူးက အကြွေဆင်တွေခင်းပြီး ဆွိတီသက်ပိုင်လွင်ထံ ချဉ်းကပ်နေသည်ဟု လူပြောများနေကြသည်။

ဆက်ပိုင်မှူးသည် အရင်လိုမဟုတ်ဘဲ စိုပြေနှင့် ရွှေသဲဖြူကိုလည်း ရှောင်ဖယ်ဖယ် လုပ်နေသည်။ တစ်ခါတလေ နေ့လယ်စာစားချိန်တွေမှာပင် အတူတူမစားဘဲ အကြောင်းတစ်ခုခုပြကာ ဆွိတီသက်ပိုင်လွင်နှင့် သွားစားတတ်၏။

အံ့သြစရာကောင်းသည့်အချက်က ... အချိန်တိုတိုအတွင်းမှာ သူတို့နှစ်ယောက် လျင်မြန်စွာ ရင်းနှီးသွားသည့်ကိစ္စဖြစ်သည်။ အချို့ကတော့ ... ဆက်ပိုင်မှူးလိုလူမျိုးကို ဘယ်မိန်းကလေးက ငြင်းမှာလဲဟု ဆိုကြသည်။ ရွှေသဲဖြူကိုတော့ အစွန့်ပယ်ခံပစ္စည်းတစ်ခုပမာ ပုတ်ခတ်မေးငေါ့ကြသည်။

ထိုသတင်းတွေကို စိုပြေလည်း ကြားသည်။ သို့သော် ... သူငယ်ချင်းအပေါ်၌ထားရှိသော သံယောဇဉ်ယုံကြည်မှုနှင့် ချဲ့ထွင်ပြောဆိုတတ်သည့် လူတွေ၏ဓလေ့ကြောင့် ဆက်ပိုင်မှူးကို ဘာမှမပြောချေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်မှာ အဖြေမှန်ပေါ်ပေါက်လာလိမ့်မည်ဟူ၍ပဲ သဘော ထားကာ မသိလိုက်မသိဘာသာနှင့် အခြေအနေကို စောင့်ကြည့်နေ လိုက်၏။

တစ်နေ့မှာတော့ ...

ကျောင်းကို ကားငှားသူဘဲ ပုဂ္ဂလိကလိုင်းကားဖယ်ရီနှင့်သာ အသွားအပြန်လုပ်လေ့ရှိသော ဆက်ပိုင်မှူးသည် ဗွေဖောက်လာ၏။

ထိုနေ့က ...

ထုံးစံအတိုင်း ကျောင်းအတူသွားရန်အတွက် စိုပြေနှင့်ရွှေသဲဖြူ က ဆက်ပိုင်မှူးကို ကားမှတ်တိုင်မှာ စောင့်နေကြသည်။ ရောက်လာသင့် သည့် အချိန်အထိ ဆက်ပိုင်မှူး ရောက်မလာချေ။

ဒါကြောင့် ကိစ္စတစ်ခုခုရှိသဖြင့် ဆက်ပိုင်မှူး ဒီနေ့ ကျောင်းမတက် ဖြစ်ဘူးဟုထင်ကာ စိုပြေနှင့် ရွှေသဲဖြူနှစ်ယောက်တည်း ကျောင်းသို့ ထွက်လာခဲ့ကြသည်။

သို့ရာတွင် ...

သူတို့နှစ်ယောက်ကျောင်းရောက်ပြီး ခဏအကြာမှာ ...

ဆက်ပိုင်မှူးက သူ၏ပြိုင်ကား အနီရဲရဲလေးပေါ်မှာ ဆွိုတီသက် ပိုင်လွင်ကို တင်ဆောင်ပြီး ကျောင်းသို့ရောက်လာလေသည်။

ထိုသတင်းက ကျောင်းဝင်းထဲမှာ ပျံ့နှံ့သွား၏။ ရွှေသဲဖြူကိုလည်း သို့လောသို့လော အကြည့်တွေနှင့် ကြည့်ကြ၏။ ဆက်ပိုင်မှူးက ဆွိုတီ သက်ပိုင်လွင်ကို စာသင်ခန်းထဲအထိရောက်အောင် လိုက်ပို့ပေးတယ်ဟု ကြားရသည်။ စိုပြေနှင့်ရွှေသဲဖြူကိုတော့ သူ ကျောင်းရောက်ကြောင်း အသိပေးသည့်အနေနှင့် လာရောက်နှုတ်ဆက်ဖော်ပင်မရ ... ။

နေ့လယ်စာ စားချိန်မှာလည်း စိုပြေနှင့်ရွှေသဲဖြူထံ ဆက်ပိုင်မှူး ရောက်မလာချေ။

တစ်ဖက်ကင်တင်းမှာ ဆွိုတီသက်ပိုင်လွင်နှင့်အတူ ရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပိုင်မှူးကို ဒီအကြောင်းတင်းမှ စိုပြေနှင့်ရွှေသဲဖြူက မြင်နေရသည်။

ဒီအတိုင်းဆို သူ့ပေးဆပ်မှုတွေဟာ အလကားပဲပေါ့ ... ။

စိုပြေ ရင်ထဲမှာ မခံမရပ်နိုင်ဖြစ်နေသည်။ နှုတ်က ဖွင့်မပြောပေမဲ့ ရွှေသဲဖြူ ရင်ထဲမှာလည်း အခံရခက်နေမှာကို စာနာစိတ်ဖြင့် တွေးမိ၏။ ဒီလိုအချိန်မျိုးမှာ ပြဿနာကို သွားရှင်းလျှင် နှစ်ဦးနှစ်ဖက် အရှက်ရနိုင်တာမို့ သူ့စိတ်ကို ထိန်းချုပ်ထားလိုက်ရ၏။

နေ့လယ်စာ စားပြီး၍ ရွှေသဲဖြူနှင့် လမ်းခွဲပြီးသောအခါမှ ဆက်ပိုင်မှူးအတန်းရှိရာသို့ စိုပြေတစ်ယောက်တည်း ထွက်လာခဲ့သည်။ ဆက်ပိုင်မှူးကို အခန်းထဲမှာ အဆင်သင့်ပင် တွေ့မြင်ရ၏။

ဆရာမဝင်သေးသဖြင့် ဆက်ပိုင်မှူးကို အခန်းပြင်ခေါ်ထုတ်ပြီး လူရှင်းသောနေရာသို့သွားကာ ...

"မင်း ဘာအချိုးတွေ ချိုးနေတာလဲ ဆက်ပိုင်။ မင်းနေရာမှာ တခြားတစ်ယောက်သာဆို ငါ ဆွဲထိုးပြီးနေပြီ"

ဆက်ပိုင်မှူးက ပြုံးထေ့ထေ့နှင့် ... ။

"ဆွီတီနဲ့ကိစ္စကို ပြောတာလား။ အဲ့ဒါက သူ့မှာအဖော်မရှိလို့ ငါ အဖော်လုပ်ပေးနေတာပါ"

"ဘာအဖော်လဲ ... ဘဝလက်တွဲဖော်လား"

စိုပြေက ခပ်မာမာမေးတော့ ဆက်ပိုင်မှူးက ...

"မင်းတို့ကို ငါမပြောဖြစ်တာပါ။ ဆွီတို့အဖေနဲ့ ငါ့အဖေက လူရင်းတွေ။ ဆွီတီလည်း ငါတို့ရပ်ကွက်ထဲကပဲကွ။ ပြောင်းလာတာ သိပ်မကြာသေးလို့ အရင်က မသိတာ။ ငါတို့နဲ့ လမ်းတော့မတူဘူးပေါ့။ ဆွီတီတို့အိမ်ကို မင်းလည်း ရောက်ဖူးပါတယ်။ ရပ်ကွက်မွေ့ာရုံအတွက် ငါတို့တစ်ခါ အလှူသွားခံသေးတယ်လေ"

"ရှေ့နေဦးကပ်စီးကြီးကို ပြောတာလား"

ဆက်ပိုင်မှူးက ခေါင်းညိတ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



''ဆွီတို့အဖေက နည်းနည်းတော့ ခွကျတယ်ကွ။ တစ်ယူသန်အစွဲလည်းရှိတယ်။ သူတို့က ခရစ်ယာန်တွေလေ။ ငါတို့အလှူသွားခဲ့တဲ့နေ့က သူ စိတ်တိုနေတာလည်း ပါတယ်။ အဲ့ဒါကြောင့် ဘုဂလန့် ဖြဲလွှတ်လိုက်မိတာတဲ့။ စိတ်ရင်းတော့ ကောင်းပါတယ်''

''မတော်ရသေးတဲ့ ယောက္ခမဘက်က ကာကွယ်ရေးတွေ လုပ်နေပါလား ဆက်ပိုင်။ မင်းနဲ့ ဆွီတီသက်ပိုင်လွင်က တော်တော်သတင်းကြီးနေတာနော်။ မင်းတို့က ဘာတွေလဲ''

ဆက်ပိုင်မှူးက ဟက်ခနဲရယ်ပြီး ...

''ဆွီတီနဲ့ ငါ တွဲတာက လူကြီးတွေရဲ့ဆန္ဒအရပဲ။ လူကြီးတွေရင်ထဲမှာ ဘာတွေရှိလဲတော့ မသိဘူးပေါ့။ ငါတို့ကတော့ ရိုးသားပါတယ်''

''မင်းစကားကို ငါ မယုံဘူး ဆက်ပိုင်။ မင်းဘက်က ရိုးသားတယ်ဆိုရင် ဆွီတီသက်ပိုင်လွင်ကို ငါတို့ဝိုင်းထဲ ဆွဲသွင်းလာရမှာပေါ့။ အခုတော့ မင်းက ငါတို့ဝိုင်းထဲကထွက်ပြီး ဆွီတီသက်ပိုင်လွင်နဲ့ ခိုးကြောင်ခိုးဝှက် သွားပတ်သက်နေတယ်။ အဲ့ဒါ ဘာသဘောလဲ''

''သူက လူအများနဲ့ ရောရောထွေးထွေးနေရတာကို မကြိုက်ဘူးကွ။ အဲ့ဒါကြောင့်ပါ''

''နှစ်ယောက်တည်း ကားအတူစီးပြီး ကျောင်းလာရတဲ့အရသာမျိုးကိုပဲ ကြိုက်တာပေါ့လေ''

စိုပြေ ခနဲ့တော့ ဆက်ပိုင်မှူးက မထိတရိပြုံး၍ ပြန်ပြောသည်။

''အဲဒီအရသာကို ရွှေသဲနဲ့မင်းက ပိုသိမှာပါကွာ''

စိုပြေ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားသည်။

''မင်း ဘာစကားပြောတာလဲ ဆက်ပိုင်။ ရွှေသဲက မင်းရဲ့ချစ်သူ၊ ငါ့ရဲ့သူငယ်ချင်း။ မစွပ်စွဲကောင်းတာ မစွပ်စွဲနဲ့ ဟိတ်ကောင်''

တုန်လှုပ်မောလျှစွာဖြင့် စိုပြေ ပြောလိုက်၏။ ထိုအခါ ဆက်ပိုင်မှူးက ...

''အဲ့ဒါဆို အခုမနက် ငါ့ကိုမစောင့်ဘဲ မင်းတို့နှစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထွက်သွားတာက ဘာသဘောလဲ''

''ပုံမှန်ရောက်လာနေကျ အချိန်မှာ မင်း ရောက်မလာတာကြောင့် ဒီနေ့ ကျောင်းမတက်ဖြစ်ဘူးထင်ပြီး ငါတို့ထွက်လာခဲ့တာ။ မင်းမေးသလိုဆို ငါလည်း ပြန်မေးမယ်။ မင်းကကော ငါတို့နဲ့အတူ ကျောင်းမသွားဘဲ ဆွိုတီသက်ပိုင်လွင်ကို ကားပေါ်တင်ပြီး ဘာလို့ ကျောင်းလာရတာလဲ''

ရုတ်တရက် ဆက်ပိုင်မှူး ဆွံ့အသွားသည်။ ပြီးမှ မျက်နှာမသာမယာနှင့် ...

''ငါ့အိမ်က ကျောင်းကို ကားယူပြီး ဆွိုတီနဲ့အတူတူ သွားခိုင်းလို့ကွ။ ငါက ဆွိုတီ့ကို အရင်ကြိုပြီးမှ ကားမှတ်တိုင်မှာ မင်းတို့ကို ဝင်ခေါ်ပြီး အတူတူသွားမယ်လို့ မှန်းထားတာ။ ဒါပေမဲ့ ဆွိုတီ့ကို စောင့်နေရတာနဲ့ပဲ နောက်ကျသွားတာ ထင်တယ်။ ငါ ရောက်လာတော့ မှတ်တိုင်မှာ မင်းတို့ မရှိတော့ဘူး''

စိုပြေက လေပူတစ်ချက် မှုတ်ထုတ်ပြီး ...

''အေးပေါ့ကွာ ... မင်းပြောပုံအရဆို မင်းလည်း မင်းအခက်အခဲနဲ့ မင်းပေါ့။ ဒါပေမဲ့ ... မင်း တစ်ခုခုကို ရွေးချယ်တော့မယ်ဆိုရင် ရွှေသဲကို အရင်ဆုံး ထည့်စဉ်းစားပါကွာ။ ရွှေသဲက မင်းရဲ့ချစ်သူ မိန်းကလေးပါ။ ပတ်ဝန်းကျင်မှာ သူ အရှက်ရမှာမျိုး ငါ မဖြစ်စေချင်ဘူး။ မင်းကိုလည်း လေ့နံ့နှစ်ဖက်နင်းတဲ့ ယောက်ျားလို့ သူများအကဲ့ရဲ့ခံရမှာ ငါ မလိုလားဘူး။ အဲ့ဒါကြောင့် တစ်ခုခုကိုတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့လိုတယ် သူငယ်ချင်း''

ဆက်ပိုင်မှူး ငိုင်သွားသည်။ အတန်းတက်ရန် အချိန်နီးနေသဖြင့် စိုပြေ လှည့်ထွက်လာခဲ့တော့သည်။ လိပ်ခဲတည်းလဲကိစ္စများသည် မကျေပျောက်သေးဘဲ ခံစားမှုအလျောက် အသီးသီး ကွယ်ဝှက်တည်ရှိနေကြဆဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



စိုပြေထွက်သွားပြီး ခဏအကြာ ...

ဆက်ပိုင်မှူးထံသို့ နော်ဝင့်သဲချို ရောက်လာလေသည်။

''ဆက်ပိုင် ... နင် စုံစမ်းခိုင်းထားတဲ့ကိစ္စ သိရပြီ''

နော်ဝင့်သဲချိုက ဆက်ပိုင်မှူးကို တစ်စုံတစ်ခုပြောသည်။ ဆက်ပိုင်မှူးမျက်နှာမှာ အရောင်တွေ အမျိုးမျိုး တဖျတ်ဖျတ် ဖြစ်ပေါ်ပြေးလွှားသွားသည်။

ဂယက်က ... ထလေပြီ ... ။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းလန်းစိုပြေဉယျာဉ်ထဲမှာ စိုပြေနှင့် ရွှေသဲဖြူ ရောက်ရှိနေကြသည်။ ညနေကျောင်းဆင်းချိန်မှာ ဆက်ပိုင်မှူးက ဆွိတီသက်ပိုင်လွင်ကို ကားပေါ်တင်ဆောင်ပြီး မောင်းထွက်သွားသဖြင့် ...

ရွှေသဲဖြူ စိတ်ပြေလက်ပျောက်ဖြစ်အောင် စိုပြေက ဒီနေရာသို့ တမင်ခေါ်ဆောင်လာတာ ဖြစ်သည်။

လာရာလမ်းတစ်လျှောက်မှာလည်း စိုပြေက ရယ်စရာဟာသတွေ ပြောပြသည်။ သူမ ဝေဒနာတွေ လျော့ပါးအောင် စိုပြေ နှစ်သိမ့်ပေးနေတာမှန်း ရွှေသဲဖြူကလည်း သိသည်။

စိမ်းလန်းစိုပြေကို ရောက်တော့လည်း ...

"ရွှေသဲ ... ဆက်ပိုင်နဲ့ ပတ်သက်ပြီး နင် ခံစားမနေနဲ့ သိလား၊ ဆက်ပိုင်က ဆွိတီသက်ပိုင်လွင်ကို လူကြီးတွေဆန္ဒအရ မလွန်ဆန်နိုင်လို့ တွဲနေတာ ... တဲ့ ... ။ သူတို့က လူကြီးချင်းရင်းနှီးရာက သိသွားကြတာ တဲ။ ဆက်ပိုင်က ဆွိတီသက်ပိုင်လွင်ကို ချစ်တာမဟုတ်ဘူး။ နင့်ကိုပဲချစ်တာ"

စိုပြေက နေ့လယ်ပိုင်း ဆက်ပိုင်မှူးထံ သူသွားသည့်အကြောင်းနှင့် ဆက်ပိုင်မှူး၏ တုံ့ပြန်မှုတွေထဲမှ ကောင်းနိုးရာရာအချက်တွေကို ရွေးထုတ်ပြီး ပိုပိုသာသာ ကွယ်ကာမှုတွေနှင့် ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရွှေသဲဖြူက မချိပြုံးလေးပြုံးပြီး ...

''နင် ဘာလို့ သူ့ဆီသွားရတာလဲဟာ။ သူဆန္ဒရှိတဲ့အတိုင်း သူ့ဘာသာ လွတ်လွတ်လပ်လပ်နေပါစေ။ အချစ်ဆိုတာ ပြောင်းလဲတတ်တာပဲ။ သူ့နှုတ်က ဘယ်လိုတွေပဲ ပြောနေနေ... ငါ့ကိုသူ တကယ် အလေးအနက်ထားရိုးမှန်ရင် ဆွိတီသက်ပိုင်လွင်ရှေ့မှာ ငါဟာသူ့ချစ်သူပါလို့ ပြောရဲရမှာပေါ့။ ယောကျ်ားတစ်ယောက်ဟာ ကိုယ်တကယ်ချစ်တဲ့ မိန်းမသားတစ်ယောက်အတွက်ဆိုရင် အဲဒီလောက်တော့ ရဲရင့်ပြသင့်ပါတယ်ဟာ''

ဆက်ပိုင်မှုး၏ အမူအရာတွေ ဝေဝေဝါးဝါးဖြစ်နေတာကို စိုးမြေလည်းရိပ်မိသည်။

''ဒါ ဟိုမိန်းမကြောင့် ဟ။ ရည်းစားရှိတဲ့လူကို သူမရှောင်ဘဲ ဖြတ်ခုတ်လို့ ဒီလိုမျိုးတွေ ဖြစ်နေတာ။ ဆက်ပိုင်မပြောလည်း နင်တို့နှစ်ယောက် ချစ်သူတွေဆိုတာ သူသိမှာပဲ။ အမှန်ဆို သူ့ဘက်က အနေအထိုင်ဆင်ခြင်ဖို့ ကောင်းတယ်''

''သူ့ချည်းကို အပြစ်တင်မနေပါနဲ့ဟာ။ အဓိက ကိုယ့်လူကိုယ်ပိုင်အောင် မချုပ်နိုင်လို့ ဒီလိုပြဿနာတွေဖြစ်လာတာပါ။ ယောကျ်ားတစ်ယောက် ကိုယ့်ဆီမှာပျော်အောင် ဘယ်လိုထားရမယ်ဆိုတဲ့ ပညာကို ငါမတတ်မြောက်သလို စိတ်လည်း မဝင်စားဘူး။ တမင်တကာလုပ်ယူပြီးမှဖြစ်လာတဲ့ အရာကိုလည်း အချစ်စစ်လို့ ငါမသတ်မှတ်ဘူး။ ငါနဲ့ပတ်သက်ပြီး ဆက်ပိုင် တွေဝေတွန့်ဆုတ်နေတာတွေဟာလည်း ငါ့ကို သူတကယ်မချစ်လို့ဖြစ်မှာပါ။ အနေနီးစပ်မှုနဲ့ သံယောဇဉ်အခံကြောင့် ထင်ယောင်ထင်မှားဖြစ်ပေါ်လာတဲ့ခံစားမှုကို 'အချစ်'လို့ သူ အလွယ်တကူ ခေါင်းစဉ်တပ်လိုက်မိတာဖြစ်ပါလိမ့်မယ်ဟာ''

ရွှေသဲဖြူ၏ စကားတွေက အလကာ်မြောက်နေသည်။ စိုးမြေက ချင့်ချိန်စဉ်းစားပြီး သူအသိချင်ဆုံး မေးခွန်းကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပိုင်ကို နင်ချစ်လား ရွှေသဲ"

ရွှေသဲဖြူက ချက်ချင်း မဖြေဘဲ နှုတ်ဆိတ်နေသည်။ ခဏတာ ကြာမှ ...

"အမှန်အတိုင်းပြောရရင် အဲဒီမေးခွန်းရဲ့ အဖြေကို ငါကိုယ်တိုင်လည်း အခုအချိန်အထိ သေချာမသိသေးဘူး။ ဆက်ပိုင်ရဲ့ အချစ်ကို ငြင်းလိုက်ရင် ဆက်ပိုင် အရမ်းရှက်သွားလိမ့်မယ်၊ ပြီးတော့ ... ငါတို့ သုံးယောက်ရဲ့ ပတ်သက်မှုဟာလည်း ပျက်စီးသွားနိုင်တယ်လို့ နင်ပြောတာကြောင့် ... ဇဝေဇဝါနဲ့ပဲ ငါလက်ခံလိုက်မိတာ ... "

ရင်ထဲမှာ ကျဉ်ခနဲ နေအောင်ပင် စိုပြေ ခံစားလိုက်ရ၏။

"အခုတော့ သူ့ကြောင့် နင် အရှက်ရနေပြီ။ ငါ့ကို ခွင့်လွှတ်ပါ ရွှေသဲရယ်"

သတိလက်လွတ်ဖြစ်ပြီး၊ ရွှေသဲဖြူ၏ လက်ကလေးတစ်ဖက်ကို စိုပြေ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မိသည်။ ရွှေသဲဖြူကလည်း သူ့လက်ကို ခပ်တင်းတင်းလေး ပြန်လည် ဆုပ်ကိုင်၏။

ထိုအနေထားနှင့်ပင် နှစ်ယောက်သား စကားမဆိုဖြစ်ဘဲ တိတ်ဆိတ်စွာ ရှိနေကြပါ၏။

အဲသည်အချိန်မှာပဲ ...

"ဩော် ... ဩော် ... နှစ်ယောက်တည်းနေရတဲ့ အရသာကို လက်တွေ့သိချင်လို့ ခံစားနေကြတယ် ထင်ပါရဲ့"

"ဟင် ... ဆက်ပိုင်"

စိုပြေနှင့်ရွှေသဲဖြူ အံ့အားသင့်သွားသည်။ တွဲလက်ကိုလည်း ကပျာကယာ ဖြုတ်လိုက်၏။

"မင်း ... မင်း ... ဘယ်ကဘယ်လို ရောက်လာတာလဲ ဆက်ပိုင်။ မင်း ခွီတီသက်ပိုင်လွင်နဲ့ အတူတူထွက်သွားတာ မဟုတ်လား"

စိုပြေ မေးတော့ ဆက်ပိုင်မှုးက မခိုးမခန့်ရယ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



''ဆွိတီနဲ့ အတူတူ ထွက်သွားတယ်ဆိုတာတော့ ဟုတ်တယ်။ ဒါပေမဲ့ အဲ့ဒါက ဟန်ပြပါ။ လမ်းတစ်ဝက်မှာ ဆွိတီကို ကားငှားပေးပြီး အိမ်ပြန်ခိုင်းလိုက်တာ။ ငါ့ကွယ်ရာမှာ မင်းတို့နှစ်ယောက် ဘယ်လိုပုံစံတွေနဲ့ နေထိုင်ဆက်ဆံကြမယ်ဆိုတာ သိချင်လို့ ... မင်းတို့ကို ငါ နောက်ယောင်ခံလိုက်ကြည့်နေတာ ... ။ တော်တော်ပျော်နေကြပုံရတယ်နော်။ ဘယ်လိုလဲ စိုပြေ ... မစွပ်စွဲကောင်းတာတွေက တကယ်ဖြစ်နေပါလား ကွ ဟေ ...''

''ငါတို့ကို အထင်မလွဲနဲ့ ဆက်ပိုင်။ မင်း ဆွိတီသက်ပိုင်လွင်ကို ကားပေါ်တင်ခေါ်ပြီး ငါတို့ကို နှုတ်မဆက်ဘဲ ထွက်သွားလို့ ... ရွှေသဲ စိတ်မကောင်းဖြစ်နေမှာစိုးတာကြောင့် စိတ်ပြေလက်ပျောက်ဖြစ်အောင် ဒီကို တမင်ခေါ်လာတာ ... ။ ငါတို့နှစ်ယောက်က ရိုးသားတယ်ကွ''

''ဘာရိုးသားတာလဲ ...။ တစ်ယောက်လက်တစ်ယောက်ကိုင်ပြီး ထိုင်နေကြတာ ရိုးသားတာလား ... ။ ရွှေသဲအပေါ်မှာ မင်း ရိုးသားပါတယ်လို့ လိမ်မနေစမ်းပါနဲ့ စိုပြေရာ။ စာသင်ခန်းထဲက blackboard မှာ I Love You ပုဆ္ဗာကပ်ပြီး ရွှေသဲကို ချစ်ခွင့်ပန်တဲ့လူဟာ မင်းဆိုတာ ငါ အတိအကျ သိပြီးပြီ''

''ဟင်''

''အို''

ဆက်ပိုင်မှုးစကားကြောင့် စိုပြေ တုန်လှုပ်သွားသလို ရွှေသဲဖြူလည်း အံ့အားသင့်သွား၏။ ဆက်ပိုင်မှုးက မထိတရိပြုံးပြီး ...

''ရွှေသဲနဲ့ငါ ချစ်သူဖြစ်သွားတော့ မင်း မှုပျက်နေတာတွေကို ငါ ရိပ်မိတယ်။ blackboard မှာ I love You ပုဆ္ဗာကပ်တဲ့ကိစ္စကို စဉ်းစားကြည့်တော့ ... အဲဒီလိုတွေရေးပြီး အဲဒီလို စာကပ်ဝါသနာပါတာ မင်းပဲ ရှိတယ်။ ကျောင်းထဲမှာ တခြားလူတွေကလည်း မင်းနဲ့ငါကြောင့် ရွှေသဲကို ဘယ်သူမှ လိုက်ဖို့ကြိုးစားကြတာ မဟုတ်ဘူး။ အဲ့ဒါကြောင့် မင်းကို



www.burmeseclassic.com

www.burmeseclassic.com


မသက်သာဖြစ်ပြီး နှော်ဝင့်သဲချိုကို အတန်းထဲမှာ စုံစမ်းခိုင်းလိုက်တာ။ blackboard မှာ မင်း စာလာကပ်တာကို E-Major က ကောင်မလေးတစ်ယောက်ကပဲ သူကိုယ်တိုင် မြင်လိုက်တာတဲ့။ အဲ့ဒါကို အခုနေ့ပဲ နှော်ဝင့်သဲချို ငါ့ကို လာပြောပြတာ ...''

စိုပြေ ငြိမ်နေသည်။ ရွှေသဲဖြူက အံ့သြတုန်မျက်ဝန်းလက်လက်ကလေးတွေနှင့် စိုပြေကို စိုက်ကြည့်နေ၏။

ထိုစဉ်အခိုက်မှာပင် ...

''ရန်သူဆိုတာ ကိုယ့်အကြောင်းသိလွန်းတဲ့ သူငယ်ချင်းဆိုတာ အမှန်ဖြစ်နေပါ့လား။ မင်းဟာ ငါ့ကွယ်ရာမှာ ရွှေသဲနဲ့ ငါ့ကို သွေးခွဲပြီး ပွဲလန့်တုန်း ဖျာဝင်ခင်းတယ်။ စည်းမစောင့်ဘူး။ အလကား ... သစ္စာမရှိတဲ့ကောင် ...''

ရုတ်တရက် ဆက်ပိုင်မှူး၏ လက်သီးချက်က စိုပြေ၏မျက်နှာပြင်ပေါ် ကျရောက်လာသည်။ 'ခွပ်' ခနဲ ... မြည်သံနှင့်အတူ စိုပြေမျက်နှာ လည်ထွက်သွားသည်။

မုန်တိုင်းက စတင် တိုက်ခတ်လေပြီ။

''နင် လွန်ပြီ ဆက်ပိုင်။ ဒီလူနဲ့ ဒီလူ လက်ပါစရာ မလိုဘူး။ နင်ထင်သလိုမျိုး စိုပြေက ပွဲလန့်တုန်း ဖျာဝင်ခင်းပြီး နင်နဲ့ငါ့ကို သွေးခွဲနေတာ မဟုတ်ဘူး။ သူငယ်ချင်းသံယောဇဉ်နဲ့ ငါ့ကို သူ အားပေးနှစ်သိမ့်နေတာ။ နင်ကသာ ကိုယ့်ချစ်သူတစ်ယောက်လုံးကိုပစ်ပြီး တခြား မိန်းမတစ်ယောက်နဲ့ သွားသာယာနေတာ''

ရွှေသဲဖြူက နှစ်ယောက်ကြားဝင်ပြီး စိုပြေရှေ့မှပိတ်ရပ်ကာ ပြောဆိုလိုက်၏။ ထိုအခါ ဆက်ပိုင်မှူးက အံကြိတ်ပြီး ...

''စိုပြေကို ထိလို့ နင်က နာနေတာလား ရွှေသဲ။ အေးပေါ့လေ နာမှာပေါ့ ...။ နင်က ငါ့ထက် စိုပြေကို ပိုသံယောဇဉ်ရှိမှန်း ငါရိပ်မိပါတယ်။ နှစ်ယောက်ချိန်းတွေ့တဲ့အချိန်မှာတောင် လက်ရှိရည်းစားကို နဲ့သေး

www.burmeseclassic.com



မှာ ငုတ်တုပ်ထားပြီးတော့ ... ဒီကောင့်နာမည်ကိုပဲ ဂါထာလိုတဖွဖွ ရွတ်ပြီး ဒီကောင့်ကိုပဲ နင် တမ်းတနေတာ ... ။ နင်လည်း ဒီကောင့်ကို ချစ်နေတာ မဟုတ်လား ... ။ အဲ့ဒါနဲ့တောင်မှ ငါ့အချစ်ကို နင်ဘာဖြစ် လို့ လက်ခံလိုက်ရတာလဲဟာ။ အစကတည်းက ငြင်းလိုက်ပါလား”

ရွှေသဲဖြူက သက်ပြင်းချပြီး ...

“ငါ အမှန်အတိုင်း ပြောပြမယ် ဆက်ပိုင်။ နင့်အချစ်ကို ငါလက်ခံ ခဲ့တာဟာ စိုပြေက တိုက်တွန်းလို့။ ငါ ငြင်းလိုက်ရင် ငါတို့သုံးယောက်ရဲ့ ဆက်ဆံရေး ပျက်စီးသွားမှာစိုးလို့။ ပြီးတော့ ... ငါကိုယ်တိုင်ကလည်း သူငယ်ချင်းသံယောဇဉ်အခံနဲ့ နင့်ကို တစ်ချိန်ချိန်မှာ ချစ်လာလိမ့်မယ်လို့ ထင်တာကြောင့် လက်ခံခဲ့တာ။ ဒါပေမယ့် ... ဒီနေ့ဒီအချိန်ထိ နင့်ကိုငါ ချစ်သလား မချစ်ဘူးလားဆိုတာ သေချာမသိသေးဘူး။ အဲဒီလိုပဲ ... စိုပြေကိုလည်း ငါ ချစ်နေတာလား မချစ်ဘူးလားဆိုတာ သေချာမသိဘူး။ သေချာတာကတော့ နင်တို့နှစ်ယောက်အပေါ်မှာ ဘယ်သူနဲ့မှ မတူတဲ့ သံယောဇဉ်မျိုး ငါ့မှာရှိတယ်။ တစ်ယောက်အနားမှာ မရှိရင် အဲဒီတစ် ယောက်ကို သတိရတယ်။ အဲ့ဒါ ငါ့ခံစားချက်ပဲ”

မုန်တိုင်း၏အလယ်ဗဟိုမှာ ဆက်ပိုင်မှုန်း ငြိမ်သက်သွားသည်။ စိုပြေက သူ့နှုတ်ခမ်းမှ သွေးစကို လက်ခုံနှင့်သုတ်ပြီး ဆက်ပိုင်မှုန်းကိုကြည့် တာ ...

“ယောက်ျားချင်းလက်သီးထိုးတယ်ဆိုတာ သိပ်တော့မဆန်းပါ ဘူး ဆက်ပိုင်ရာ။ ဒါပေမယ့် ... မင်းထက်လက်သီးထိုးကျွမ်းကျင်တဲ့ တခြား တစ်ယောက်ကလာထိုးသွားရင်တောင် ငါဒီလောက်နာမှာမဟုတ်ဘူး။ အခုတော့ တော်တော် နာတယ်ကွ။ မင်းလက်သီးချက်က ရင်ဘတ်ထဲအထိ ရောက်တယ်။ လူတစ်ယောက်မျက်နှာကို လက်သီးနဲ့ထိုးဖို့ဆိုတာ သိပ် ခဲယဉ်းပါဘူးကွာ။ ထိုးချင်တဲ့စိတ်ရှိဖို့ပဲလိုတာပါ ...”

စိုပြေက ဆက်ပိုင်မှုန်းရှေ့တည့်တည့်မှာ ဖျတ်ခနဲ ရပ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိစ္စမှာမဆို တန်ရာတန်ကြေးဆိုတာရှိတယ် ဆက်ပိုင်။ အခု ... မင်း ငါ့ကိုလက်သီးနဲ့ထိုးတယ်။ ထိုးချင်တဲ့စိတ်ရှိလို့ ထိုးရက်လို့ မင်းထိုးတာ။ ငါကတော့ ထိုးချင်တဲ့စိတ်မရှိလို့ မထိုးရက်လို့ မင်းကို ပြန်မထိုးပါဘူး။ ဒါပေမဲ့ ... တန်ရာတန်ကြေးအနေနဲ့ မင်းဆီက ငါတစ်ခုတော့တောင်းဆိုမယ်။ အဲ့ဒါ ဘာလဲဆိုတော့ ... ဒီနေ့ဒီအချိန်ကစပြီး ရွှေသဲအချစ်ကိုရအောင် ငါ ကြိုးစားမယ်"

ဆက်ပိုင်မှူး မလှုပ်မယှက် ရပ်နေသည်။ စိုပြေက ရွှေသဲဖြူကိုကြည့်ပြီး ...

"မင်း ရှေ့မှာပဲ ငါ ဝန်ခံတယ် ဆက်ပိုင်။ blackboard မှာ I Love You ပုစ္ဆာကို ကပ်တာ ငါဟုတ်တယ်။ ပြီးတော့ ... မင်းရှေ့မှာပဲ ငါပြောမယ်။ ရွှေသဲ ... နင့်ကိုငါချစ်တယ်"

ကွယ်ဝှက်မှုဖြင့် ရင်ဘတ်ထဲမှာသာ ပဲ့တင်ထပ်နေသော စကားသံ ... ပြင်ပသို့ ပွင့်အံ့ထွက်ကျလာလေပြီ။ အရင်းအနှီးက သိပ်ကိုကြီးမားနေသည်ဟု ခံစားရ၏။

အနီးဝန်းကျင်ရှိလူတွေက သူတို့အား စူးစမ်းသောအကြည့်တွေနှင့် ကြည့်နေကြပါသည်။

ပြောပြီးတာနှင့် စိုပြေ လှည့်ထွက်သွားသည်။ နောက် ... ရွှေသဲဖြူ ... ။ ပြီးသောအခါ ... ဆက်ပိုင်မှူး ... ။

သူတို့သုံးယောက်စလုံး ပြန်သွားကြ၏။

သို့ရာတွင် ... အတူတကွမဟုတ် ... ။

သီးခြားစီ ... ။



www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၉)

မထင်မှတ်သော အပြောင်းအလဲများကြောင့် ပုံမှန်လည်ပတ်နေသော အခြေအနေတစ်ရပ်မှာ ပြိုကွဲပျက်စီးတော့မလို ဖြစ်နေ၏။

ကျောင်းသွားရန်အတွက် ကားမှတ်တိုင်ကို ရွေ့သဲဖြူလာတော့ ဆက်ပိုင်မှူးအား မမြင်ရသလို စိုပြေလည်း ရောက်မလာချေ။ ဒါကြောင့် သူမတစ်ယောက်တည်း ကျောင်းကိုထွက်လာခဲ့၏။

ဆက်ပိုင်မှူးနှင့် စိုပြေကြားမှာ ဝေခွဲရခက်စွာဖြင့် သူမစိတ်တွေ ရှုပ်ထွေးနောက်ကျိလို့နေပါသည်။

ကျောင်းရောက်သောအခါ ...

"လက်ကမ်းကြော်ငြာတွေ ရမယ်။ လက်ကမ်းကြော်ငြာတွေ"

ဘယာကြော်ရောင်းသော ကုလားလေးသာခုတ်က လက်ထဲမှာ စာရွက်တစ်ထပ်ကိုင်ပြီး တကျော်ကျော်အော်နေသည်။ လာသမျှကျောင်းသူကျောင်းသားတွေကိုလည်း ထိုစာရွက်တွေ အတင်းလိုက်ပေးနေ၏။

သူမကိုလည်း အတင်းပဲ တစ်ရွက်လာပေးသည်။

ထုံးစံအတိုင်း အလှပြင်ဆိုင် (သို့မဟုတ်) အင်္ဂလိပ်စာကျွန်မှာ တာ သင်တန်းတစ်ခုခု၏ ကြော်ငြာသာ ဖြစ်လိမ့်မည်ဟု ထင်လိုက်မိ၏။

သို့ရာတွင် ... စာရွက်ကို ကြည့်လိုက်မိသောအခါ သူမအထင် တက်တက်စင်အောင် လွဲမှားသွားမှန်း သိလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေသဲ ...

ဒီနေ့ကစပြီး ငါ့ကို နင်ချစ်တယ်လို့မပြော မချင်း ငါ လုံးဝ ကျောင်းမတက်တော့ဘူး။ နင့်ပါးစပ်က ငါ့ကို ချစ်ပါတယ်လို့ ပြောပြီး နင်ကိုယ်တိုင်လာခေါ်မှပဲ ငါ ကျောင်းပြန်တက်မယ်။

စိုပြေ

ရွှေသဲဖြူ အံ့အားသင့်သွားသည်။ ဒီကောင်ကတော့ လုပ်ပြီဟု တွေးမိ၏။

တစ်ကျောင်းလုံးသိအောင် စိုပြေဘက်မှ စတင်စစ်ကြေညာလိုက်ခြင်းဖြစ်ကြောင်း သူမ သိလိုက်သည်။ ထိုအတွက် သူမမှာ အနေရအထိုင်ရ ကျဉ်းကျပ်သွား၏။

တစ်ကျောင်းလုံးက သူမကို အာရုံစိုက်နေသည်။ သူမ၏တုံ့ပြန်မှုကို စိတ်ဝင်စားနေကြ၏။ သူမတို့သုံးယောက်၏ ဖြစ်စဉ်ကိုလည်း နော်ဝင့်သဲချိုထံမှတစ်ဆင့် ရိပ်ဖမ်းသံဖမ်း သိရှိသွားပုံရသည်။

ဒီလိုနှင့် ... နှစ်ရက် သုံးရက် ကြာသည့်အထိ စိုပြေ ကျောင်းမလာ ... ။

ဆက်ပိုင်မှူးကလည်း ကျောင်းကို ခွင့်တင်ပြီး ခရီးထွက်သွားသည်ဟု ကြားသိရသည်။

လေးရက်မြောက်သောနေ့အထိ စိုပြေ ကျောင်းမလာတော့ အသံတွေ ထွက်လာသည်။ မကျာတူသူငယ်ချင်းတွေကလည်း သူမကို ပြောကြ၏။ ကြာလာလျှင် ကျောင်းခေါ်ချိန်မပြည့်သဖြင့် စိုပြေ စာမေးပွဲ မဖြေရဘဲ ဖြစ်သွားနိုင်ကြောင်း၊ အချစ်အတွက်နှင့် ကျောင်းသားတစ်ယောက် နစ်နာဆုံးရှုံးရမှာမျိုး မဖြစ်သင့်ကြောင်း၊ ဆက်ပိုင်မှူးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲတီသက်ပိုင်လွင်နှင့်တွဲနေသဖြင့် စိုပြေကိုသာ ရွေးချယ်လိုက်သင့်ကြောင်း စသဖြင့် အမျိုးမျိုး အဖုံဖုံသော အသံတွေကို သူမနားနှင့်မဆံ့အောင် ကြားနေရသည်။

စိုပြေသည် တစ်ကျောင်းလုံးကို သူ့ဘက်တော်သားအနေနှင့် သူမကို တွန်းအားပေးသည့် အဖြစ်မျိုးရောက်အောင် တမင် လုပ်ကွက် ဆင်လိုက်တာ ဖြစ်သလို ...

သူငယ်ချင်းသံယောဇဉ်အခံရှိသော သူမကို အနုနည်းနှင့်အကျပ် ကိုင်လိုက်တာမှန်းလည်း ရွှေသဲဖြူရိပ်မိသည်။

သို့သော် ... တစ်စုံတစ်ရာကို ရဲရဲဝံ့ဝံ့ ဆုံးဖြတ်လိုက်ဖို့ သူမ တွန့်ဆုတ်နေချေ၏။

အခုအချိန်မှာ ဆက်ပိုင်မှူးနှင့် သူမ၏အခြေအနေက ချစ်သူ ရည်းစားဟုလည်း တိတိကျကျ ပြော၍ မရတော့သလို၊ ချစ်သူရည်းစား အဖြစ်မှလည်း တိတိလင်းလင်း ပြောဆိုရပ်ဆိုင်းထားတာမျိုး မဟုတ်။

ထိုသို့ မပြတ်မသားနှင့် မကင်းမရှင်းအနေအထားမျိုးမှာ သူမ ဘာကိုမှ မစဉ်းစားချင်။

သို့သော် ... သူငယ်ချင်းတစ်ယောက်အနေနှင့်တော့ စိုပြေ မဖြစ် မနေ ကျောင်းပြန်တက်ဖို့ သွားပြောမည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ညနေကျောင်းဆင်းချိန် ရွှေသဲဖြူ ကျောင်းဝင်းထဲက အထွက်မှာ ကျော်ဇေယျက ပျာပျာသလဲ အမူအရာနှင့် အနားရောက်လာသည်။

"ရွှေသဲ ... စိုပြေနဲ့ ဆက်ပိုင်မှူးက ခေါ်ခိုင်းလိုက်လို့"

"ဟင် ... ဟုတ်လား ... သူတို့က ဘယ်မှာလဲ"

"စိမ်းလန်းစိုပြေမှာ။ ကိုယ် ရောက်သွားတော့ သူတို့နှစ်ယောက် စကားများနေကြတာ။ အခု ရွှေသဲကို ခေါ်ခိုင်းလို့ ကိုယ် လာခေါ်တာ"

"အဲ့ဒါဆို ကျွန်မ သွားလိုက်မယ်လေ"

ရွှေသဲဖြူက ကားငှားပြီး သွားဖို့ပြင်သည်။ ကျော်ဇေယျက

"သိပ်မှ မဝေးတာဘဲ ရွှေသဲရယ်။ ကိုယ့်ကားနဲ့ပဲ လိုက်ခဲ့ပါ။ သူတို့နှစ်ယောက်က အချေအတင်တွေ ပြောနေကြတာ။ တော်ကြာ ရန်တွေဘာတွေ ဖြစ်နေဦးမယ်"

ရွှေသဲဖြူ ငြင်းမနေတော့ဘဲ ကျော်ဇေယျဖွင့်ပေးသော တံခါးမှ ကားပေါ်သို့ တက်လိုက်သည်။ သူမ ကားပေါ်ရောက်တာနှင့် ကျော်ဇေယျက ကားကို အမြန်မောင်း၏။

စိတ်စောနေတာမို့ သူမလည်း မတားမိ။

ကားက တက္ကသိုလ်ရိပ်သာလမ်းပေါ်မှ ချိုးကွေ့ပြီး ကမ္ဘာအေးဘုရားလမ်းအတိုင်း စုန်ဆင်းသွားသောအခါ ရွှေသဲဖြူ သံသယဝင်လာသည်။

"ကိုကျော်ဇေယျ ... စိမ်းလန်းစိုပြေသွားမယ့်လမ်းက နောက်မှာ ကျန်ခဲ့ပြီလေ။ ရှင် ဘယ်ကိုမောင်းနေတာလဲ"

ကျော်ဇေယျက မခန့်တရန့်ရယ်ပြီး ...

"စိမ်းလန်းစိုပြေကို သွားဖို့အတွက် မင်းကို ကိုယ်ခေါ်လာတာ မဟုတ်ဘူး ရွှေသဲ။ စိမ်းလန်းမှာ ဆက်ပိုင်မှူးနဲ့ စိုပြေ ရှိတယ်ဆိုတာလည်း မဟုတ်ဘူး။ မင်းကို အဆုံးရှုံးမခံနိုင်လို့ မင်းကို ပိုင်ဆိုင်ချင်လို့ ကိုယ်ခေါ်လာတာ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သူမ ကျကျနနကြီး အလှည့်စားခံလိုက်ရပြီဖြစ်ကြောင်း ရွှေသဲဖြူ သိသွားသည်။

"ရှင် ယုတ်မာလှချည်လား ကိုကျော်ဇေယျ။ ရှင့်ကို ယုံကြည်ပြီး လိုက်လာမိတာကိုက ကျွန်မ မှားတာပဲ။ ရှင် ကားကို အခုရပ်ပေး"

"မရပ်ပေးနိုင်ဘူး ရွှေသဲ။ နှင်းဝင့်လှိုင် ဖုန်းဆက်ပြောလို့ မင်းတို့ သုံးယောက်ရဲ့ ပဋိပက္ခတွေကိုလည်း ကိုယ် သိပြီးပြီ။ ဒီလိုအချိန်မျိုးမှာမှ မင်းကိုရအောင်မကြိုးစားရင် တစ်ဘဝလုံးစာ ကိုယ် လက်လွတ်ဆုံးရှုံးရတော့မှာ။ မင်းကို ကိုယ် အဆုံးရှုံးမခံနိုင်ဘူး။ မင်းကို ကိုယ် အရမ်းချစ်တယ် ရွှေသဲ"

လမ်းကြောင်းရှင်းသဖြင့် ကျော်ဇေယျက ကားကို အရှိန်ထပ်တင်ပြီး မောင်းသည်။ ရွှေသဲဖြူက ...

"ရှင် ကားကို ရပ်မပေးဘူးလား ကိုကျော်ဇေယျ။ အဲ့ဒါဆို ကျွန်မ ခုန်ဆင်းလိုက်မှာနော်"

"ဒီအရှိန်မျိုးနဲ့ ခုန်ဆင်းရင် မင်း သေသွားမှာပေါ့ ရွှေသဲရယ်။ ကိုယ့်ကိုယ်ကိုယ် သေကြောင်းမကြံချင်စမ်းပါနဲ့"

"အလိုမတူဘဲ အတင်းအဓမ္မကားတင်ပြေးခံရတာနဲ့ စာရင် သေတာကမှ ကောင်းပါသေးတယ်။ ရှင် ကျွန်မကို တကယ် မလုပ်ရဲဘူး ထင်လို့လား"

"ဟာ ... ရွှေသဲ ... "

ရွှေသဲဖြူက ကားတံခါးကိုဖွင့်ပြီး ခုန်ဆင်းဖို့ ပြင်သည်။ ကျော်ဇေယျ ထိတ်လန့်တကြားဖြစ်သွားပြီး ရွှေသဲဖြူလက်ကို လှမ်းဆွဲ၏။

ထိုအခါ ... စတီယာရင် ကိုင်ထားသော လက်က တိမ်းစောင်းပြီး လည်ထွက်သွားရာ ...

အရှိန်ပြင်းပြင်းကားမှာ ...

လမ်းပေါ်မှာ တစ်ပတ်လည်၍ ပလက်ဖောင်းသို့ ကျော်လွန်တာ

www.burmeseclassic.com



"ဒုန်း"

"အား"

"ကျွိ"

အစိတ်စိတ်အမြွာမြွာဆိုသောစကားကို ဒီနေရာမှာ သုံးစွဲရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘာ ... ရွှေသဲ ကားအက်စီးဒင့် ဖြစ်လို့ ... ဟုတ်လား''

ကြားကြားချင်း ကိုယ့်နားကိုယ်ပင် မယုံနိုင်။ စိုးပြေ ကတိုက်တိုက်ကရိုက်နှင့် မေးမြန်းစုံစမ်းပြီး ဆေးရုံသို့လိုက်သွားလိုက်၏။

ဆေးရုံသို့ရောက်သောအခါ ရွှေသဲဖြူ၏မိဘနှစ်ပါးကို ငိုထားမိုရသည့် မို့အစ်အစ်မျက်နှာတွေနှင့် မသာမယာတွေ့မြင်လိုက်ရသည်။

''လမ်းထဲကလူတစ်ယောက် လာပြောလို့ ကျွန်တော်လည်း အခုမှ သိရတာ။ ရွှေသဲ အခြေအနေ ဘယ်လိုရှိလဲဟင်''

ရွှေသဲဖြူ၏မိခင်က မျက်ရည်တွေစီးကျလာပြီး ...

''သမီးလေးနဲ့အတူပါတဲ့ ကားမောင်းတဲ့လူကတော့ နေရာမှာတင် ပွဲချင်းပြီးဆုံးသွားတယ်။ သမီးလေးကတော့ ...''

ရှိုက်သံသာ တရစပ်ထွက်ပေါ်လာပြီး စကားသံအား မကြားရတော့ ...။

''ရွှေသဲက ဘာဖြစ်သွားလဲ အန်တီ။ ရွှေသဲ ဘာဖြစ်သွားတာလဲဟင်''

သူ စိုးရိမ်ထိတ်လန့်စွာ မေးလိုက်၏။ ထိုအခါ ရွှေသဲဖြူ၏မိခင်က မျက်ရည်တွေသုတ်ပြီး စိတ်ကို အနိုင်နိုင် ထိန်းချုပ်ထားရသည့်ဟန်နှင့် ...

''သမီးလေးက လူမသေပေမယ့် ဘဝသေသွားတယ် သား။



www.burmeseclassic.com

www.burmeseclassic.com



ဘာအနှစ်တွဲတွေ ထိပြီး မင်းသူငယ်ချင်း မျက်လုံးကွယ်သွားတယ်''

''တာ''

ရင်ထဲမှာ ပူဆင်းသွားသည်။ မျက်စိအခုံး၊ နားအရှိုး ... တဲ့။

နားမကြားသူဟာ ဘဝမှာ တစ်ပမ်းရှုံးပြီး မျက်စိမမြင်တဲ့လူကတော့ ဘဝမှာ ဘဝပါ ဆုံးသတဲ့ ... ။

အဖြစ်ဆိုးလိုက်တာ ရွှေသဲရယ် ... ။



www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၁၀)

ရွှေသဲဖြူဆေးရုံတက်နေသည့် နေ့ရက်တွေမှာ စိုပြေသည် သူလည်း ကျောင်းမသွားဘဲ ရွှေသဲဖြူအနားမှာ အားပေးစကားတွေပြောရင်း အဖော်လုပ်ပေးနေခဲ့၏။

''အားမငယ်ပါနဲ့ ရွှေသဲရယ် ... မျက်လုံးမကောင်းပေမယ့် နင့်ရဲ့ခြေတွေလက်တွေ ဦးနှောက်အတွေးအခေါ်တွေ အကောင်းကြီးရှိနေသေးတာပဲ။ ဟယ်လင်ကေလာဆိုရင် မျက်လုံးမကောင်းတဲ့အပြင် နားပါမကြားပေမဲ့ ထူးချွန်ထက်မြက်တဲ့လူတစ်ယောက် ဖြစ်ခဲ့တာပဲလေ။ အဓိကတော့ လက်ရှိဖြစ်နေတဲ့ ကိုယ့်ဘဝကိုယ် စိတ်မပျက်မိဖို့ပါပဲ''

စိုပြေက သူတို့ကျောင်းမှာ သင်ခဲ့ရသည့် ... အားနည်းချို့ယွင်းချက်တွေရှိပေမယ့် ဘဝမှာ ဖွဲ့မလျှော့စိတ်မပျက်ဘဲ အောင်မြင်မှုတွေရအောင် ကြိုးစားစွမ်းဆောင်ပြခဲ့သည့် ဟယ်လင်ကေလာ(Helenkeller) ဆိုသော သူ့ရဲ့ကောင်းမလေးအား ဥပမာပုံထား၍ နှစ်သိမ့်လိုက်သည်။

''စစ်မြေပြင်မှာ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်မှ သူရဲကောင်းဖြစ်တာမဟုတ်ပါဘူး ရွှေသဲရယ်။ ဘဝမှာ ကြုံလာတဲ့ အခက်အခဲတွေကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီး ဖွဲ့မလျှော့စိတ်မပျက်ဘဲ တွန်းလှန်ဖယ်ရှားနိုင်ရင်လည်း အဲ့ဒါ သူ့ရဲကောင်းပါပဲ''

www.burmeseclassic.com



သူ နှစ်သိမ့်အားပေးစကားတွေ ပြောနေပေမယ့် မျက်ဝန်းတစ်ဝိုက်မှာ ပတ်တီးဖြူဖြူတွေ စည်းနှောင်အုပ်မိုးလျက် လူနာဆောင်ခုတင်ထက်မှာ လျော့ရဲရဲလေး လဲလျောင်းနေသော ရွှေသဲဖြူ၏မျက်နှာလေးက ကြည်လင်ရွှင်ပျမလာချေ။

သူမနေရာမှာ သူဆိုလျှင်လည်း ရုတ်တရက်ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုအခြေအနေဆိုးကြောင့် ရက်ပိုင်းအတွင်း တည်ငြိမ်မှုရနိုင်လိမ့်မည် မဟုတ်ကြောင်း စိုပြေ စာနာမိပါသည်။

''ငါ ဒီလို အမှောင်ကမ္ဘာကြီးထဲမှာ အသက်ရှင်နေမယ့်အစား သေသာသေလိုက်ချင်တယ်ဟာ''

''အဲဒီလိုစိတ်တွေ မမွေးပါနဲ့ ရွှေသဲရယ်။ ဘယ်လိုဘဝအခြေအနေမျိုးနဲ့ပဲဖြစ်ဖြစ် ရှင်သန်နေခြင်းဟာ သေဆုံးခြင်းထက် မြတ်တယ် ရွှေသဲရဲ့။ နင့်ကိုငါ အမွှသက္ကရဆိုတဲ့ ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်။

ဟိုးရှေးတုန်းက လူတစ်ယောက်ဟာ ခိုးမှုကြောင့် တံကျင်လျှိုခံနေရတယ်။ အသက်မသေဘဲ သံကျင်တံစို့ အထိုးခံထားရတဲ့အဖြစ်လောက် နာကျင်ခွာင်းရဲတာ ရှိဦးမလား။ ဒါပေမယ့် အရင်ဘဝက ဦးရိုးတော်စပ်ခဲ့ဖူးတဲ့ မြင်းဖြူရှင်နတ်က ညသန်းခေါင်ယံအချိန်မှာ အဲဒီလူထံလာပြီး ''လူကလေး ... အသက်ရှင်နေရန် ကြိုးစားပါ။ အသက်ရှင်နေတာက သေတာထက်ကောင်းပါသည်'' လို့ပြောတယ်။

နတ်က ဘာကြောင့် အဲ့လိုပြောလဲဆိုတော့ အဲဒီလူသေရင် ငရဲရောက်ပြီး ဒီ့ထက်ဆင်းရဲဒုက္ခတွေ ပိုခံစားရမှာကို သိမြင်တာကြောင့် အားပေးစကားပြောပြီး တားမြစ်တာ။

အဲဒီနတ်က အရင်ဘဝက ရှံ့ဖွက်တစ်ခုမှာ နွားခေါင်းရိုးခင်းပေးခဲ့တဲ့ ကောင်းမှုကြောင့် နတ်ဖြစ်လာတာ။ ဒါပေမယ့် သူငယ်ချင်းရဲ့ချိုးနေချိန်မှာ လုံချည်အဝတ်တွေကို ဖွက်ပြီး ကျီစားဖူးတာကြောင့် နတ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ့မှာအဝတ်မရှိဘူး။

အဲဒီအချိန် အမ္ဗသက္ကရဆိုတဲ့ လိစ္ဆဝီမင်းက 'ကံ, ကံ၏အကျိုး မရှိ၊ နောက်ဘဝမရှိ' ဆိုပြီး အယူမှားနေတဲ့အချိန်။

တစ်ညမှာ လိစ္ဆဝီမင်းဟာ မြင်းဖြူရှင်နတ်နဲ့တွေ့တယ်။ အဲဒီအခါ အကြောင်းအရာတွေကို မေးမြန်းပြီး မြင်းဖြူရှင်နတ်ရဲ့ ညွှန်ကြားချက်အရ ကပ္ပိတက အမည်ရှိတဲ့ မထေရ်ထံသွားပြီး အဝတ်အထည်တွေလှူတယ်။ ပြီးတော့ မြင်းဖြူရှင်နတ်ကို အမျှအတမ်းပေးဝေတယ်။ အဲဒီလို အမျှဝေလိုက်တာနဲ့ တစ်ပြိုင်နက် မြင်းဖြူရှင်နတ်ဟာ အဝတ်တန်ဆာတွေကို ဝတ်ဆင်ပြီး ချမ်းသာစွာ ဖြစ်သွားတာကို လိစ္ဆဝီမင်း မျက်မြင်တွေ့လိုက်ရတယ်။

အဲဒီတော့မှ လိစ္ဆဝီမင်းဟာ ကံ,ကံ၏အကျိုးနဲ့ နောက်ဘဝဆိုတာကို ယုံကြည်ပြီး ကပ္ပိတကမထေရ်ထံမှာပဲ တရားနာ နှလုံးသွင်းရှုမှတ်ရင်း သောတာပန်တည်သွားတယ်။ တံကျင်လျှိုခံနေရသူကိုလည်း တံကျင်မှ လွတ်စေပြီး ဆေးကုသပေးတယ်။ အဲဒီလူ ကျန်းမာလာတဲ့အခါ ကပ္ပိတက မထေရ်ထံမှာပဲ ရဟန်းပြုပြီး တရားကျင့်တာကြောင့် မကြာမီ ရဟန္တာဖြစ်သွားတယ် ... တဲ့ ... ။

အဲ့ဒါကြောင့် မြန်မြန်သေရုံနဲ့ ဆင်းရဲမှုလွတ်လိမ့်မယ်ဆိုတဲ့ အတွေးဟာ မမှန်ဘူး။ ပါဏာတိပါတကံဆိုတာ 'ပါဏ–သတ္တဝါကို၊ အတိပါတ–သေချိန်ထက်လျင်စွာ သေစေသောကြောင့်'လို့ အဓိပ္ပာယ်ရတယ်။

ဒါကြောင့် ... ဆင်းရဲဒုက္ခကို မခံစားနိုင်လို့ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံတာပဲဖြစ်ဖြစ်၊ ဆင်းရဲဒုက္ခခံစားနေရသူကို မကြည့်ရက်လို့ စေတနာနဲ့ သေအောင်ပြုတာပဲဖြစ်ဖြစ်၊ ဆင်းရဲဒုက္ခခံစားနေရသူရဲ့တောင်းဆိုမှုကြောင့် သေစေအောင် အကူအညီပေးတာပဲဖြစ်ဖြစ် ...

အဲဒီလူဟာ ပါဏာတိပါတကံထိုက်တယ်''



www.burmeseclassic.com

www.burmeseclassic.com



စိုပြေစကားဆုံးသောအခါ ရွှေသဲဖြူ တွေတွေလေးဖြစ်သွားသည်။ သူမ တစ်စုံတစ်ရာကို စဉ်းစားတွေးတောနေပုံရ၏။

ခဏကြာတော့မှ ...

“ငါ ဆက်ပိုင်ကို သတိရလိုက်တာ စိုပြေရယ်”

စိုပြေရင်ထဲမှာ လှုပ်ခါသွားသည်။ ရွှေသဲဖြူသည် သူမပြော စကားအတိုင်း တစ်ယောက်အနားမှာ ရှိနေချိန်မှာ ... အနားမှာမရှိသော တစ်ယောက်ကို သတိရတမ်းတနေပုံပေါ်သည်။

“ငါ့ဆီကို ဆက်ပိုင် မလာဘူးနော်။ ဘာလို့မလာတာလဲမသိ ဘူး”

“သူ ခရီးသွားရာက ပြန်မရောက်သေးလို့ ဖြစ်မှာပါဟာ။ နင့် သတင်းကြားရင်တော့ သူမလာဘဲ ဘယ်နေမလဲ ... လာမှာပေါ့”

စိုပြေလည်း ဆက်ပိုင်မှူးကို သတိရသွားသည်။ ဒီလိုအချိန်မျိုး မှာ ရွှေသဲဖြူအနား၌ သူတို့နှစ်ယောက်စလုံး စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ်နှင့် ရှိနေသင့်သည်။

ရွှေသဲဖြူ အခုလိုဖြစ်တာလည်း နွားကွဲလို့ ကျားဆွဲသည့်အဖြစ် မျိုးမို့ သူတို့ပယောဂမကင်းသလို ခံစားရသည်။ ဒါကြောင့် မာန်မာနတွေ ဘေးဖယ်ပြီး ဆက်ပိုင်မှူးကို သူကိုယ်တိုင် သွားခေါ်ရန် ဆုံးဖြတ်လိုက်၏။

ဗာကယ်တမ်းကျတော့လည်း ...

ရှိပြီးသား သံယောဇဉ်ဆိုတာ ... ဖြတ်တောက်ရခက်ခဲတဲ့ နှောင် ကြိုးတစ်ချောင်းသာပဲ မဟုတ်လား ... ။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်း ဆေးရုံမှ ပြန်အလာ ခြံတံခါးဖွင့်ထားသော ဆက်ပိုင်မှူးတို့အိမ်သို့ စိုပြေ ဝင်လိုက်သည်။

ထိုအခါ ... ခြံဝင်းထဲမှာ ရပ်စကားပြောနေသည့် ဆက်ပိုင်မှူးနှင့် ဆွီတီသက်ပိုင်လွင်အား တွေ့မြင်လိုက်ရ၏။ သူ့ကိုမြင်သောအခါ နှစ်ယောက်သား ပြောလက်စ စကားအားရပ်၍ သူ့ကိုကြည့်သည်။

စိုပြေက ...

''မင်း ဘယ်တုန်းက ပြန်ရောက်တာလဲ ဆက်ပိုင်''

''နေ့လည်က''

ဆက်ပိုင်မှူးက တိုပြတ်ပြတ်ဖြေသည်။

''ရွှေသဲသတင်း မင်း ကြားပြီးပြီလား''

''အင်း ... ကြားပြီးပြီ''

ဆက်ပိုင်မှူး အမူအရာက မထိုတတ်ထေး အေးစက်စက်နှင့်။

''အဲ့ဒါနဲ့တောင်မှ ကြားကြားချင်း ဆေးရုံကို မင်းဘာလို့ လိုက်မလာတာလဲ။ ရွှေသဲက မင်းကို အရမ်းသတိရနေတာ။ သူ မင်းကိုချစ်နေတာကွ''

ဆက်ပိုင်မှူးက စိတ်မဝင်စားဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှေ့မှာ ရွှေသဲအကြောင်းတွေ လာမပြောနဲ့တော့ စိုပြေ။ ငါ မကြားချင်ဘူး။ ငါနဲ့ ဆွိတီ မကြာခင် လက်ထပ်ကြတော့မှာ။ အဲ့ဒါကြောင့် သူများ ကားတင်ပြေးပြီးသား ဒုက္ခိသတမဆီကိုလည်း အပိုအလုပ်ရှုပ်ခံပြီး သွားစရာ ဘာအကြောင်းမှမရှိဘူး"

"ဟာ"

နားထဲကို အဆိပ်လူးမြားတွေ ဝင်ရောက်ကလာသလို စိုပြေ ခံစားလိုက်ရသည်။ လျှပ်တစ်ပြက်ဖြစ်ပေါ်လာသော နာကျည်းဒေါသကြောင့် သူ့လက်က ရိုပ်ခနဲ... ။

'ခွပ်'ခနဲ မြည်သံနှင့်အတူ ဆက်ပိုင်မျှ ယိုင်ထွက်သွားသည်။ စိုပြေက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကြိတ်လျက်...

"အရင်တုန်းကဆို မင်းမျက်နှာကို လက်သီးနဲ့ထိုးဖို့ဆိုတာ ငါ စိတ်ကူးထဲမှာတောင် တွေးလို့မရခဲ့ဘူး။ အခုအချိန်မှာတော့ မင်းကိုငါ သတ်ပစ်ချင်လောက်အောင် ရွံရှာသွားပြီ။ မင်းလို အောက်တန်းကျတဲ့ စိတ်ဓာတ်မျိုးရှိတဲ့ လူတစ်ယောက်နဲ့ နှစ်တွေအကြာကြီး အပေါင်းအသင်း လုပ်ခဲ့မိတဲ့အတွက် ငါ့ကိုယ်ငါလည်း ယူကြုံးမရဖြစ်မိတယ်။ ဒီနေ့ဒီအချိန်က စပြီး ငါ့ရဲ့သူငယ်ချင်းစာရင်းထဲမှာ မင်းမရှိတော့ဘူး ဆက်ပိုင်"

နာကျည်းဒေါသတွေ ရင်ဝယ်ပိုက်ပြီး... ခြေလှမ်းကျဲကျဲနှင့် စိုပြေ လှည့်ထွက်သွားလေသည် ...။



www.burmeseclassic.com

www.burmeseclassic.com



စိုပြေ အဝေးရောက်သွားတော့မှ ...

ဆက်ပိုင်မှူးက သူ့နှုတ်ခမ်းမှ သွေးစက်တွေကို သုတ်ပြီး ကျေနပ်ဟန်ဖြင့် ပြုံးသည်။

"ဒီကောင် ငါ့ကို ထိုးမှထိုးပါ့မလားလို့ စိုးရိမ်လိုက်ရတာ။ ထိုးလိုတော်သေးတာပေ့ါ။ နောက်မို့ဆို ... သူ့အပေါ်မှာ ငါ အကြွေးတစ်ခုတင်နေမှာဟ ..."

ဆွီတီသက်ပိုင်လွင်က ကရုဏာထန်သော အကြည့်တွေနှင့် ဆက်ပိုင်မှူးကို ကြည့်ကာ ...

"ရှင်ပေးဆပ်နေတာတွေကို သူတို့က သိကြတာမဟုတ်ဘူး။ သူတို့အမြင်မှာ ရှင့်ကို ဗီလိန်တစ်ယောက်လို့ပဲထင်နေကြမှာ"

ဆက်ပိုင်မှူး၏အပြုံးက နာကျင်ဟန်သို့ ကူးပြောင်းသွားပြီး ...

"သူတို့အမြင်မှာ ငါ့ကို ဘယ်လိုပဲထင်ပါစေ ...။ သူတို့နှစ်ယောက် အဆင်ပြေသွားဖို့က အဓိကပါ"

"ဒါပေမယ့် ... အခု ရှင်မချော်လင့်တဲ့ အခြေအနေမျိုးဖြစ်သွားပြီလေ။ အဲဒီတော့ စေတနာနဲ့ ရှင်စီစဉ်ခဲ့တာတွေဟာ အလကားဖြစ်သွားပြီပေ့ါ"

www.burmeseclassic.com



"အလကားမဖြစ်စေရပါဘူး။ သူတို့နှစ်ယောက် အဆင်ပြေအောင် ငါ အစအဆုံး ကူညီမှာပါ"

ဆက်ပိုင်မှူးက ယတိပြတ်ဆုံးဖြတ်ချက်ချထားသော မျက်နှာထားနှင့်ပြော၏။ ဆိုဗီတီသက်ပိုင်လွင်က နားမလည်နိုင်သော မျက်ဝန်းတွေနှင့် ဆက်ပိုင်မှူးကိုကြည့်ကာ သက်ပြင်းချသည်။

"ဒီလို အခြေအနေမျိုးကြီးမှာ ရှင်က ဘယ်လို ကူညီနိုင်မှာမို့လို့လဲ"

ဆက်ပိုင်မှူးက ဝေခွဲရခက်သည့် မျက်နှာထားနှင့် ...

"ဘာလဲဆိုတာတော့ အတိအကျ မပြောနိုင်သေးဘူးပေါ့ ... ။ ဒါပေမယ့် တစ်နည်းနည်းနဲ့တော့ အကောင်းဆုံးဖြစ်အောင် ကူညီမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ဆေးရုံမှ လူနာဆောင်သို့ ဆက်ပိုင်မှူးရောက်လာတော့ စိုပြေ အံ့အားသင့်သွားသည်။

ရွှေသဲဖြူ၏မိဘနှစ်ပါး အိမ်ခဏပြန်သွားချိန် ... ရွှေသဲဖြူအတွက် လိုအပ်သော ဆေးဝါးတွေ ထွက်ဝယ်ပြီး သူ ပြန်အလာ ... လူနာဆောင် တံခါးဝမှာ ယောင်ချာချာဖြစ်နေသော ဆက်ပိုင်မှူးကို တွေ့လိုက်ရတာ ဖြစ်သည်။

"မင်း ဘာလာလုပ်တာလဲ ဆက်ပိုင်"

အသံကြောင့် ဆက်ပိုင်မှူးက လှည့်ကြည့်သည်။ စိုပြေကို တွေ့သွားသောအခါ ခံစားမှုတစ်စုံတစ်ရာ မပါသော မျက်နှာထားမျိုးနှင့် ...

"ရွှေသဲအခြေအနေ လာကြည့်ရင်းနဲ့ မင်းတို့ကို လာနှုတ်ဆက်တာပါ။ နောက်ဆို မင်းတို့နဲ့ ဒီလိုမျိုးတွေ့ဖို့က မဖြစ်နိုင်တော့ဘူးလေ"

စိုပြေက နှုတ်ခမ်းကိုမဲ့ပြီး ...

"မင်းရဲ့ လက်ထပ်ပွဲအကြောင်းကို ဒီနေရာမှာတော့ လာမပြောပါနဲ့ကွာ။ ငါ တောင်းပန်ပါတယ်။ ရွှေသဲကြားသွားရင် မကောင်းဘူး။ အလိုလို သူ စိတ်အားငယ်နေတာ။ မင်းနဲ့ ငါနဲ့ ဖြစ်တဲ့ကိစ္စလည်း ရွှေသဲကို ပြောမထားဘူး။ မင်း ခရီးသွားရာက ပြန်မရောက်သေးဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဒါပြောထားတာ။ ဒီလိုအချိန်မျိုးမှာ ရွှေသဲ စိတ်ထိခိုက်အောင် ဘာမှ မလုပ်ပါနဲ့ကွာ။ သူ့ စိတ်ဆင်းရဲရမယ့် စကားမျိုးတွေလည်း မပြောမိပါစေနဲ့''

ဆက်ပိုင်မှူးက သက်ပြင်းချပြီး ...

''စိတ်ချပါ။ ငါ့ကြောင့် ရွှေသဲ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး''

''ကောင်းပြီလေ။ အဲ့ဒါဆို ရွှေသဲကို မင်း သွားတွေ့လိုက်ပါ။ သူ မင်းကို တော်တော်သတိရနေတယ်''

စိုပြေက ရွှေသဲဖြူရှိရာ လှူနာဆောင်ကို ညွှန်ပြသည်။ ဆက်ပိုင်မှူး အထဲဝင်တော့ စိုပြေက လိုက်မဝင်ဘဲ ဟိုလိုလိုဒီလိုလိုနှင့် အပြင်မှာသာ ကျန်ရစ်ခဲ့၏။

သူတို့နှစ်ဦး လွတ်လွတ်လပ်လပ် တွေ့ဆုံစကားပြောခွင့်ရရန်အတွက် စိုပြေ ရှောင်ပေးတာမှန်း ဆက်ပိုင်မှူးက သိသည်။ ဒါနှင့်များ ငါ့ကို သူငယ်ချင်းစာရင်းက ထုတ်ပယ်သတဲ့လား စိုပြေရယ် ... ။

ဆက်ပိုင်မှူး ဝမ်းနည်းဝမ်းသာ ဖြစ်သွားသည်။

အခန်းထဲရောက်သောအခါ ...

မျက်ဝန်းတစ်ဝိုက်မှာ ပတ်တီးဖြူတွေနှင့် ရွှေသဲဖြူသည် လက်ကလေးနှစ်ဖက်ကို ရင်ဘတ်ပေါ်တင်ပြီး ပိတ်ဖြူစခင်းထားသော ခုတင်ထက်မှာ ငြိမ်သက်စွာ ရှိနေပါ၏။

ဆက်ပိုင်မှူး ရင်ထဲမှာ ဆို့ကြပ်သွားသည်။

''ရွှေသဲ''

ဆေးအရှိန်ဖြင့် မှိန်းနေပုံရသည့် ကိုယ်လုံးလေး ညင်သာစွာ လှုပ်လွန့်လာသည်။

''ဆက် ... ဆက်ပိုင် ... ဆက်ပိုင်လားဟင်''



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ကမ္ဘာကိုသာ မြင်နေရမည့် ကောင်မလေးက လက်ချောင်းလေးတွေ တခါခါနှင့် ... ။ ဆက်ပိုင်မှူး ခုတင်အစပ်မှာ ဝင်ထိုင်ပြီး သူမ၏လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

''ဟုတ်ပါတယ် ရွှေသဲ။ ငါ ဆက်ပိုင်ပါ''

''ဆက်ပိုင်ရယ် ... နင်ကလည်း ခရီးသွားတာ ကြာလိုက်တာဟာ။ အခုမှပဲ ပြန်လာတော့တယ်''

ဆက်ပိုင်မှူး မျက်ရည်တွေ စီးကျလာသည်။ သို့သော် ... ရှိုက်သံမထွက်အောင်ထိန်း၍ ...

''ဟုတ်တယ် ရွှေသဲ။ ငါ အခုမှ ပြန်ရောက်တာ။ ရောက်ရောက်ချင်း နင့်ဆီကို ငါ တမ်းလာခဲ့တာဟ''

ရွှေသဲဖြူက သူမလက်တွေကို ဆုပ်ကိုင်ထားသော ဆက်ပိုင်မှူး၏ လက်နှစ်ဖက်အား တင်းတင်းကျပ်ကျပ် ပြန်လည်ဆုပ်ကိုင်ကာ ...

''ငါ ငိုချင်လိုက်တာ ဆက်ပိုင်ရယ်။ ဒါပေမဲ့ ငါ့ဘဝက အခုအချိန်မှာ မျက်ရည်ကျဖို့တောင် မလွယ်တဲ့ ဘဝပါဟာ''

''ဖြစ်ပြီးတာက ဖြစ်ပြီးသွားပြီပဲ ရွှေသဲရယ်။ ဝမ်းနည်းစရာတွေ တွေးမနေပါနဲ့။ အဲ့ဒါဆို နင် စိတ်ပင်ပန်းရုံပဲ ရှိမှာပေါ့''

ရွှေသဲဖြူက ယဲ့ယဲ့လေးပြုံးပြီး ...

''ဆက်ပိုင် ... ငါတို့သုံးယောက် ဆယ်တန်းအောင်တဲ့နေ့တုန်းက ပြောခဲ့ကြတာ မှတ်မိသေးလား''

''ဘာလဲဟင် ရွှေသဲ''

''ငါတို့ကြီးလာရင် ဘာတွေလုပ်ကြမလဲဆိုတာလေ။ အဲဒီတုန်းက နင်က သံရုံးမှာ သံအမတ်ကြီးလုပ်မယ်လို့ ပြောတယ်။ စိုပြေကတော့ စာရေးဆရာလုပ်မယ်လို့ပြောတယ်။ ငါကတော့ ဘွဲ့ရရင် ဒီပလိုမာဆက်တက်ပြီး ကျူတာဆရာမလုပ်မယ်လို့ ပြောခဲ့တာလေ။ အခုအတိုင်းဆို



www.burmeseclassic.com

www.burmeseclassic.com



ငါ ဆရာမ ဘယ်ဖြစ်တော့မလဲနော်''

ဆက်ပိုင်မှူး မျက်ရည်တွေ ထိန်းမရတော့ ...။ သူ့လက်နှစ်ဖက်ကို ရွှေသဲဖြူက ဆုပ်ကိုင်ထားတာကြောင့် သုတ်ခွင့်မရသည့် မျက်ရည်တွေက သူ့ပါးနှစ်ဖက်ပေါ်မှ ဖြတ်၍ ရင်ဘတ်ပေါ်သို့ တစ်စက်ပြီးတစ်စက် ပြုတ်ကျနေသည်။

''အားမငယ်ပါနဲ့ ရွှေသဲရယ်။ နင် ကံကောင်းမှာပါ''

စကားပြောသောအခါ မျက်ရည်တွေက ပါးစပ်ထဲအထိ ဝင်လာသည်။ သို့သော် ... ရွှေသဲဖြူ ရိပ်မိသွားမှာ စိုးသောကြောင့် သုတ်ဖို့ မကြိုးစား ...။

''နင်နဲ့ စိုပြေလည်း ရန်မဖြစ်နဲ့တော့နော်။ နင်တို့ရန်ဖြစ်ရင် ငါက အရင်လို ဝင်ဆွဲပေးနိုင်မှာ မဟုတ်တော့ဘူးဟ။ ငါတို့သုံးယောက် သူငယ်ချင်းလိုပဲ အမြဲတမ်း ချစ်ချစ်ခင်ခင် နေသွားကြမယ်လေဟာ ... နော် ...''

''အေးပါ ရွှေသဲရယ်။ ငါနဲ့ စိုပြေလည်း အခုတည့်သွားပါပြီ။ ငါတို့နှစ်ယောက် ရန်မဖြစ်ကြတော့ပါဘူး''

ပေါက်ကွဲထွက်လုမတတ် ဆက်ပိုင်မှူး ရင်ဘတ်ထဲမှာ မွန်းကြပ်ဆို့နင့်လာသည်။ ကြာလျှင် ရှိုက်သံတွေကို သူ တားဆီးထိန်းချုပ်နိုင်စွမ်းရှိမှာ မဟုတ်တော့ ...။

ထိုအချိန်မှာပဲ တာဝန်ကျ သူနာပြုဆရာမက လူနာဆောင်ထဲ ဝင်လာသည်။ ဒါကြောင့် ရွှေသဲဖြူ အနားမှခွာကာ မျက်ရည်တွေသုတ်ပြီး ဆက်ပိုင်မှူး အပြင်သို့ ထွက်လာခဲ့တော့၏။

စင်္ကြံလမ်းပေါ်မှာ ငူငူငိုင်ငိုင်နှင့် ရပ်နေသော စိုပြေအနားသို့ ရောက်သောအခါ ...

''ငါ သွားတော့မယ် စိုပြေ။ မင်း ရွှေသဲကို စောင့်ရှောက်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ကွာ။ သူ အမြဲတမ်းပျော်အောင် အတတ်နိုင်ဆုံး ဖန်တီးပေးလိုက်ပါ”

ထိုမျှသာပြောပြီး ဆက်ပိုင်မှူး ထွက်သွားလေသည်။ စိုပြေကတော့ ငိုထားပုံရသည့် နီမြန်းမို့အစ်နေသော မျက်နှာထားနှင့် အသံတွေ အက်ကွဲတုန်ယင်နေသော ဆက်ပိုင်မှူး၏ ကျောပြင်ကိုကြည့်ကာ ဇဝေဇဝါများစွာဖြင့် ကျန်ရစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အနီရောင်ပြိုင်ကားတစ်စီးသည် လမ်းပေါ်မှာ တရိပ်ရိပ်ပြေးလွှားနေသည်။

ကားမောင်းနေရင်း ဆက်ပိုင်မှူး၏အာရုံထဲမှာ အတိတ်ကပုံရိပ်တွေကို ပြန်လည်မြင်ယောင်နေမိ၏။ သူတို့သူငယ်ချင်းသုံးယောက်ငယ်စဉ်တုန်းက အတူတကွ သွားလာလှုပ်ရှားခဲ့ပုံတွေ၊ တစ်ယောက်ကို တစ်ယောက် အနစ်နာခံကာ ပေးဆပ်ကာကွယ်ခဲ့ပုံတွေကို ပြန်လည်သတိရနေမိသည်။

မိန်းကလေးဖြစ်သော ရွှေသဲဖြူက သူတို့နှစ်ယောက်အပေါ်မှာ နည်းနည်းတော့ ဗိုလ်ကျချင်၏။

တစ်နေ့ ...

''ငါ အုန်းသီးစားချင်တယ်။ အဲ့ဒါ နင်တို့နှစ်ယောက် တစ်ယောက်က အုန်းသီးခူးပေးပြီး တစ်ယောက်က အုန်းသီးခွဲပေး''

''နင်ကကော ဘာလုပ်မှာလဲ''

''ငါက နင်တို့ ခူးပြီးခွဲပြီးသား အုန်းရေကိုသောက်ပြီး အုန်းသီးအနှစ်ကို စားမယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



''ဟင် ... ဒါဆို ငါတို့က ဘာစားရမှာလဲ''

''တစ်ယောက်က အုန်းဆံဖတ်ကို စားပြီး တစ်ယောက်က အုန်းမှုတ်ခွက်ကို စားပေါ့ဟဲ့''

ရွှေသဲဖြူက အဲဒီလိုမျိုး ... ။

စိုပြေက အုန်းသီးခွဲရန် တာဝန်ယူသဖြင့် သူက အုန်းပင်တက်ရသည်။ အုန်းသီးနုနုတစ်လုံးကို ချူးပြီး အုန်းပင်ပေါ်မှ သူ ပြန်အဆင်း ...

''ဟာ ... ''

''ဆက်ပိုင်''

လက်ချော်ပြီး ဟန်ချက်ပျက်ကာ အုန်းပင်ပေါ်မှ သူ ပြုတ်ကျသည်။ အုန်းပင်က မြင့်သဖြင့် သွားပြီ ... ဟု ထင်လိုက်မိ၏။

သို့ရာတွင် ...

''အင့်''

''ဟာ''

နူးညံ့သော အထိအတွေ့နှင့်အတူ သူ ပက်လက်လန်လဲကျသွား၏။ ကြည့်လိုက်တော့ သူ့အောက်မှာ ပိနေတာက ကိုပြေနှင့် ရွှေသဲဖြူ။

သူ ပြုတ်အကျမှာ စိုပြေနှင့် ရွှေသဲဖြူက အောက်မှဆီးဖမ်းလိုက်တာ ဖြစ်သည်။ အရှိန်နှင့်ကျလာသော ခန္ဓာကိုယ်ကို မနိုင်သဖြင့် သုံးယောက်စလုံး လဲပြိုသွားရခြင်းပင်။

အဲဒီတုန်းက သူတို့နှစ်ယောက် ထိခိုက်ဒဏ်ရာတွေ ရသွားပေမယ့် သူ ဘာမှ မဖြစ်သောကြောင့် မျက်ရည်လေးတွေ ဝိုင်းလျက်နှင့်ပင် စိုပြေနှင့်ရွှေသဲဖြူ ပျော်နေကြသည်။

သူတို့သုံးယောက်ကြားမှာ အဲဒီလိုမျိုး တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် အနစ်နာခံကာ ပေးဆပ်ကာကွယ်ခဲ့ကြသည့် အချက်တွေက အများကြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူနာဆောင်မှာ ဆရာဝန်ကြီးနှင့် ပြောဆိုခဲ့သည့် စကားသံတွေကို ကြားယောင်မိပြန်သည်။

"လူနာရဲ့မျက်လုံးအခြေအနေက မျက်ကြည်လွှာ အစားထိုးကုသမှု ပြုရင်တော့ ပြန်ကောင်းလာနိုင်ပါတယ်။ ဒါပေမဲ့ အခု လောလောဆယ် မျက်ကြည်လွှာအလှူရှင်က မရှိသေးဘူးဖြစ်နေတယ်"

"အဲ့ဒါဆို ကျွန်တော်လှူမယ် ဆရာ။ ကျွန်တော့်မျက်ကြည်လွှာကို ယူပါ"

"အသက်ရှင်လျက်ရှိတဲ့ လူတစ်ယောက်ရဲ့ မျက်ကြည်လွှာကို ကာယကံရှင်ကိုယ်တိုင်က ကြည်ကြည်ဖြူဖြူပေးရင်တောင် ယူပိုင်ခွင့်မရှိပါဘူး။ သေဆုံးပြီးသားလူ ဖြစ်ရင်တောင်မှ အဲဒီသေဆုံးသူဟာ သူ့ရဲ့မျက်ကြည်လွှာကို တရားဝင် လှူဒါန်းထားတာမျိုးမဟုတ်ရင် ယူပိုင်ခွင့်မရှိပါဘူး။ မသေဆုံးခင်ကတည်းက မျက်ကြည်လွှာကို ဌာနမှာ တရားဝင်လှူဒါန်းထားမှသာလျှင် သေဆုံးတဲ့အခါ အသုံးပြုပိုင်ခွင့်ရှိတာပါ။ ဒါတောင်မှ အလှူရှင်သေဆုံးပြီး လေးနာရီအတွင်းမှာ မျက်ကြည်လွှာကို အရယူနိုင်မှ အသုံးပြုလို့ရတာ ... ။ ဒါကြောင့် ... မျက်ကြည်လွှာ အစားရဖို့ဆိုတာ အင်မတန် ခဲယဉ်းပါတယ်။ လူနာရဲ့ကံကြမ္မာပဲပေါ့လေ"

"အဲဒီလို ... မျက်ကြည်လွှာ လှူလို့ရတဲ့ဌာနက ... ဘယ်မှာလဲ ဆရာ"

ဆက်ပိုင်မှူး ကားကိုအရှိန်မြှင့်လိုက်သည်။

"ဆက်ပိုင် ... နင် ကားကို အရမ်းအမြန်မမောင်းနဲ့ဟ ... ။ အန္တရာယ်များတယ်"

နားထဲသို့ အသံတစ်ခု တိုးဝင်လာသည်။ မျက်ဝန်းထောင့်မှာ မြင်ရတာက သတိပေးစာတမ်းလေးတစ်ခု ... ။

တစ်နာရီမိုင်ခြောက်ဆယ်နှုန်းဖြင့် မောင်းလျှင် ... သေးရုံဆေးခန်း



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်ဖူးလိမ့်မည်။

တစ်နာရီမိုင်ရှစ်ဆယ်နှုန်းဖြင့် မောင်းလျှင် ... အချုပ်ခန်းအကျဉ်းထောင်သို့ ရောက်ဖူးလိမ့်မည်။

တစ်နာရီမိုင်တစ်ရာနှုန်းဖြင့် မောင်းလျှင် ... သုသာန်သင်္ချိုင်းသို့ ရောက်ဖူးလိမ့်မည်။

''ဟယ်လို ... ဆေးရုံကလား''

ဆက်ပိုင်မှူး ဖုန်းခေါ်လိုက်သည်။

''×××××လမ်းမှာ လူတစ်ယောက် လမ်းဘေးသစ်ပင်ကိုဝင်တိုက်မိပြီး ကားအက်စီးဒင့်ဖြစ်တာ နေရာမှာတင် ပွဲချင်းပြီးဆုံးသွားတယ်။ အဲဒီလူက သူ့မျက်ကြည်လွှာကို လှူထားတာ။ သူမသေခင် သူ့ရဲ့မျက်ကြည်လွှာကို ဆေးရုံမှာ အခုလက်ရှိတက်နေတဲ့ ရွှေသဲဖြူဆိုတဲ့ လူနာကို ပေးလိုက်ပါလို့ မှာခဲ့တယ်ခင်ဗျ။ အဲ့ဒါကြောင့် မျက်ကြည်လွှာယူဖို့အတွက် အခုချက်ချင်း အချိန်မီ အမြန်လာခဲ့ပါ''

မလှမ်းမကမ်းတွင် သစ်ပင်တစ်ပင် ...

ကား၏အရှိန်က တရိပ်ရိပ်နှင့် မြန်သထက် မြန်လာသည်။ တစ်နာရီ မိုင်ခြောက်ဆယ်မှ ... တစ်နာရီ မိုင်ရှစ်ဆယ် ... ။

ထိုမှ ... မိုင်တစ်ရာကျော် ...

စတီယာရင် ကိုင်ရမည့် လက်နှစ်ဖက်က အသာအယာ ပိတ်ထားသော မျက်လုံးအစုံအား ကျစ်ကျစ်ပါအောင် အုပ်လျက် ... ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

''ရွှေသဲဖြူအတွက် မျက်ကြည်လွှာ အလှူရှင်ပေါ်ပြီ ... ''

သူနာပြုဆရာမလေး၏ သတင်းပေးမှုကြောင့် သူတို့အားလုံး ပျော်သွားကြသည်။ ရွှေသဲဖြူ၏ မိဘနှစ်ပါးမျက်နှာမှာ အပြုံးတွေ တဝေဝေနှင့် ...။

ကာယကံရှင် ရွှေသဲဖြူကတော့ ဝမ်းသာလွန်းသဖြင့် ကတုန်ကယင်ပင် ဖြစ်နေသည်။

''ဒီလိုဆို သမီးမျက်လုံးတွေ ပြန်မြင်ရတော့မှာပေါ့နော်''

''ဒါပေါ့ သမီးရဲ့။ သမီးရဲ့မျက်လုံးတွေ မကြာခင် ပြန်မြင်ရတော့မှာ''

''ဖွဲ့မျက်လုံးတွေ ပြန်မြင်ရတော့မယ်တဲ့ စိုပြေရဲ့။ နင် ဝမ်းမသာဘူးလားဟင်''

''ဝမ်းမသာဘဲ နေမလား ရွှေသဲရ။ ဝမ်းသာတာပေါ့''

''ဆက်ပိုင်သိရင်လည်း ဝမ်းသာမှာဟ။ နင် ဆက်ပိုင်ကို ဒီအကြောင်း သွားပြောပေးပါလား။ သူကိုပါ ဒီခေါ်လာခဲ့ဟာ ... နော်''

''အေးပါ။ ငါ သွားလိုက်ပါ့မယ်''

လူနာဆောင်ထဲမှ စိုပြေ ထွက်လာခဲ့သည်။ ဒီအချိန်မှာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



တွေ ပျော်နေကြပေမယ့် မျက်ကြည်လွှာအလှူရှင်၏ မိသားစုကတော့ သူတို့သွေးသားသေဆုံးမှုအတွက် ဝမ်းနည်းပူဆွေးနေကြလိမ့်မည်ဟု တွေး မိလိုက်၏။

မျက်ကြည်လွှာ အလှူရှင် ကောင်းရာဘုံဘဝကို ရောက်ရှိပါစေ ဟု စိတ်ပြေ ဆုတောင်းပေးလိုက်ပါသည်။

ဆေးရုံဝင်းအတွင်း တစ်နေရာအရောက် ...

လူနာတင်ယာဉ်ပေါ်မှ ပိတ်ဖြူစအုပ်ထားသော လူတစ်ယောက် ကို ထမ်းစင်နှင့် သယ်ဆောင်လာတာ တွေ့မြင်လိုက်ရသည်။

''အဲ့ဒါလေ ... မျက်ကြည်လွှာအလှူရှင်ဆိုတာ''

အနီးအနားမှ ဖြတ်သွားဖြတ်လာတို့၏ ပြောသံတွေအား ကြား နေရသည်။

''တကယ် အံ့ဩဖို့ကောင်းတဲ့လူဗျာ။ ဒီလောက်ကားတစ်စီး လုံး ကြေမွသွားတာတောင်မှ သတိက မလွတ်ဘူး။ လှူထားတဲ့ သူ့မျက် လုံးတွေ ဘာမှမဖြစ်အောင် လက်နှစ်ဖက်နဲ့ အုပ်ထားတာဗျ။ ကျွန်တော် တို့တောင် လက်တွေကို မနည်းဆွဲခွာရတယ်''

''သူ့ဆွေမျိုးသားချင်းတွေ မသိသေးဘူးထင်တယ်။ အနားမှာ အပြင်လူတစ်ယောက်မှ မတွေ့ဘူး''

''ကားဒက်ရှ်ဘုတ်ထဲက တွေ့တဲ့ မှတ်ပုံတင်နဲ့ ယာဉ်မောင်း လိုင်စင်မှာတော့ နာမည်နဲ့ လိပ်စာပါတယ်ဗျ။ တစ်ယောက်ကို အကြောင်း ကြားနိုင်းထားတယ်''

''နာမည်က ဘယ်သူတဲ့လဲ''

''အဲ ... ဘာဆိုလဲဗျာ ... မေ့တောင်သွားပြီ။ အသက်ကတော့ ငယ်ငယ်လေးပဲ ရှိသေးတယ်ဗျ။ နှမြောဖို့တောင်ကောင်းတယ်''

စကားပြောနေသူတွေ တဖြည်းဖြည်း အဝေးရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်နားထောင်နေသော စိုပြေလည်း ကိုယ့်လမ်းကိုယ် ဆက်လျှောက်လိုက်၏။

ဆေးရုံဝရောက်သောအခါမှ ...

စိတ်၏လှုံ့ဆော်မှုကြောင့် ရွှေသဲဖြူ၏ကျေးဇူးရှင်ဖြစ်သော မျက်ကြည်လွှာအလှူရှင်၏ မျက်နှာကို ကြည့်ချင်လာသည်။ သူ့မိသားစုဝင်တွေလည်း မရောက်သေးသဖြင့် လိုအပ်သော အကူအညီရှိလျှင် ဆောင်ရွက်ပေးနိုင်ရန်အတွက် စိုပြေ လှည့်ပြန်လာခဲ့၏။

"ခုနက မျက်ကြည်လွှာအလှူရှင်ကို ဘယ်သယ်သွားတာလဲ ခင်ဗျ"

"အော်ပရေးရှင်းခန်းကိုပဲ သွားတာဖြစ်မှာပေါ့"

"အော်ပရေးရှင်းလုပ်မှာက ဘယ်အဆောင်မှာလဲ"

"ဟိုဘက်မှာ"

ဆေးရုံမှ ဝန်ထမ်းတစ်ဦးကို မေးပြီး စိုပြေ လိုက်သွားလိုက်သည်။ ခြေလှမ်းတွေကို ခပ်သွက်သွက်လှမ်းလိုက်၏။

အော်ပရေးရှင်းအခန်းရှေ့ရောက်သောအခါ ...

"ခုနက သယ်လာတဲ့ မျက်ကြည်လွှာအလှူရှင်ကို ဘယ်ပို့လိုက်တာလဲဟင်"

မမြင်သဖြင့် အနားမှာတွေ့သည့် သူနာပြုတစ်ဦးအား မေးလိုက်သည်။ သူနာပြုဆရာမက ...

"အထဲမှာ အော်ပရေးရှင်း စနေပြီရှင့်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ကြည်လွှာ အလှူရှင်၏ ဆွေမျိုးသားချင်းတွေ ရောက်မလာကြသေး ... ။ သွားရောက်အကြောင်းကြားသည့်အချိန်နှင့် ဆေးရုံကို အလာမှာ ကြန့်ကြာနေပုံရသည်။

အော်ပရေးရှင်းအခန်းရှေ့မှာ စိုးပြေထိုင်စောင့်နေလိုက်ပါသည်။ နာရီဒိုင်ခွက်ပေါ်မှ သံချောကိန်းဂဏာန်းတွေ တဖျတ်ဖျတ် ပြောင်းလဲလှုပ်ရှားနေကြချေ၏။

အချိန်အတော်အတန် ကုန်လွန်ပြီးဆုံးသောအခါ ...

အော်ပရေးရှင်းခန်းတံခါးပွင့်ပြီး ဆရာဝန်အချို့နှင့် သူနာပြုအချို့ထွက်လာကြသည်။ ခဏကြာတော့ ... ပိတ်ဖြူအုပ်ထားသော အသက်မဲ့ခန္ဓာကို တင်ဆောင်လျက် လက်တွန်းလှည်းငယ်တစ်စီး ထွက်လာသည်။

"ဒီမှာ တစ်ယောက် စောင့်နေတယ်။ ဘာတော်လဲတော့ မသိဘူး"

သူနာပြုဆရာမက ပြောသည်။ စိုးပြေက ...

"မျက်ကြည်လွှာအစားထိုးကုသမှုခံယူမယ့် လူနာရဲ့သူငယ်ချင်းပါ ခင်ဗျ။ ကျွန်တော့်သူငယ်ချင်းရဲ့ ကျေးဇူးရှင်မျက်နှာကို ကြည့်ခွင့်ပြုပါ။ သူ့အတွက် လိုအပ်တာရှိရင်လည်း ပြောပါ။ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုလောလောဆယ်တော့ ဘာမှ မလိုအပ်သေးပါဘူး ... ။ အကြောင်းကြားထားတာကြောင့် မကြာခင် သေဆုံးသူရဲ့မိသားစုဝင်တွေ ရောက်လာကြတော့မှာပါ။ အဲဒီတော့မှ ကျေးဇူးတင်စကားပြောရင်းနဲ့ တတ်နိုင်သလောက် လိုအပ်တဲ့အကူအညီ ပေးလိုက်ပေ့ါ။ အက်စီးဒင့်ဖြစ်တာဆိုတော့ စစ်ချက်ယူဖို့အတွက် အလောင်းကို ရင်ခွဲရုံပို့ရဦးမှာ။ ကြည့်ချင်ရင်တော့ ခဏကြည့်လေ"

လက်တွန်းလှည်းအားရပ်၍ မျက်နှာပေါ်မှ ဖုံးအုပ်ထားသော အဝတ်စကို လှပ်ပြသည်။ စိုပြေ ရဲရဲတင်းတင်း အနားသို့ တိုးကပ်၍ကြည့်လိုက်၏။

ထိုအခါ ... မြင်လိုက်ရသည်မှာ ...

"တင် ... ဆက်ပိုင်"

ကမ္ဘာလောကကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားသလို ထိတ်လန့်တကြား ခံစားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စဟာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးလို့ ကျွန်မ ထင်ပြီး သားပါ။ သူ့မိဘတွေသိရင် ပိုခံစားရမှာစိုးလို့သာ ဘာမှမပြောတာ။ ဆက်ပိုင်ဟာ ရုတ်တရက် မျက်ကြည်လွှာ လှူဒါန်းထားသူဆိုတာ သိလိုက်ရ ကတည်းက ကျွန်မ မသင်္ကာတာ ...။ အခု ဆရာဝန်ကြီးရဲ့ ပြောစကား တွေအရဆို ပိုသေချာသွားပြီပေါ့"

ဆေးရုံဆရာဝန်ကြီးထံမှ ပြန်အလာ ... စကြီလမ်းပေါ်မှာရပ်၍ ဆွိတီသက်ပိုင်လွင်က ပြောသည်။

စိုပြေကတော့ တုံ့ပြန်စကားမဆိုဘဲ ... ရပ်ဆိုင်းခြင်းမရှိသေးသည့် မျက်ရည်တွေကိုသာ အခါခါသုတ်နေသည်။

"ဆက်ပိုင်ဟာ ရှင်တို့နှစ်ယောက်အပေါ်မှာ အရမ်းသံယောဇဉ်ကြီးတာပါရှင်။ ရွှေသဲဖြူကို သူ ဘယ်လောက်ချစ်တယ်ဆိုတာလည်း အခု လုပ်ရပ်ကသက်သေပဲ ...။ သူ့အိမ်ကို ဖုန်းနဲ့ကား အတင်းဝယ်ခိုင်းတာ ကလည်း ရွှေသဲဖြူကြောင့်ပါပဲ။ ရွှေသဲဖြူကို လိုက်နေတဲ့ ကိုကျော်ဇေယျ က ဖုန်းနဲ့ကားရှိတာကြောင့် သူလည်း အပြိုင်လိုက်ဝယ်ခဲ့တာ ...။ ဒါပေမယ့် ... ရှင် ရွှေသဲဖြူကို ချစ်နေမှန်းသိတော့ သူ ချစ်လျက်နဲ့ နောက်ဆုတ်ပေးခဲ့တာ။ သူ အနားမှာ မရှိရင် ရှင်တို့နှစ်ယောက် အဆင်ပြေသွားကြမှာပဲလို့ ယူဆပြီး ကျွန်မနဲ့ ဟန်ပြတွဲနေတာ။ ကျွန်မကလည်း လူကြီးချင်း

www.burmeseclassic.com



ရင်းနှီးတာကတစ်ကြောင်း။ သူကလည်း အတင်းအကျပ် အကူအညီ တောင်းတာကြောင့် ကူညီဖြစ်ခဲ့တာပါ''

ဆွိတီသက်ပိုင်လွင်က စိုပြေကိုကြည့်ပြီး ...

''ရှင့်ကို ဆက်ပိုင် လက်သီးနဲ့ထိုးတယ်ဆိုတာကလည်း ထိုးချင်လို့ ထိုးတာမဟုတ်ပါဘူး။ သူ့ကို နာကျည်းမုန်းတီးပြီး ရှင့်ရင်ထဲက အချစ်တွေ ပွင့်ထွက်လာစေချင်လို့ ... မထိုးရက်ဘဲ ထိုးရတာပါ ... တဲ့ ... ။ ရွှေသဲဖြူကို စွပ်စွဲတာကလည်း သူ့စကားတွေကို မခံချင်ဖြစ်ပြီး ရှင့်ကို ချစ်တယ်လို့ပြောအောင် တမင်လုပ်တာ။ စိမ်းလန်းမှာ ရှင်တို့သုံးယောက် ပြဿနာဖြစ်ပြီး နောက်တစ်နေ့မှာ သူခရီးထွက်သွားတယ်ဆိုတာကလည်း တမင်ရှောင်ပေးတာပါပဲ။ ရွှေသဲဖြူအချစ်ကိုရအောင် ရှင့်ဘက်က တစ်နည်းနည်းနဲ့ စလှုပ်ရှားတော့မယ်ဆိုတာ သိလို့ သူမရှိရင် ပိုလွယ်ကူအောင်ဆိုပြီး ထွက်သွားတာပါ''

စကားကို ခဏရပ်၍ ဆွိတီသက်ပိုင်လွင် သက်ပြင်းချသည်။ ပြီးမှ အဝေးကိုငေးကာ ...

''ရွှေသဲဖြူ မျက်လုံးကွယ်သွားတယ်ဆိုတဲ့ သတင်းကိုကြားတော့ သူ အရမ်းတုန်လှုပ်သွားတာ။ ရွှေသဲဖြူနေရာမှာ သူသာဖြစ်လိုက်ချင်တယ်ဆိုတဲ့ စကားကိုပဲ တဖွဖွပြောနေတာ။ အဲဒီနေ့က ရှင် ရောက်လာတော့ သူနဲ့ကျွန်မ ရွှေသဲဖြူအတွက် ဘာလုပ်ပေးရင်ကောင်းမလဲလို့ တိုင်ပင်နေကြတဲ့ အချိန်ပေါ့။ ရွှေသဲဖြူကို သူ နစ်နစ်နာနာ ပြောလိုက်တာက ... ရှင် သူ့မျက်နှာကို လက်သီးနဲ့ ပြန်ထိုးအောင်လို့ တမင်ပြောလိုက်တာ။ နောက်မို့ဆို ရှင့်အပေါ်မှာ သူ အကြွေးတင်ကျန်နေမှာစိုးလို့ တဲ့ ... ''

စိုပြေ မျက်ရည်တွေ စီးကျလာပြန်သည်။ ရင်ထဲမှာလည်း ယူကျုံးမရစိတ်တွေ အရှိန်အဟုန်ပြင်းထန်နေသည်။ ကိုယ်ပိုင်ခံစားချက်အစစ်

www.burmeseclassic.com



အမှန်တွေကို ကွယ်ဝှက်ပြီး ဟန်ဆောင်ကောင်းစွာနှင့် ပေးဆပ်နေသော ဆက်ပိုင်အပေါ်မှာ သူ အထင်အမြင် လွဲမှားခဲ့မိ၏။

တကယ်တော့ ဆက်ပိုင်သည် ပြိုင်ဘက်ကင်းသော သူငယ်ချင်းကောင်းတစ်ယောက်သာလျှင် ဖြစ်ပါ၏။ ဒီဘဝမှာ ဆက်ပိုင်လို သူငယ်ချင်းမျိုး နောက်တစ်ယောက် ထပ်မရနိုင်တော့ ... ။

ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်းရယ် ... ။ မင်းဟာ ငါ့ရဲ့ထာဝရ သူငယ်ချင်းပါပဲ ... ။

ဆွိတ်ဘီဆက်ပိုင်လွင်နှင့်အတူ ရွှေသဲဖြူထံရောက်တော့ ...

''စိုပြေ ... ဆက်ပိုင်ကောဟင် ... ။ ဆက်ပိုင် မပါဘူးလား''

သူ့အသံကြားတာနှင့် ရွှေသဲဖြူက အငမ်းမရ မေးသည်။ စိုပြေ မငိုမိအောင် ထိန်းချုပ်လိုက်ပြီး ...

''ဆက်ပိုင်က သူ့မိဘတွေခိုင်းလို့ အလုပ်ကိစ္စတစ်ခုနဲ့ အရေးတကြီး ခရီးထွက်သွားရတယ်ဟ။ ဖုန်းလှမ်းဆက်တော့ ဒီတစ်ခေါက် သူ တော်တော်ကြာလိမ့်မယ်လို့ ပြောတယ်။ နင့်မျက်လုံးတွေ ပြန်မြင်ရတော့မယ်ဆိုတာ သိတော့ သူ အရမ်းဝမ်းသာသွားတာဟ။ အလုပ်ကိစ္စပြီးတာနဲ့ အမြန်ဆုံး ပြန်လာခဲ့မယ်လို့ ပြောတယ်''

''အဲဒီဆက်ပိုင်ကလေ ... ကျောင်းကောတက်ဦးမှာလား မသိဘူး။ အလုပ်ပဲလုပ်နေတယ်။ ဒီအတိုင်းဆို သံအမတ်ဖြစ်ပါလိမ့်မယ် ... အားကြီးကြီး ... ။ လာမှ နားရွက်ဆွဲပြီး ထိပ်ခေါက်ပစ်လိုက်ဦးမယ်။ စိုပြေ ... နင်လည်း ကျောင်းပျက်တာတွေ များနေပြီ။ တော်ကြာ ကျောင်းခေါ်ချိန် မပြည့်လို့ စာမေးပွဲမဖြေရဘဲ ဖြစ်နေဦးမယ်။ နောက်နေ့ကစပြီး ကျောင်းပြန်တက် ... ကြားလား ... ''

''အေးပါ ရွှေသဲရယ် ... ငါ ကျောင်းပြန်တက်ပါ့မယ်''

ထိန်းချုပ်၍ မရတော့ဘဲ စိုပြေ မျက်ရည်တွေ ဝိုစ်ရှိန်ထိုး စီးကျ

www.burmeseclassic.com

www.burmeseclassic.com



လာတော့သည်။ ရွှေသဲဖြူက မမြင်ရလို့ မသိပေမယ့် အခြေအနေအရပ်ရပ်ကို သိပြီး မြင်နေရသော ဆွိတီသက်ပိုင်လွင် ရင်ထဲမှာတော့ ... အချစ်ကြီးလှသော သူငယ်ချင်းသုံးယောက်၏ အဖြစ်ကိုကြည့်ပြီး နင့်နင့်နဲနဲ ထိခိုက်ခံစားရလေသည်။

သူမကို မျက်ကြည်လွှာ လှူဒါန်းသည့် အလှူရှင်မှာ ဆက်ပိုင်မှူး ဆိုတာသာသိလျှင် ... ရွှေသဲဖြူ ဘယ်လို ခံစားရမလဲ ... ။

ရွှေသဲဖြူ မျက်လုံးတွေ ပြန်မြင်ရတော့မှာမို့ ဝမ်းသာရသော်လည်း ထိုအတွက် ဆက်ပိုင်မှူးအသက်ဆုံးရှုံးခဲ့ရခြင်းအဖြစ်ကြောင့် စိုပြေ ဖြေမဆည်နိုင်အောင် ဖြစ်နေရသည်။

ဆက်ပိုင်မှူးသည် ကြောက်စရာကောင်းသော ပေးဆပ်ခြင်းအတွက် ကြီးပြင်းလာသော အံ့ဖွယ်လူသားတစ်ယောက်ဟု ဆိုလျှင် မှားမည် မထင်ပါ။

ဝဋ်ကြွေးရှိရင် ဒီဘဝဒီမျှနှင့်ပဲကျေပါစေ ... ဟု စိုပြေ ငိုကြွေးရင်း ဆုတောင်းပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(နိဂုံး)

အုံ့ဆိုင်းမှိုင်းဝေနေသော သချိုင်းမြေပေါ်ရှိ အုတ်ဂူဖြူလေးတစ်လုံးရှေ့တွင် ... ဆောက်တည်ရာမဲ့ ရပ်နေသော ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် ရှိပါသည်။

သူတို့နှစ်ဦးကို မြင်ရသည်မှာ ...

အကြောင်းသိသူများအဖို့ဆိုလျှင် ထောင့်တစ်ထောင့်ကျိုးပဲ့နေသော တြိဂံတစ်ခုပမာ လိုအပ်လစ်ဟာခြင်း ဝေဒနာကို ခံစားရပေလိမ့်မည်။

ကောင်မလေး၏မျက်ဝန်းအစုံမှာ မျက်ရည်တွေနှင့် ...

ကောင်လေးကတော့ အံကို ခပ်တင်းတင်း ဖိကြိတ်လျက် ...

"နင် ဆေးရုံတက်နေတဲ့ ရက်မှာပဲ ကားအက်စီးဒင့်ဖြစ်ပြီး ဆက်ပိုင် ဆုံးသွားတာ။ နင်သိရင် စိတ်မကောင်းဖြစ်ပြီး မျက်လုံးကို ထိခိုက်နေမှာ စိုးတာကြောင့် ... အခု ပတ်တီးဖြည်ပြီး နင့်မျက်လုံးတွေ ပြန်ကောင်းလာမှ ပြောပြတာပါ"

"ဆက်ပိုင်ရယ် ... နောက်ဆုံးအချိန်မှာတောင် နင့်ရဲ့မျက်နှာကို ငါ မမြင်လိုက်ရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးအသံတွေ အက်ကွဲလှုပ်ခါနေသည်။ သူမ အခု ကြည့်မြင်နေရသော အမြင်တို့၏ အလှူရှင်မှာ သူမရှေ့ရှိ အုတ်ဂူထဲမှ အရိုးပြာအိုးလေး၏ ခန္ဓာပိုင်ရှင်ဆိုတာ သိလျှင် သူမ ရူးမတတ်ဖြစ်သွားမှာ သေချာသည်။

ဒါကြောင့်မို့ ... အားလုံးတိုင်ပင်ဆုံးဖြတ်ပြီး သူမအား အဖြစ်မှန်မပြောဘဲ ဖုံးကွယ်ထားတာ ဖြစ်၏။

ကောင်လေးက ကောင်မလေးမျက်နှာကို မျက်ခြေမပြတ် အကဲခတ်လေ့လာနေသည်။ သူမ အမူအရာတည်ငြိမ်သလို ဖြစ်လာတော့မှ

''ရွှေသဲ ... ဆက်ပိုင်ရှိစဉ်တုန်းက ဆက်ပိုင်ရှေ့မှာပဲ နင့်ကိုငါ ချစ်ခွင့်ပန်ခဲ့ဖူးတယ်နော်''

ကောင်မလေးက ခေါင်းညိတ်ပြသည်။ ကောင်လေးက သက်ပြင်းချပြီး ...

''အခု ... ဆက်ပိုင်ရဲ့ အုတ်ဂူရှေ့မှာပဲ ငါပြောပါရစေ ...။ အဲဒီ ချစ်ခွင့်ပန်မှုကို ငါ့ဘာသာငါ ပြန်ရုပ်သိမ်းပါတယ် ရွှေသဲ''

အချစ်ဆိုသောအရာ၏ ဂယက်ကြောင့် ...

သူတို့သူငယ်ချင်းသုံးယောက် ပဋိပက္ခတွေ ဖြစ်ခဲ့ကြရသည်။ ကျော်ဇေယျနှင့် ဆက်ပိုင်မှူး သေဆုံးခဲ့ကြရသည်။ ရွှေသဲဖြူလည်း မျက်လုံး ခဏာကွယ်ခဲ့ရသည်။

ဒါကြောင့် ... အချစ်ဆိုသောအရာအား သူ ကြောက်လန့်သွားမိပါ၏။

ထို့ပြင် ...

အသက်ကိုပင် စတေးပေးဆပ်ထားသော ဆက်ပိုင်မှူးအား သူ ငဲ့ညှာရပါမည်။ ဆက်ပိုင်မှူး သက်ရှိထင်ရှားမရှိတော့ပေမယ့်၊ သူ့မျက်လုံး တွေ တပ်ဆင်ထားသော ရွှေသဲဖြူအား ချစ်သူတစ်ယောက်အနေနှင့်



www.burmeseclassic.com

www.burmeseclassic.com


လက်တွဲရမှာ စိုပြေ စိတ်မရဲပါ။

ရွှေသဲဖြူ၏ မိန်းမသားမာနနှင့် ဂုဏ်သိက္ခာကိုလည်း ဆည်း တွက်ရပါသေးသည်။

''ငါ ဒီလိုပြောတာဟာ နင့်ရဲ့ခံစားချက်ကိုလည်းရိပ်မိလို့ပါ။ နင်ဟာ ငါနဲ့ ဆက်ပိုင်အပေါ်မှာ ဘယ်သူနဲ့မှ မတူတဲ့ ခံစားမှုမျိုးရှိသလို၊ ဘယ်သူ့ကိုမှလည်း မပိုဘူးဆိုတာ ငါ အကဲခတ်မိပါတယ်။ အဲ့ဒါကြောင့် နင် အခက်အခဲမဖြစ်အောင် အကောင်းဆုံးလမ်းကို ရွေးချယ်လိုက်တာ ပါ''

ကောင်မလေးက ညင်သာစွာပြုံး၍ ...

''နင် ဘာကြောင့် ဒီစကားတွေ ပြောတယ်ဆိုတာ ငါ သဘော ပေါက်ပါတယ် စိုပြေ။ ဒါပေမဲ့ နင့်ရဲ့ ရွေးချယ်မှုဟာ မှန်ပါတယ်။ ဆက်ပိုင် မရှိတော့တာနဲ့ပဲ ငါဟာ နင်နဲ့ချစ်သူတွေ ဖြစ်သွားကြတယ်လို့ ပတ်ဝန်း ကျင်က ပြောလာမယ့် စကားသံတွေရဲ့ဒဏ်ကိုလည်း ငါ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ ဒါကြောင့် ငါတို့ရဲ့ အကောင်းဆုံး သူငယ်ချင်းဘဝလေးကိုပဲ ဆက်လက်ထိန်းသိမ်းထားလိုက်ကြရအောင် ... ။ ဆက်ပိုင် မဆုံးခင် ငါ့ ကို နောက်ဆုံးအကြိမ် လာတွေ့တုန်းကလည်း ... ငါတို့သုံးယောက် သူငယ်ချင်းလိုပဲ အမြဲတမ်း ချစ်ချစ်ခင်ခင် နေသွားကြမယ်လို့ ... သူ့ကို ငါ ပြောလိုက်ပါတယ်''

''အခုလည်းပဲ ငါတို့သုံးယောက်ဟာ အမြဲတမ်း သူငယ်ချင်း ပါပဲဟာ''

ကောင်လေးက ထိုစကားကို ကောင်မလေး၏ မျက်ဝန်းအစုံအား ကြည့်၍ ပြောလိုက်ခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးနှင့် ကောင်မလေးသည် လက်သန်းချင်းချိတ်ပြီး လက်သီးဆုပ်ကာ လက်မထိပ်ချင်း ထိတိုက်လိုက်ကြ၏။

သူတို့နှစ်ယောက် အနီးမှာ လိပ်ပြာလေးတစ်ကောင်က လူးလားပျံ့ဝဲလျက် ... ။



www.burmeseclassic.com

www.burmeseclassic.com



(ဖြေကြည့်ပါ)

အချစ်ဆိုတာ မသိချင်ယောင်ဆောင်ပြီး အရောတဝင်ကြာရှည်နေလို့ရတဲ့ အရာတစ်ခုလား ... ။

ရွှေသဲဖြူရဲ့သံယောဇဉ်ဟာ ဆက်ပိုင်မှုနဲ့ စိုပြေအပေါ်မှာ အတူတူပဲဆိုတာ ယုတ္တိရှိပဲ့မလား ... ။

စိုပြေဟာ သူ့ရင်ထဲက အချစ်တွေကို တစ်သက်လုံးပဲ အပြီးတိုင်သိမ်းဆည်းထားနိုင်လိမ့်မယ်လို့ ထင်မါသလား ... ။



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပစ်ပစ်များတဲ့ လောကမှာ လျှို့ဝှက်ချက်တစ်ခု ထာဝစဉ် ဖို့ဆိုတာ လွယ်ကူပါ့မလား ... ။

ဆက်ပိုင်မှုရဲ့ အပြင်းထန်ဆုံးဆန္ဒက ဘာလဲ ... ။

www.burmeseclassic.com

www.burmeseclassic.com



လူသုံးများတဲ့ အချစ်ဟာ
တစ်ခါတစ်ရံမှာ ကြောက်စရာကောင်းတဲ့
သဘာဝဘေးအန္တရာယ်တစ်မျိုးလည်း ဖြစ်တတ်ပါရဲ့။

လင်းညို့သွေး

www.burmeseclassic.com